# ကြေးမုံ
The Mirror Daily
Established in 1957

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ တနင်္လာနေ့။ Monday, 4 May 2020 ၁၀၀၀၂


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

## Covid နှင့်ပတ်သက်သည့် ပညာပေးညွှန်ကြားချက်များကို အသေအချာလိုက်နာရန်၊ ဒီတစ်ရက်၊ နှစ်ရက်အတွင်း Covid ငြိမ်နေလို့ မပေါ့ရန်နှင့် လုံးဝစိတ်ချရသည့်အခြေအနေက ဝေးသေးကြောင်း သတင်းစကားပါး

နေပြည်တော် မေ ၃

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid နှင့် ပတ်သက်သည့် ပညာပေးညွှန်ကြားချက်များကို အသေအချာလိုက်နာရန်၊ ဒီ တစ်ရက်၊ နှစ်ရက်အတွင်း Covid ငြိမ်နေလို့ မပေါ့ရန်နှင့် လုံးဝစိတ်ချရသည့် အခြေအနေက ဝေးသေးကြောင်း ၎င်း၏ ဖေ့စ်ဘွတ် စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် -

> **Covid နဲ့ ပတ်သက်တဲ့ ကျန်းမာရေးပညာ၊ စီးပွားရေးပညာတွေ ဒီလ အနည်းငယ်အတွင်း တိုးတက်လာပါတယ်။ ကျွန်မတို့တွေ သင်ယူအားကောင်းဖို့သာ လိုပါတယ်။ Covid နဲ့ပတ်သက်တဲ့ ပညာပေးညွှန်ကြားချက်တွေကို အသေအချာ လိုက်နာပါ။ ဒီ တစ်ရက်၊ နှစ်ရက်အတွင်း Covid ငြိမ်နေလို့ မပေ့ါပါနဲ့။ လုံးဝ စိတ်ချရတဲ့ အခြေအနေက ဝေးပါသေးတယ်။**
>
> **"မမေ့သော သတိဖြင့် ပြီးစီးပြည့်စုံ လုံခြုံအောင် စောင့်ထိန်းကြပါလေ။"**

ရန်ကုန်တိုင်း အချို့မြို့နယ်များအတွက် "stay at home" မိမိအိမ်တွင် မိမိနေကြရန် အမိန့်ကို ထုတ်ပြန်ခဲ့တာ (၂)ပတ်ရှိသွားပါပြီ။ ဒီကြားထဲမှာ နောက်ထပ် stay at home သတ်မှတ်ရတဲ့ မြို့နယ်တွေလည်း ပေါ်လာပါတယ်။ အစီအစဉ်ရဲ့ အကျိုးသက်ရောက်မှုတွေကို သုံးသပ်ပြီး ရှေ့ဘယ်လိုဆက်လုပ်သင့်တယ်ကို ဆုံးဖြတ်ရပါမယ်။

Covid ဟာ အားလုံးအတွက် မကြုံဖူးတဲ့ကိစ္စလို့ ပြောနိုင်ပေမဲ့ ပြဿနာဆိုတာကတော့ ကျွန်မတို့ အားလုံးကြုံခဲ့ဖူးတဲ့အရာပါ။ ပြဿနာဖြေရှင်းနိုင်ရေးအတွက် အဓိက လိုအပ်ချက်ကတော့ အခြေအနေကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ခြင်းပါပဲ။ အဲ့ဒါက ပညာပေ့ါ။

Covid နဲ့ ပတ်သက်တဲ့ ကျန်းမာရေးပညာ၊ စီးပွားရေးပညာတွေ ဒီလ အနည်းငယ်အတွင်း တိုးတက်လာပါတယ်။ ကျွန်မတို့တွေ သင်ယူအားကောင်းဖို့သာ လိုပါတယ်။ Covid နဲ့ပတ်သက်တဲ့ ပညာပေးညွှန်ကြားချက်တွေကို အသေအချာလိုက်နာပါ။ ဒီ တစ်ရက်၊ နှစ်ရက်အတွင်း Covid ငြိမ်နေလို့ မပေ့ါပါနဲ့။ လုံးဝ စိတ်ချရတဲ့ အခြေအနေက ဝေးပါသေးတယ်။

"မမေ့သော သတိဖြင့် ပြီးစီးပြည့်စုံ လုံခြုံအောင် စောင့်ထိန်းကြပါလေ။" (ဒီတစ်ခါတော့ ပါဠိကို မစမ်းတော့ပါဘူး။)


**ကြေးမုံ ယနေ့ ဖတ်စရာ**

ကမ္ဘာ့ကပ်ရောဂါနှင့် ခေါင်းဆောင်မှုကောင်း
ဆောင်းပါး စာမျက်နှာ » ၆

ခေတ်မီနည်းပညာရပ်များ အသုံးပြု၍ ပြည်သူကို အကူအညီပေးလျက်ရှိသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့
ဆောင်းပါး စာမျက်နှာ » ၉

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
စာမျက်နှာ » ၁၅


## ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မေ ၃ ရက်တွင် ဝင်ရောက်သူမရှိ

မြဝတီ မေ ၃

ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းလုပ်သားများကို မေ ၁ ရက်မှ စပြီး လက်ခံလျက်ရှိရာ ယနေ့တွင် ပြန်လည်ဝင်ရောက်လာမှု မရှိကြောင်း သိရသည်။

ပြည်ပမှပြန်လာသူများကိုပြန်လည်လက်ခံသည့်နေရာတွင် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်က "လက်ရှိအနေအထားကတော့ ကျွန်တော်တို့ဘက်ခြမ်းက ပြန်လာဖို့အတွက်ကို ထိုင်းအစိုးရနဲ့ ညှိနှိုင်းနေပါတယ်။ ဟိုဘက်မှာကျတော့


စာမျက်နှာ ၇ ကော်လံ ၁ သို့ ○







ကြေးမုံ

# ယခုအချိန်အားစိုက်မှ ရောဂါဘေးမှလွန်မြောက်

မြန်မာနိုင်ငံတွင် ကိုဗစ်– ၁၉ ရောဂါဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်ပြီး နှစ်ရက်ဆက်တိုက် ပိုးတွေ့လူနာ မရှိခဲ့ရာမှ မေ ၃ ရက်တွင် ပိုးတွေ့လူနာ လေးဦးထပ်မံတွေ့ရှိခဲ့သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ မေ ၃ ရက် ထုတ်ပြန်ချက်များအရ ယနေ့အထိ ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း ၈၅၈၀ ရှိပြီး ပိုးတွေ့လူနာ ၁၅၅ ဦး၊ သေဆုံးလူနာ ၆ ဦး၊ ဆေးရုံဆင်းခွင့်ရရှိသူ ၂၉ ဦးရှိကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံတွင် နေ့အလိုက် ရောဂါကူးစက်မှု အနေအထားအရ အစုလိုက်၊ တစ်ယောက်ချင်း အနည်းအများ ဖြစ်ပေါ်ခြင်းတို့ကို ဆင်ခြင်သုံးသပ်ကြည့်လျှင် သင်ခန်းစာယူရမည့်အချက်များကို မှတ်မှတ်ထင်ထင် တွေ့မြင်ရမည်ဖြစ်သည်။ ရောဂါသက်သာလာသူများ တစ်စတစ်စတိုးလာပြီး ရောဂါကူးစက်မှုမှာလည်း တစ်ယောက်စ၊ နှစ်ယောက်စမှသည် ရောဂါကူးစက်မှု မတွေ့ရဘဲရှိလာပါက ရောဂါကာကွယ်ထိန်းချုပ်ရေးကို အတိုင်းအတာတစ်ခုအထိ လုပ်ဆောင်နိုင်ပြီဟု ဆိုရမည်ဖြစ်သည်။

မည်သည့်အလုပ်ကိစ္စတွင်မဆို အစဉ်အမြဲသုတေသနပြုလုပ်နေခြင်းဖြင့် တိုးတက်ကောင်းမွန်သော အနာဂတ်ကို ပုံဖော်ထုဆစ်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် သုတေသနလုပ်ငန်းများ အားကောင်းခြင်းမရှိသော်လည်း ယခု ကိုဗစ်–၁၉ ရောဂါဖြစ်ပွားနေသောအချိန်အခါတွင် သက်ဆိုင်ရာအဖွဲ့အစည်းများသာမက စိတ်ဝင်စားသော ပြည်သူပြည်သားများကလည်း ထုတ်ပြန်ထားသော ရောဂါသတင်းအချက်အလက်များကို နေ့စဉ်လေ့လာမှတ်သားလိုက်နာဆောင်ရွက်ကြသည်။

ကိုဗစ်–၁၉ ရောဂါသည် ကြောက်မက်ဖွယ်ကောင်းသော ရောဂါဘေးဖြစ်သည်မှာမှန်သော်လည်း ထိုရောဂါဘေး ကာကွယ်ရေးကိုဆောင်ရွက်ရာမှ ရရှိလာသည့် ရလဒ်ကောင်းများဖြင့် ဆက်လက်လုပ်ကိုင်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ရောဂါဘေးအမျိုးမျိုးကို ကြုံတွေ့ဖူးခဲ့သော်လည်း ဤရောဂါကို အသစ်အဆန်းအဖြစ် ပထမဆုံးအကြိမ် ကြုံတွေ့နေခြင်းဖြစ်သည်။ အတွေ့အကြုံဟောင်းများမှ သင်ခန်းစာများ ထုတ်နုတ်ယူကာဆောင်ရွက်နိုင်ကြသည့်အပြင် ယခုအတွေ့အကြုံသစ်များကို ထုတ်နုတ်၍ ရှေ့ဆက်ဆောင်ရွက်ရမည့်နည်းလမ်းကောင်းများရှာဖွေကာ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။

ယခုအချိန်အခါတွင်မြန်မာနိုင်ငံအနေအထားအရ ရောဂါပိုးကူးစက်ခံရမှုကို ခန့်မှန်းနိုင်ပြီဖြစ်၍ ရောဂါပိုးတွေ့ရှိသူ၏ ၅၀ ရာခိုင်နှုန်းသည် ရောဂါလက္ခဏာပြသမှုမရှိသူများ ဖြစ်နေသည်ဆိုသောအချက်ကို အထူးသိရှိဂရုပြုရန် လိုအပ်ပေသည်။ ယခုအချိန်အခါတွင် ပထမပိုင်းကာကွယ်ထိန်းချုပ်၊ ကုသခဲ့ရသော ကြုံတွေ့ခဲ့ရသည့်အခြေအနေများကို သင်ခန်းစာယူ၍ ဆက်လက်ရုန်းကန်တိုက်ပွဲဝင်နိုင်အောင် အားခဲထားရမည်ဖြစ်သည်။ လက်ရှိအခြေအနေ၌ အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်သည်ဟု ဆိုရမည်ဖြစ်ပြီး ဆက်လက်၍ ခုခံကာကွယ်ကျော်ဖြတ်နိုင်အောင် ကြိုးစားရမည်ဖြစ်သည်။

ယခုရက်ပိုင်းအတွင်း ပြည်ပနိုင်ငံများတွင် လုပ်ကိုင်ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်လာသည်ကို တွေ့ရသည်။ ပြည်ပရောက်မြန်မာနိုင်ငံသားများကို စနစ်တကျပြန်လည်လက်ခံပြီး ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စီမံချက်ပါအတိုင်း သက်ဆိုင်ရာနီးနွယ်ဌာနများနှင့်အတူ အတူလက်တွဲ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျန်းမာရေးစစ်ဆေးခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သတ်မှတ်အဆောက်အအုံတွင် နေရာချထားခြင်း၊ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ယခုလက်ရှိထက် ပိုမိုစနစ်တကျဆောက်ရွက်သွားကြရမည်ဖြစ်ရာ အဓိကမှာ ပြည်သူများသာဖြစ်၍ သတ်မှတ် စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များကို အတိအကျလိုက်နာကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့မြန်မာနိုင်ငံသည် ကိုဗစ်–၁၉ ကပ်ရောဂါဘေးနှင့်ပတ်သက်၍ အောင်မြင်စွာ ဖြတ်ကျော်လာခဲ့ကြပြီဖြစ်သည်။ ယခုအချိန်၌ အားစိုက်ကြိုးပမ်းလုပ်ဆောင်လျှင် လုပ်ဆောင်သလောက်လာမည့် ကာလများတွင် ကျပ်ကျပ်တည်းတည်းအခြေအနေများမှ အတိုင်းအတာတစ်ခုအထိ နည်းပါးသွားမည့်အပြင် ပြည်သူများ ရောဂါကူးစက်ခံရမှု၊ အသက်ဆုံးရှုံးရမှုများ လျော့ပါးသွားကာ ကပ်ရောဂါဘေးမှ လွန်မြောက်သွားမည်ဖြစ်ပါကြောင်း။ ။

## အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက်ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

### SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှုအခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာန၏ အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူ

**နေပြည်တော် မေ ၃**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အခြေစိုက် အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာန (ASEAN Institute for Peace and Reconciliation–ASEAN IPR) တွင် အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်အထိ (၃)နှစ် သက်တမ်းတာဝန်ထမ်းဆောင်ရန် အဆိုပြုလျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။

လုပ်ငန်းတာဝန်နှင့် သတ်မှတ်အရည်အချင်းများအပါအဝင် အသေးစိတ်အချက်အလက်များကို အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့၏ website များဖြစ်သည့် https://asean-aipr.org/ resources/ vacancy-executive-director/ နှင့် https://asean.org/ opportunities/ vacancies-asec/ တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

`သတင်းစဉ်

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

စာအုပ်စာပေ လှူမိတ်ဆွေ

ကြေးမုံ

| | | | |
|---|---|---|---|
| ခေတ္တ စာတည်းမှူးချုပ် | – ဦးစိုးစိုးနိုင် | အငယ်တန်း | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | – ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| သတင်းထောက်မှူး | – ဦးမြင့်စိုး | ဓာတ်ပုံသတင်းထောက် | – ဦးခင်မောင်ဝင်း |
| ဘာသာပြန်စာတည်းများ | – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် | သုတေသန | – ဒေါ်ဇင်မာဝင့် |
| အကြီးတန်း | – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ | စာပြင် | – ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| | ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ | အီးမေးလ်နှင့် အွန်လိုင်း | – ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများအား Video Conferencing စနစ်ဖြင့် ချိတ်ဆက်ကြည့်ရှုစစ်ဆေး





**နေပြည်တော် မေ ၃**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ကိုဗစ်-၁၉ ကာလအတွင်း ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် အရေးပါသည့် တံတားသစ်များ တည်ဆောက်နေမှုနှင့် ယခင်ကြိုးတံတားများအား အဆင့်မြှင့်တင်တည်ဆောက်နေမှုတို့ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်မှ လုပ်ငန်းစီမံကိန်းနေရာများနှင့် Video Conferencing စနစ်ဖြင့် တိုက်ရိုက်ချိတ်ဆက်၍ လုပ်ငန်းဆောင်ရွက်နေမှုတို့အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီးအတွင်း တံတားတည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သည့် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၅)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးရဲနိုင်က ပန်းတနော်-ရွှေလောင်း - ဝါးခယ်မ - ကျုံမငေး လမ်းပေါ်ရှိ ရွှေလောင်းတံတားအား အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဝါးခယ်မတံတား၏ ပင်မကြိုးတံတားအပိုင်းအား ဖြုတ်သိမ်း၍ HS 25 Load Class Steel Box Girder တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေသည့် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ တံတားတည်ဆောက်ရေးလုပ်ငန်းများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရွှေလောင်းတံတား အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ ဝါးခယ်မတံတား အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုတို့ကို စီမံကိန်းလုပ်ငန်းနေရာများနှင့် တိုက်ရိုက်ချိတ်ဆက်၍ Video Clip ဖြင့် ပြသမှုအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာလအတွင်း တံတားလုပ်ငန်းများ တိုးတက်လာသည်ကို တွေ့မြင်ရသည့်အတွက် ကျေနပ်ပါကြောင်း၊ မိုးဦးကာလ ရောက်ရှိပြီဖြစ်၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရန်လိုကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်တို့ကို မှာကြားသည်။

**ပြီးစီးနေပြီ**

ယခုအခါရွှေလောင်းတံတားတစ်စင်းလုံး လုပ်ငန်းပြီးစီးမှုမှာ ၆၅ ရာခိုင်နှုန်းနှင့် ဝါးခယ်မတံတားတစ်စင်းလုံး လုပ်ငန်းပြီးစီးမှုမှာ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ယင်းနောက် တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့ (၂) မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်သီဟက ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး - မြောင်းမြ လမ်းပေါ်ရှိ စော်ကဲတံတားသစ်နှင့် ကျွန်းပြဿဒ်တံတားသစ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းအခြေအနေ၊ ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းများ စီမံချက်ရေးဆွဲဆောင်ရွက်နေမှု၊ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သည့် ကာယ၊ ဉာဏ ဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက စော်ကဲတံတားနှင့် ကျွန်းပြဿဒ်တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို စီမံကိန်းနေရာများနှင့် တိုက်ရိုက်ချိတ်ဆက်၍ Video Clip ဖြင့် ပြသမှုအား ကြည့်ရှုစစ်ဆေးသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တံတားလုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိုးဦးကာလ မုန်တိုင်းသတင်းသတိပေးထားသည့်အတွက် လုပ်ငန်းခွင်အတွင်း အသုံးပြုသည့် စက်၊ ယာဉ်၊ ယန္တရားများ၊ အခြားလုပ်ငန်းသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ကြိုတင်ကာကွယ်ထားရှိရန် လိုကြောင်း၊ ရေလယ် သံပေါင်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထား ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယခုအခါ စော်ကဲတံတားတစ်စင်းလုံး လုပ်ငန်းပြီးစီးမှုမှာ ၇၈ ရာခိုင်နှုန်းနှင့် ကျွန်းပြဿဒ် တံတားတစ်စင်းလုံး လုပ်ငန်းပြီးစီးမှုမှာ ၇၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

**လမ်းအမှတ် (၁၀)**

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးရန်နိုင်ဇော်က လမ်းအမှတ် (၁၀) ဘိုကလေး - မော်လမြိုင်ကျွန်း-ဝါးခယ်မ - မြောင်းမြလမ်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် အဆိုပါလမ်းပေါ်ရှိ တံတားလေးစင်းတို့၏ ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူတို့က လမ်းအမှတ်(၁၀) ဘိုကလေး - မော်လမြိုင်ကျွန်း-ဝါးခယ်မ - မြောင်းမြလမ်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် အဆိုပါ လမ်းပေါ်ရှိ တံတားလေးစင်းတို့၏ ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို စီမံကိန်းနေရာများနှင့် တိုက်ရိုက်ချိတ်ဆက်၍ Video Clip ဖြင့် ပြသမှုအား ကြည့်ရှုစစ်ဆေးသည်။

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ဒေသခံပြည်သူများ ပုသိမ်သို့ သွားလိုလျှင် ယခင်က ခရီးမိုင် ရှည်လျားသည့် မော်လမြိုင်ကျွန်း-မအူပင်-ပုသိမ်လမ်းကိုသာ အသုံးပြုခဲ့ရပြီး ယခု ဒုတိယလမ်းကြောင်းဖြစ်သည့် မော်လမြိုင်ကျွန်း - ကျုံမငေး-ဝါးခယ်မ - ကျွန်းကုန်း လမ်းပေါ်ရှိ စော်ကဲတံတား၊ ကျွန်းပြဿဒ်တံတား၊ ဝါးခယ်မတံတားနှင့် ကျွန်းကုန်းတံတားများ တည်ဆောက်ပြီးစီးသွားပါက ခရီးသွားပြည်သူများ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မှာဖြစ်သလို ကုန်စည်စီးဆင်းမှုများလည်း သွက်လက်မြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းနှင့် အသိပညာပေးခြင်းဆောင်ရွက်

**ရန်ကုန် မေ ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မရှိစေရန်ရည်ရွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်စေရန်အတွက် ယမန်နေ့ နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက်ရှိ ခဝဲခြံ(၁)လမ်း၊ (၂)လမ်း၊ ကွက်သစ်ရပ်ကွက်ရှိ ကွက်သစ်(၁)လမ်း၊ (၂)လမ်းနှင့် အောင်ဆန်းရပ်ကွက် ယာယီရွှေ့ပြောင်းနေထိုင်လျက်ရှိသော လူနေထူထပ်သည့်နေရာများသို့ သွားရောက်၍ ပိုးသတ်ဆေးဖျန်းခြင်းနှင့် ကိုဗစ်-၁၉ ရောဂါအကြောင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းကို အင်းစိန်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လှလှစိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်(၁) ဦးလင်းအောင်ဟိန်း(ခ)ဦးလှိုင်မင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများ၊ ရပ်မိရပ်ဖများ၊ လူ့ဘဝခရီးလူမှုအထောက်အကူပြုအဖွဲ့၊ ပရဟိတအဖွဲ့များ၊ ပြည်သူများနှင့် တာဝန်ရှိသူများပူးပေါင်းပြီး ပိုးသတ်ဆေးဖျန်းခြင်းနှင့် ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာများကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး



ကော်မတီမှ ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြေညာချက်

COVID-19 ကူးစက်မြန်ရောဂါကိုကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့-

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်း ဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့မျက်နှာကို မထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့် ပါးစပ်တို့ကို တစ်ရှူးဖြင့် အုပ်၍ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေးပြုလုပ်နေစဉ် လေဝင်/လေထွက်ကောင်းအောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုဗစ်-၁၉ ကာလ Quarantine လုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများအတွက် လေ့ကျင့်သင်တန်းပေးရေးကိစ္စများ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၃**

အသွားအလာကန့်သတ်ခြင်း Quarantine လုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများအတွက် လေ့ကျင့်သင်တန်းပေးရေးကိစ္စရပ်များကို အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းတွင် Video Conference ဖြင့် ညှိနှိုင်းဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေးမှုတွင် ဒုတိယဝန်ကြီးဦးစိုးအောင်၊ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ဝင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာထင်အောင်စောနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းဝင်များနှင့် အတွင်းရေးမှူးရုံးအဖွဲ့တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြသည်။



### ဆောင်ရွက်ပေးလို

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို အားလုံးပူးပေါင်းဆောင်ရွက်လျက်ရှိကြပါကြောင်း၊ အဓိကလုပ်ငန်းစဉ်တစ်ခုမှာ အသွားအလာကန့်သတ်ခြင်း (Quarantine) ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် Quarantine နေရာများတွင် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ Quarantine နေရာများတွင် ကူညီဆောင်ရွက်ပေးနေကြသည့် စေတနာ့ဝန်ထမ်း (Volunteer)များ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ စေတနာ့ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်း (Volunteer) များအတွက် လုံခြုံရေးအကာအကွယ်များ ဆောင်ရွက်ပေးခြင်း၊ အနေအထိုင်၊ အစားအသောက်နှင့် အသွားအလာကိစ္စများတွင် လိုအပ်ချက်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း၊ လုံလောက်သော အနားယူအပန်းဖြေမှုရရှိစေခြင်းနှင့် နိုင်ငံတော်က အသိအမှတ်ပြုခြင်းများ ဆောင်ရွက်ပေးလို၍ဖြစ်ကြောင်း။

အဆိုပါ လုပ်ငန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်များနှင့် လူမှုရေးဝန်ကြီးများက ပူးပေါင်းပြီး ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မိမိတို့အတွင်းရေးမှူးရုံးအဖွဲ့အနေဖြင့် လက်ရှိဆောင်ရွက်နေကြသော စေတနာ့ဝန်ထမ်းများစာရင်းကို ကောက်ယူထားရှိပြီးဖြစ်ကြောင်း၊ ထပ်မံ၍ စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုသူများ၏စာရင်းနှင့် စေတနာ့ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးမည့် စေတနာ့ဝန်ထမ်း ဆရာဝန်များစာရင်းကိုလည်း အွန်လိုင်းစနစ်ဖြင့် ကောက်ယူလျက်ရှိပါကြောင်း၊ စေတနာ့ဝန်ထမ်း သင်တန်းလက်စွဲစာအုပ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် မိမိတို့ဝန်ကြီးဌာနက ပူးပေါင်းပြုစုရေးဆွဲထားပြီးဖြစ်ကြောင်း၊ စေတနာ့ဝန်ထမ်း (Volunteer)များအား သင်ကြားပေးမည့် စေတနာ့ဝန်ထမ်းဆရာဝန်များကို ဆရာဖြစ်သင်တန်း (Training of Trainer) ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သင်တန်းများကို အွန်လိုင်းစနစ်ဖြင့် သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းလက်စွဲစာအုပ်များကို ကြိုတင်မျှဝေထားမည်ဖြစ်ကြောင်းနှင့် သင်တန်းပို့ချကြမည့် ဆရာကြီး ဆရာမကြီးများအနေဖြင့် လိုအပ်ချက်များကို အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လိုသူများနှင့် အိမ်နီးချင်းနိုင်ငံများတွင် အလုပ်လုပ်နေသူများမှ ပြန်လာလိုသူများကို စနစ်တကျ လက်ခံဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်ဝင်ရောက်လာကြသူများကို Quarantine နေရာများတွင် စနစ်တကျထားရှိနိုင်မှသာ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုနှင့်ပတ်သက်ပြီး လက်ရှိအနေအထားအတိုင်း ဆက်လက်ထိန်းချုပ်ထားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် Quarantine နေရာများတွင် စနစ်တကျ ဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်းနှင့် မိုးရာသီကျရောက်လာပြီဖြစ်၍ မိုးရာသီကာလတွင် ဖြစ်ပွားလေ့ရှိသော ရောဂါများနှင့်ပတ်သက်၍ ဆောင်ရွက်မှုများတွင် စေတနာ့ဝန်ထမ်းများ ပါဝင်ကူညီနိုင်ရန် လိုအပ်သည့် သင်ခန်းစာများပါ ထည့်သွင်းသင်ကြားပေးနိုင်ရေး ဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာထင်အောင်စောနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းဝင်များနှင့် အတွင်းရေးမှူးရုံးအဖွဲ့တာဝန်ရှိသူများက စေတနာ့ဝန်ထမ်း ဆရာဝန်များကို ဆရာဖြစ်သင်တန်း (Training of Trainer) သင်ကြားပေးမည့်ကိစ္စများ၊ သင်တန်းများကို အွန်လိုင်းအသုံးပြုသင်ကြားရာတွင် လိုအပ်သည့်ပြင်ဆင်မှုများ၊ သင်တန်းထိရောက်မှုရှိစေရေး လူဦးရေအလိုက် အချိန်ကာလခွဲ၍ သင်ကြားပေးနိုင်ရေးကိစ္စများ၊ သင်ခန်းစာခေါင်းစဉ်အလိုက် သင်ကြားမည့်အချိန်ကာလ၊ လုံခြုံရေးအကာအကွယ်ပစ္စည်းများ ပံ့ပိုးပေးနိုင်ရေးကိစ္စများနှင့် မိုးရာသီကာလတွင် ဖြစ်လေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါနှင့် ရာသီတုပ်ကွေးရောဂါအမျိုးမျိုးနှင့် ပတ်သက်၍လည်း ပညာပေးလုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းများအား ပါဝင်နိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမျိုးသားအဆင့်စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့မှ တာဝန်ရှိသူများက လိုအပ်သည့်သင်တန်းများ အဆင့်ဆင့်ပေးနိုင်ရေး၊ နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော ကျန်းမာရေးဝန်ထမ်းများနှင့် ဆရာဖြစ်သင်တန်းတက်ရောက်ထားသော မြန်မာနိုင်ငံ ဆရာဝန်အသင်းဝင် လုပ်အားပေးဆရာဝန်များပူးပေါင်း၍ စေတနာ့ဝန်ထမ်း တာဝန်ယူဆောင်ရွက်နေသူများနှင့် ဆောင်ရွက်မည့်သူများအား လေ့ကျင့်သင်တန်းပေးရေးကိစ္စများကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် -၁၉ ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ လာရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃**

နေပြည်တော်ကောင်စီ ကိုဗစ် -၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ စက်ရုံ၊ အလုပ်ရုံများနှင့် စည်ပင်သာယာရေး လုပ်ငန်းများ ကြီးကြပ်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း ဦးဆောင်သော စစ်ဆေးရေးအဖွဲ့သည် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်နှင့်အတူ ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။



### စစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် လုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ အန္တရာယ်ကင်းရှင်းစွာ တာဝန်ထမ်းဆောင် နိုင်စေရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ် -၁၉ ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းစဉ်များ ပိုမိုစနစ်ကျစွာဖြင့် ထိရောက်မှု ရှိစေရန်အတွက် ထိုသို့စစ်ဆေးခြင်းဖြစ်သည်။

အဆိုပါ စစ်ဆေးရေးအဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှိ ရုံးခန်း၊ သတင်းခန်း၊ ထုတ်လုပ်ရေးနှင့် ထုတ်လွှင့်ရေးအခန်းများ၊ စက်ခန်းများ ၊ ရေဒီယိုအသံလွှင့်ရုံ အမှတ် (၁/၂) တို့အား လိုက်လံစစ်ဆေးပြီး ဝန်ထမ်းများ တစ်ဦးချင်းလိုက်နာလုပ်ဆောင်ရန် အချက်များနှင့် လုပ်ငန်းခွင်ဆိုင်ရာ လုပ်ဆောင်ရမည့် အချက်များကို အကြံပြုခဲ့ကြသည်။

**သတင်း - အောင်နိုင်ဝင်း(MRTV)**
**ဓာတ်ပုံ - ညွန့်လွင် (MRTV)**

facebook



အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

## အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ



ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

*(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)*

---

✻ ကျောဖုံးမှ

(၅) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း၊
(၆) အာမခံကုမ္ပဏီနှင့် ကုန်ထုတ်လုပ်မှုမရှိသော ကုမ္ပဏီလုပ်ငန်း၊
(၇) အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း၊
(၈) ပြန်ကြားရေးလုပ်ငန်း၊
(၉) မြို့ဝင်ကြေး၊ လမ်းအသုံးပြုခ၊ တံတားဖြတ်သန်းခ ကောက်ခံသည့်လုပ်ငန်း၊
(၁၀) ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းလုပ်ငန်း၊

(ဂ) အများပြည်သူအတွက် လိုအပ်သောလုပ်ငန်းများ
(၁) ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဆိုင်ရာလုပ်ငန်း၊
(၂) သတ္တုနှင့် သယံဇာတလုပ်ငန်း၊
(၃) ဓာတုဗေဒဆိုင်ရာလုပ်ငန်း၊
(၄) ဆောက်လုပ်ရေးလုပ်ငန်း၊
(၅) ငါး၊ ပုဇွန်မွေးမြူရေး၊ ဖမ်းဆီးရေးနှင့် အအေးခန်းလုပ်ငန်း၊

၃။ အပိုဒ်(၂)ပါ လုပ်ငန်းများအား ဆက်လက်ဖွင့်လှစ်သွားရန်ဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID-19 ကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များတွင် ဆောင်ရွက်ထားရမည့်အချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရှိရမည်ဖြစ်ပါသည်။ ဆောင်ရွက်ပြီးစီးပါက အထောက်အထားများဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်နှင့် သက်ဆိုင်ရာပူးပေါင်းအဖွဲ့များ၏ စစ်ဆေးမှုခံယူနိုင်ရေး ဆောင်ရွက်ထားရှိရန်ဖြစ်ကြောင်း ဖြည့်စွက်အသိပေးကြေညာလိုက်သည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

---

## တိုင်းဒေသကြီး/ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်ခတ်၊ ထောက်ပံ့ကူညီမှုများဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၃**

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများဖြစ်ပေါ်လေ့ရှိသည်။ ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများဖြစ်ပွားလျက်ရှိရာ ယမန်နေ့က ရှမ်းပြည်နယ် နမ့်စန်မြို့နယ်၌ နေအိမ် ၁၃ လုံးပြိုကျပျက်စီးပြီး နေအိမ် ၃၃၁ လုံးနှင့် ဘာသာရေးအဆောက်အအုံ ခုနစ်လုံး အမိုးအကာလန်ပျက်စီးခြင်းများဖြစ်ပွားခဲ့သည်။

အဆိုပါလေဘေးဖြစ်ပွားသည့်နေရာများသို့ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့်အတူ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် တာဝန်ရှိသူများက ယနေ့ သွားရောက်ထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ရာ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းဖိုးများအတွက် စုစုပေါင်းငွေကျပ် ၂၇ ဒသမ ၇ သန်းကျော်အား ထောက်ပံ့ခဲ့သည်။

အလားတူ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်နှင့် မြိုင်မြို့နယ်များ၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၉၉ လုံးနှင့် ဘာသာရေးအဆောက်အအုံ သုံးလုံး အမိုးအကာလန် ပျက်စီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်၊ စစ်ကိုင်း၊ ကန့်ဘလူမြို့နယ်များ၌ နေအိမ် နှစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၂ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ နေအိမ် ၅၆ လုံး ပြိုကျပျက်စီးပြီး နေအိမ် ၈၉ လုံး၊ ဘာသာရေးအဆောက်အအုံ နှစ်လုံး အမိုးအကာလန်ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့ရာ သက်ဆိုင်ရာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများက ဘေးဖြစ်ပွားသည့်နေရာများသို့ သွားရောက်၍ ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧပြီ ၉ ရက်မှ မေ ၃ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ် ၃၁၂ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၁၃ လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၄၈၇၅ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၉၄ လုံး အမိုးအကာလန်ပျက်စီးခြင်းများဖြစ်ပွားခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းဖိုးများ ထောက်ပံ့ခြင်းများအတွက် စုစုပေါင်း ငွေကျပ် ၂၆၃ ဒသမ ၅ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။



ပြည်သူများအနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများ ဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါကြောင်း သိရသည်။ **သတင်းစဉ်**

---

## IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်း နေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့် စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီ အသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင် နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

❖ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့် ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
❖ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
❖ စခန်းများတွင် နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
❖ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
❖ အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့် နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံး၀ (လုံး၀) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို နေ့စဉ် သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
❖ စခန်းတွင်းသို့ပြင်ပမှဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
❖ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ်(SMS)ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
❖ COVID–19 ရောဂါလက္ခဏာများတွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်းလုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
❖ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတလူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ကမ္ဘာ့ကပ်ရောဂါနှင့် ခေါင်းဆောင်မှုကောင်း

ခင်မောင်ညို (ဘောဂဗေဒ)

**၁။ မြန်မြန်လုပ်ပါ**

မရေရာတဲ့အခြေအနေမျိုးနဲ့ ကြုံကြိုက်လာတဲ့အခါမှာ နောက်ထပ်ရလာမယ့် သတင်းအချက်အလက်တွေကို မျှော်လင့်စောင့်စားနေတတ်ကြတယ်။ လူတွေရဲ့ မူလသဘာဝကရော စီမံခန့်ခွဲမှု သင်တန်းတွေရယ်ကြောင့်ပါ၊ အကျပ်အတည်းနဲ့ကြုံလာတဲ့အခါ လုပ်ပုံကိုင်ပုံတွေ မှားတတ်ကြတယ်။

မသေချာမရေရာတာနဲ့ကြုံတဲ့အခါ သေချာအောင်ဆိုပြီး နောက်ထပ်သတင်းတွေ၊ အချက်အလက်တွေရတဲ့အထိ စောင့်နေတတ်ကြတယ် ။ ဒါပေမဲ့ အကျပ်အတည်းနဲ့ ကြုံတွေ့ပြီဆိုတဲ့အခါမှာ အလျင်အမြန်လုပ်ဖို့လိုတယ်။ ဆုံးဖြတ်ချက်ချမှတ်ရာမှာ နှောင့်နှေးကြန့်ကြာနေလို့ အရေးပါတဲ့အချိန်ကို ဖြုန်းနေလို့မဖြစ်ဘူး။ အကျပ်အတည်းကာလမှာ အခြေအနေက မြန်မြန်ဆန်ဆန် အရှိန်ပြင်းပြင်း ပြောင်းလဲသွားတတ်လို့ ဖြစ်ပါတယ်။ ကြန့်ကြာလေ ဆုံးရှုံးထိခိုက်မှုတွေများလေ ဖြစ်တတ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ တချို့အဖွဲ့အစည်းရဲ့ ခေါင်းဆောင်တွေက မြန်မြန်ဆန်ဆန် ဆောင်ရွက်နေချိန်မှာ နှေးကွေးလေးလံနေတဲ့ ခေါင်းဆောင်တွေက ဆုံးရှုံးမှုတွေနဲ့ ကြုံတွေ့ကြရတာပါ။ အနာဂတ်မှာ ဘာဖြစ်လာမယ်ဆိုတာ သေသေချာချာရှင်းရှင်းလင်းလင်းဖြစ်တဲ့အထိ စောင့်နေလို့ မဖြစ်ပါဘူး။ မြန်မြန်လုပ် ကြိုးစားပမ်းစား လုပ်ကြဖို့လိုပါမယ်။

**၂။ မြင်သာထင်သာရှိပါစေ**

မသေချာမရေရာတာတွေနဲ့ ကြုံတွေ့တဲ့အခါ အများအားဖြင့် ခြိမ်းခြောက်မှုတွေကို အလေးမထားတတ်ကြဘဲ သတင်းဆိုးတွေကို ထိမ်ချန်ထားတတ်ကြ၊ ဖွက်ထားတတ်ကြတယ်။ အကျပ်အတည်းနဲ့ ကြုံတဲ့အခါ သတင်းဆိုးကိုပြောရတာ သိပ်လွယ်လှတာမဟုတ်ဘူး။ ဘယ်သူမှလည်း ကျေးဇူးတင်ချင်ကြတဲ့ ကိစ္စမျိုးမဟုတ်ဘူး။ လူတွေ ကိုယ့်ဝန်ထမ်းတွေ၊ ဖောက်သည်တွေ၊ တိုင်းသူပြည်သားတွေ စိတ်ဓာတ်ကျအောင် လုပ်ရာလည်းရောက်တယ်။ ကိုယ့်ကိုလူကြိုက်လည်း နည်းသွားစေနိုင်တယ်။ အခုလိုလုပ်ဖို့ဆိုတာက ဉာဏ်ပညာရှိဖို့လိုသလို သတ္တိကောင်းဖို့လည်းလိုပါတယ်။ ဒါမှသာ တွေ့ကြုံရမယ့် အန္တရာယ်တွေကို ရှောင်ရှားနိုင်မှာပါ။ ရုတ်တရက်ဖြစ်ပေါ်လာတဲ့ အပြောင်းအလဲတွေကြောင့် စိုးရိမ်ပူပန်စရာတွေ ဘယ်လိုဖြစ်လို့ဖြစ်မယ်မှန်း မသိတာတွေ၊ အဲဒီအခါ ကိုယ်ဘယ်လိုနေထိုင်ရ လုပ်ကိုင်ရမှန်းမသိတာတွေ ဖြစ်လာနိုင်တာကို နားလည်ပေးရပါမယ်။ ဒီအခါ ကိုဗစ်ကို တိုက်ခိုက်ရာမှာ ဘာလုပ်ရမယ်၊ ဘာတွေဖြစ်လာမယ်ဆိုတာကို တတ်နိုင်သမျှ ရှင်းရှင်းလင်းလင်း ပြောပြထားဖို့ လိုအပ်ပါတယ်။ ပုံမှန်လည်းပြောပြရမယ်။ တချို့ခေါင်းဆောင်တွေဆို အရေးတကြီး ပြောစရာရှိတဲ့အခါ အိမ်မှာ ပေါ့ပေါ့ပါးပါးနေတဲ့အဝတ်အစားနဲ့ပဲ အသံလွှင့်ကြပြောဆိုကြတာကို တွေ့ရပါတယ်။ ကိုယ့်ရဲ့ဆုံးဖြတ်ချက်ကို သက်ဆိုင်တဲ့သူတွေ၊ အဖွဲ့အစည်းတွေအားလုံးကို အသိပေးရပါမယ်။

တစ်နည်းအားဖြင့်ပြောရရင် အခြေအနေမှန်ကို တိတိကျကျ ရိုးရိုးသားသား တတ်နိုင်သမျှ ပြောရပါမယ်။ ကိုယ့်အနေနဲ့ တတ်နိုင်သမျှ ရှင်းရှင်းလင်းလင်း ပြောရပါမယ်။ သူတို့နားလည်အောင်လည်း ပြောရပါမယ်။ သူတို့ဘာလုပ်ရမလဲ၊ သူတို့ဆီက ဘာလိုချင်သလဲ၊ ဘာကိုမျှော်လင့်သလဲဆိုတာ ပြောပြရပါမယ်။ ဘာတွေမျှော်လင့်ချက်ရှိတယ်ဆိုတာ ထည့်မပြောရင် လူတွေအလွယ်တကူနဲ့ စိတ်ပျက်လက်ပျက် ဖြစ်သွားနိုင်ပါတယ်။ အနာဂတ်ကို တခြားလူတွေ မြင်အောင်ပြနိုင်မှ လူတွေဆီက စွမ်းအားတွေရယူနိုင်မှာဖြစ်ပါတယ်။ ဘာမျှော်လင့်ချက်မှမရှိရင် ဘာလုပ်ကြမယ်လို့ သန္နိဋ္ဌာန်ချနိုင်မှာ မဟုတ်ပါဘူး။

**တာဝန်ရှိတဲ့သူတွေ အတော်များများဟာ ဆုံးရှုံးမှုတွေ၊ ဒုက္ခရောက်တာတွေကို ကြုံဖူးကြတဲ့သူတွေချည်းပါ။ ဒါပေမဲ့ ကမ္ဘာ့ကပ်ရောဂါဖြစ်လာတဲ့အခါ လူကြိုက်နည်းတဲ့ အလုပ်တွေကို ပြတ်ပြတ်သားသားလုပ်ဆောင်ဖို့ ဝန်လေးကြတယ်။ တချို့က တော့ သူတို့ဟာ ပညာရှင်ပီသတယ်၊ စဉ်းစားတယ်၊ ခံစားချက် နောက်ကိုမလိုက်ဘူးလို့ ဆိုတတ်ကြ**

**၃။ ခြေလှမ်းမှားတာတွေကို အကျိုးရှိရှိတုံ့ပြန်ပါ။**

မသေချာမရေရာတဲ့ အခြေအနေမျိုးနဲ့ကြုံကြိုက်တဲ့အခါ ကိုယ်လုပ်တာ ဘယ်လောက်မှန်ကန်ကြောင်း အသည်းအသန်ရှင်းပြဖို့ ကြိုးစားတတ်ကြပါတယ်။ အကျပ်အတည်းနဲ့ကြုံတဲ့အခါ ပြဿနာကလည်း အသစ်အဆန်းဖြစ်၊ ရှုပ်ရှုပ်ထွေးထွေးလည်း ဖြစ်နေလေတော့ တခြားစနစ်ကြီးတစ်ခုလုံး လွှဲချော်တာတွေလို အမှားအယွင်းတွေ၊ လုပ်မှားကိုင်မှားတွေကလည်း ဘယ်လောက်ပဲ ဂရုစိုက်လုပ်နေပေမယ့် တွေ့ကြုံရမှာပါ။ ခြေလှမ်းမှားသွားတာတွေ၊ မမျှော်လင့်တဲ့ စိန်ခေါ်မှုတွေကို ခေါင်းဆောင်တွေက ဘယ်လိုတုံ့ပြန်မလဲဆိုတာကလည်း အကျပ်အတည်းကို ချက်ချင်းဘယ်လို ဖြေရှင်းသလဲဆိုတာနဲ့ ထပ်တူအရေးကြီးပါတယ်။ ဝေဖန်တာကိုလက်ခံရပါမယ်။ ဆီလျော်နေရင် လက်ခံရပါမယ်။ အခြေခံပြဿနာကို အာရုံစိုက်ရပါမယ်။ အပြစ်တင်တာတွေ မလုပ်ရပါဘူး။ ကိုယ့်ရည်မှန်းချက်ကို မျက်ခြည်ပြတ်မခံရပါဘူး။ နောက်ထပ်ကြုံတွေ့ရတဲ့ပြဿနာတွေ အခုလက်ငင်းပြဿနာတွေ ဘယ်လိုဖြေရှင်းမလဲဆိုတာ ပိုအာရုံစိုက်ပြီး ဆက်လက်လုပ်ဆောင်ရပါမယ်။ ကိုယ်လုပ်တာဟာ စင်းလုံးချောဖြစ်ချင်မှဖြစ်မယ်။ ဝေဖန်တာကို နားထောင်ရပါမယ်။ အသိအမှတ်ပြုရပါမယ်။ အားလုံးက အာရုံပြောင်းမသွားဘဲ ပြဿနာဖြေရှင်းရေးကိုသာ ဦးတည်ရပါမယ်။

**၄။ အမြဲခေတ်မီနေပါစေ၊ နောက်ဆုံးအခြေအနေကို အမြဲသိနေပါစေ။**

ခေါင်းဆောင်ကောင်းတွေနဲ့ပတ်သက်လို့ အထင်လွဲတတ်ကြတာတစ်ခုရှိပါတယ်။ ခေါင်းဆောင်တွေဟာ ရပ်တည်ချက် ခိုင်မာပြတ်သားရမယ်၊ လမ်းကြောင်းလုံးဝမလွဲရဘူးတဲ့။ ခိုင်မာပြတ်သားဖို့က ဒီလိုအချိန်မျိုးမှာ လိုအပ်တာမှန်ပါတယ်။ ဒါပေမဲ့ ကပ်ရောဂါက အသစ်အဆန်းကလည်းဖြစ်၊ အပြောင်းအလဲကလည်း အလွန်မြန်ဆန်တဲ့အချိန်မှာ လမ်းကြောင်းချထားပြီး အဲဒီလမ်းကြောင်းကို တွယ်ကပ်နေရမယ်လို့ထင်ရင် မှားမယ်။ နေ့စဉ်နေ့တိုင်း ဖြစ်လာနိုင်တာတွေကို ကြိုတင်စဉ်းစားပြီးကောင်းကောင်းသဘောပေါက်နားလည်ထားဖို့ လိုအပ်ပါတယ်။ သတင်းအချက်အလက်တွေ မြန်မြန်ရနိုင်အောင် မဟာဗျူဟာတွေ ချမှတ်ရပါမယ်။ အခြေအနေတွေပြောင်းသွားရင်၊ သတင်းအချက်အလက်အသစ်တွေဝင်လာရင် မြန်မြန်နားလည်အောင်လုပ်ရပါမယ်။ ကျွမ်းကျင်သူတွေရဲ့ အကြံဉာဏ်တွေကို နားထောင်ရသလို ကွဲပြားတဲ့အမြင်အမျိုးမျိုး အကြံဉာဏ်အမျိုးမျိုးကိုလည်း ရှာဖွေလက်ခံရပါတယ်။ သတင်းအသစ်တွေဝင်လာတဲ့အခါ ပြဿနာတွေကအသစ်ဖြစ် လိုအပ်တဲ့ကျွမ်းကျင်သူလည်း ပြောင်းသွားတဲ့အခါ အကြံပေးပညာရှင်တွေလည်း ပြောင်းသွားတတ်ပါတယ်။ ပြဿနာတွေ ပြောင်းသွားတဲ့အခါ သင့်တော်သူကိုရှာဖွေဖို့နဲ့ အသုံးချဖို့လည်း လိုအပ်ပါတယ်။

တာဝန်ရှိတဲ့သူတွေ အတော်များများဟာ ဆုံးရှုံးမှုတွေ၊ ဒုက္ခရောက်တာတွေကို ကြုံဖူးကြတဲ့သူတွေချည်းပါ။ ဒါပေမဲ့ ကမ္ဘာ့ကပ်ရောဂါဖြစ်လာတဲ့အခါ လူကြိုက်နည်းတဲ့ အလုပ်တွေကို ပြတ်ပြတ်သားသားလုပ်ဆောင်ဖို့ ဝန်လေးကြတယ်။ တချို့ကတော့ သူတို့ဟာ ပညာရှင်ပီသတယ် ၊ စဉ်းစားတယ်၊ ခံစားချက်နောက်ကိုမလိုက်ဘူးလို့ ဆိုတတ်ကြတယ်။

ဒါပေမဲ့ အခုလိုလုပ်နေရင် အချိန်နောက်ကျသွားတတ်တယ်။ ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်တတ်ဖို့ လိုသလို သူ့ဌာန ကိုယ့်ဌာနမခွဲခြားဖို့၊ လူတွေကို ကိန်းဂဏန်းတွေအနေနဲ့မမြင်ဖို့တွေလည်း လိုအပ်ပါတယ်။ ကိုယ်ချင်းစာတဲ့စိတ်နဲ့ ခေါင်းဆောင်ရပါမယ်။

သမိုင်းနဲ့ချီပြီး အကျပ်အတည်းတွေကြုံလာတဲ့အခါ သမိုင်းတွင်တဲ့ ခေါင်းဆောင်တွေ ပေါ်ထွက်လာတတ်ပါတယ်။ ဒါပေမဲ့ ဒီလိုခေါင်းဆောင်တွေဟာ လွယ်လွယ်နဲ့ ပေါ်ထွက်လာတာ မျိုးတော့မဟုတ်ပါဘူး။

ကိုးကား – What Good Leadership looks like during this pandemic , HBR April 13,2020

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကျောက်ကြီးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများအား ပိုးသတ်ဆေးဖျန်း

**ကျောက်ကြီး မေ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ယနေ့ နံနက်ပိုင်းက ဘုန်းတော်ကြီးကျောင်းများအား ပိုးသတ်ဆေးဖျန်းခြင်းနှင့် သံဃာတော်များအား ကိုယ်အပူချိန်တိုင်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**ပိုးသတ်ဆေးဖျန်း**

ထိုသို့ဆောင်ရွက်ရာတွင် နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများက ကျောက်ကြီးမြို့နယ် ရှင်သီဝလိ ရဟန္တာခြေတော်ရာ တောင်တော်မြတ်၌ ခြေတော်ရာကျောင်းတိုက် ပဓာနနာယက ဆရာတော် ဥူးပညာဒီပ ဦးဆောင်သော သုခိတ ပရဟိတ အသင်းသားများနှင့်အတူ ပူးပေါင်း၍ ခြေတော်ရာတိုက်နှင့် စကြံတစ်လျှောက်တွင်လည်းကောင်း၊ တိုးချဲ့ရင်ပြင်တော်၊ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၊ ဆုတောင်းပြည့် ပြည်လုံးချမ်းသာနှင့် တောင်တော်မြတ် ဧရိယာအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ကုသိုလ်ယူဆောင်ရွက်ခဲ့ကြသည်။

**အပူချိန်တိုင်း**

ထို့ပြင် မြောင်ဦးကျေးရွာ ကံ့ကော်မြိုင်ကျောင်းတိုက်၊ နောင်ချိုကျေးရွာ ဝိဓမ္မရတနာကျောင်းတိုက် ညောင်ပင်သာကျေးရွာ ရွှေပြည်အေးကျောင်းတိုက်နှင့် သာသနဝေပုလ္လကျောင်းတိုက်များတွင်လည်း ဒေသခံတပ်ရင်းများက သံဃာတော်များအား ကိုယ်အပူချိန်တိုင်းခြင်း၊ ကျောင်းတိုက်ဝင်းအတွင်း ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကြေးမုံ

## (၇၄) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ရမည်းသင်း မေ ၃**

(၇၄) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရမည်းသင်းခရိုင် မီးသတ်ဦးစီးဌာနမှ ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံကြီးသို့ စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ထို့နောက် သွေးလှူဒါန်းသည့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင် ၂၂ ဦးအတွက် အားဖြည့်အစားအစာများကို ရမည်းသင်းခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ အိအိခင်က ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ခင်ဆင့်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကြေးမုံ



## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၈၇၀၃ | ၁၅၅ |

| ပြန်လည်သက်သာလာသူ | သေဆုံးသူ |
|---|---|
| ၄၃ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၃၂၉၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရသူ - ၂၉ (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိ သေဆုံးသူ စာရင်းဇယားပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၂၈ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | - |
| ၄ | ချင်း | ၆ | - |
| ၅ | ရှမ်း (ရှေ့) | ၃ | - |
| ၆ | မန္တလေး | ၃ | - |
| ၇ | ရှမ်း (တောင်) | ၂ | - |
| ၈ | ရှမ်း (မြောက်) | ၂ | - |
| ၉ | နေပြည်တော် | ၁ | - |
| ၁၀ | မွန် | ၁ | - |
| ၁၁ | မကွေး | ၁ | - |
| ၁၂ | ကချင် | ၁ | - |
| စုစုပေါင်း | | ၁၅၅ | ၆ |

❖ အောက်ပါပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| တိုင်းဒေသကြီး | ပြည်နယ် |
|---|---|
| ဧရာဝတီ တိုင်းဒေသကြီး | ကယားပြည်နယ် |
| တနင်္သာရီတိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| | ကရင်ပြည်နယ် |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၃-၅-၂၀၂၀ ရက် ည (၈း၀၀) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၁၆၄၀၀၇ | ၁၇၃၉၁၀ | ၆၇၅၅၂ |
| စပိန် | ၂၄၇၁၂၂ | ၁၄၈၅၅၈ | ၂၅၂၆၄ |
| အီတလီ | ၂၀၉၃၂၈ | ၇၉၉၁၄ | ၂၈၇၁၀ |
| ဗြိတိန် | ၁၈၂၂၆၀ | စိစစ်ဆဲ | ၂၈၁၃၁ |
| ပြင်သစ် | ၁၆၈၃၉၆ | ၅၀၅၆၂ | ၂၄၇၆၀ |
| ဂျာမနီ | ၁၆၅၀၈၆ | ၁၃၀၆၀၀ | ၆၈၁၂ |
| ရုရှား | ၁၃၄၆၈၇ | ၁၆၆၃၉ | ၁၂၈၀ |
| တူရကီ | ၁၂၄၃၇၅ | ၅၈၂၅၉ | ၃၃၃၆ |
| အီရန် | ၉၇၄၂၄ | ၇၈၄၂၂ | ၆၂၀၃ |
| ဘရာဇီး | ၉၇၁၀၀ | ၄၀၉၃၇ | ၆၇၆၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၁၈၂၀၅ | ၁၃၄၇ | ၁၇ |
| အင်ဒိုနီးရှား | ၁၁၁၉၂ | ၁၈၇၆ | ၈၄၅ |
| ဖိလစ်ပိုင် | ၉၂၂၃ | ၁၂၁၄ | ၆၀၇ |
| မလေးရှား | ၆၂၉၈ | ၄၄၁၃ | ၁၀၅ |
| ထိုင်း | ၂၉၆၉ | ၂၇၃၉ | ၅၄ |
| ဗီယက်နမ် | ၂၇၁ | ၂၂၂ | ၀ |
| မြန်မာ | ၁၅၅ | ၄၃ | ၆ |
| ဘရူနိုင်း | ၁၃၈ | ၁၂၈ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၀ | ၀ |
| လာအို | ၁၉ | ၉ | ၀ |

❍ ထိုင်းနိုင်ငံမှ

ကျွန်တော်တို့ သိရသလောက်ကတော့ ညမထွက်ရအမိန့်ထုတ်ထားတာရှိတယ်။ နောက်တစ်ချက်ကတော့ ကန့်သတ်ထားတာတွေ လုပ်ထားတဲ့အတွက် ဒီအချက်နှစ်ချက်နဲ့ ကိုက်ညီပြီးတော့ ထိုင်းအစိုးရဘက်က အကောင်းဆုံးဖြစ်နိုင်တဲ့အစီအစဉ်ကို မြန်မာသံရုံးနဲ့ချိတ်ဆက်ပြီး လုပ်ဆောင်ပေးနေတာရှိပါတယ်။ ဟိုဘက်မှာတော့ အသေးစိတ်ဆွေးနွေးနေတယ်။ ကျွန်တော်တို့ မျှော်မှန်းထားရသလောက် ဒီကိုပြန်လာခွင့်ရတဲ့ လက်ရှိစာရင်းပေးထားတဲ့ နိုင်ငံသားတွေကို အသုတ်လိုက်အသုတ်လိုက် အထူးသဖြင့် ဗန်ကောက်ကို အဓိကထားပြီးတော့ ပြန်လာဖို့ကို စနစ်တကျဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့မှန်းရသလောက် နောက်နှစ်ရက်၊ သုံးရက် ကျရင်တော့ တိကျတဲ့အဖြေထွက်လာပြီး အဲဒီအဖြေအတိုင်းပဲ ကြီးကြပ်ဆောင်ရွက်သွားပါမယ်”ဟု ပြောသည်။

ပြန်လည်ဝင်ရောက်လာသူများမှာ မေ ၁ ရက်တွင် နေပြည်တော်မှ ငါးဦး၊ ကရင်ပြည်နယ်မှ ၁၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၃၄ ဦး၊ မွန်ပြည်နယ်မှ ၁၀ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ နှစ်ဦး စုစုပေါင်း ၆၀၊ မေ ၂ ရက်တွင် ကယားပြည်နယ်မှ သုံးဦး၊ ကရင်ပြည်နယ်မှ ၁၃ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၆ ဦး၊ မကွေးတိုင်းဒေသကြီးမှ ငါးဦး၊ မန္တလေးတိုင်းဒေသကြီးမှ တစ်ဦး၊ မွန်ပြည်နယ်မှ နှစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ သုံးဦး စုစုပေါင်း ၅၄ ဦးတို့ ဖြစ်သည်။

ထို့ကြောင့် မေ ၁ ရက်နှင့် ၂ ရက်တွင် ပြန်လာသူ ၁၁၄ ဦးရှိပြီး ယနေ့တွင် ပြန်လည်ဝင်ရောက်လာသူမရှိကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

# ပုသိမ်မြို့ပေါ်ရှိ စက်ရုံ ကိုးရုံ ပြန်လည်ဖွင့်လှစ်မည်

**ပုသိမ် မေ ၃**

ပုသိမ်မြို့ပေါ်ရှိ စက်ရုံ ကိုးရုံကို မေ ၄ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် အခြေခံအလုပ်သမားများအတွက် စက်ရုံအလုပ်ရုံများ ရပ်နားထားရသည့်ကာလတွင် စက်ရုံအလုပ်ရုံ ကိုးရုံကို ပြန်လည်ဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသော ညွှန်ကြားချက်များကို ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ ကျွမ်းကျင်စစ်ဆေးရေးအဖွဲ့က စစ်ဆေးဆောင်ရွက်ခဲ့ပြီး စည်းမျဉ်းနှင့်ကိုက်ညီသည့် ပုသိမ်မြို့ပေါ်ရှိ စက်ရုံ ကိုးရုံကို မေ ၄ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က မေ ၁ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

စက်ရုံအလုပ်ရုံများ ပြန်လည်လုပ်ကိုင်ကြရမည့် လုပ်ငန်းခွင်ဝင်ဝန်ထမ်း၊ လုပ်သားများသည် ကြို/ပို့ယာဉ်ပေါ်သို့ သတ်မှတ်လူဦးရေ ၂၀ ရှိပါက ၁၀ ဦးသာ စီးခွင့်၊ လူ ၃၀ စီး သတ်မှတ်ယာဉ်များတွင် ၁၅ ဦးမျှသာ စီးနင်းခွင့်ပြုမည်ဖြစ်သည်။ ယာဉ်ပေါ် စီးနင်းရာတွင်လည်း နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ရန်နှင့် ယာဉ်ပေါ်ရောက်ရှိသည်နှင့် လက်သန့်ဆေးရည်ဖြင့် လက်ဆေးရန် ဆောင်ရွက်နိုင်ရေးအား ခရိုင်၊ မြို့နယ်၊ ကော်မတီများထံ လမ်းညွှန်ချက်များ ထုတ်ပြန်ထားပြီဖြစ်ကြောင်း သိရသည်။

ပုသိမ်လှကြည်

**COVID- 19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

# ရေဦးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

**ရေဦး မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် မြို့ဝင်မြို့ထွက်ဂိတ်များတွင် စစ်ဆေးနေသလို ကျေးရွာများတွင်လည်း စစ်ဆေးရေးဂိတ်များထားရှိကာ ကြိုတင်ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့တွင်းဝင်လာသူမည်သူမဆို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အဖျား ရှိ၊ မရှိ ကိုယ်အပူချိန်တိုင်းခြင်း၊ နှာခေါင်းစည်း တပ်ဆင်အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် ဈေးရောင်း ဈေးဝယ်များ နှာခေါင်းစည်းတပ်ကာ ဈေးတွင်းသို့ လက်ဆေးပြီးမှဝင်ကြရန်၊ အတတ်နိုင်ဆုံး နေအိမ်ပြင်ပသို့ မထွက်ဘဲ နေအိမ်တွင်နေကြရန်နှင့် မဖြစ်မနေ အပြင်သို့ထွက်ရပါက တစ်ဦးတည်းသာသွားလာကြရန်၊ အိမ်ပြန်ရောက်ပါက လက်ဆေးကြရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကျန်းမာရေးဆိုင်ရာ အသိပေးလမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ရှင်းပြခဲ့ပြီး ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဌာန ဆရာ ဆရာမများနှင့် ကြက်ခြေနီအသင်းတို့ပူးပေါင်း၍ နေ့စဉ်နံနက် ၈ နာရီမှစ၍ ညနေ ၄ နာရီအထိ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ ရပ်ကွက်/ကျေးရွာများသို့ ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ ညမထွက်ရအမိန့်များ ထုတ်ပြန်ခြင်းနှင့် ဈေးကို နေ့တစ်ဝက်သာဖွင့်လှစ်ထားခြင်း၊ ထို့ပြင် အရပ်ဘက်အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများမှလည်း ဒေသခံပြည်သူများ ရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်လာစေရေး အသံချဲ့စက်ဖြင့် လှည့်လည်အသိပညာပေးခြင်းများကို နေ့စဉ်အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းသန်း(ပြန်/ဆက်)



## မင်းဘူး ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ဆေးရုံသုံးပစ္စည်းများ လှူဒါန်း



**မင်းဘူး မေ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆေးရုံသုံးပစ္စည်းများကို ယမန်နေ့ နံနက် ၉ နာရီက မင်းဘူး ခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**လှူဒါန်း**

အဆိုပါလှူဒါန်းမှုများကို မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံ အစုံ ၆၀၊ အပူချိန်တိုင်းကိရိယာ တစ်ခု၊ glasses (Soft) မျက်မှန် ၃၅ ခု၊ N95 နှာခေါင်းစည်း အခု ၂၀၊ ခွဲစိတ်ခန်းသုံးနှင့် ဆေးရုံသုံးနှာခေါင်းစည်း အခု ၂၂၀၊ ဆေးရုံသုံးခြေအိတ် ၃၆ စုံ၊ လက်သန့်ဆေးရည် ၁၀ ဘူး၊ ကုလားပဲအခြမ်း တစ်ကီလို ၁၅ ထုပ်နှင့် ပဲစင်းငုံအခြမ်း တစ်ကီလို ၁၅ ထုပ်တို့ကိုလည်းကောင်း၊ ဦးစိုးပိုင် (Paing Family International Co ., Ltd.) မိသားစုတို့က တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံ အစုံ ၂၀၊ မျက်မှန် အခု ၂၀၊ N95 နှာခေါင်းစည်း အခု ၃၀၊ နှာခေါင်းစည်း အခု ၅၀၀၊ လက်အိတ် အစုံ ၅၀၀၊ ခေါင်းစွပ်အခု ၂၀၊ ဆေးရုံသုံးခြေအိတ် ၁၀ စုံနှင့် လက်သန့်ဆေးရည် နှစ်ဘူးတို့ကိုလည်းကောင်း လာရောက်လှူဒါန်းခဲ့ကြပြီး တာဝန်ရှိသူများက လက်ခံရယူကြသည်။

**ဆက်လက်ဖြန့်ဝေသွားမည်**

ဆက်လက်၍ ကိုဗစ် - ၁၉ ရောဂါကာကွယ်၊ထိန်းချုပ်၊ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လှူဒါန်းသည့် ဆေးရုံသုံးပစ္စည်းများကို လိုအပ်သော ကုသရေးဌာနများသို့ ဆက်လက်ဖြန့်ဝေ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ အလှူရှင်များမှ လှူဒါန်းမှုအားလုံးသည် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၆ သိန်းခန့်ရှိကြောင်း မင်းဘူး ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတင့်ခိုင်ထံမှ သိရသည်။

**မောင်မောင်(မင်းဘူး)**

■

## ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်

**ကော့ကရိတ် မေ ၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် လတ်တလော ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအနေဖြင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးခြင်း၊ အသိပညာပေးခြင်းတို့ကို ကော့ကရိတ်မြို့ လူစည်ကားရာနေရာများတွင် ယမန်နေ့ ညနေ ၃ နာရီက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကော့ကရိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆန်းနုက ဦးဆောင်၍ ကျန်းမာရေးဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ကော့ကရိတ်မြို့ လူမှုဖွံ့ဖြိုးရေးအဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ပုလဲဖြူလူမှုကယ်ဆယ်ရေးအဖွဲ့တို့က ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးတွင် အထောက်အကူပြုနိုင်ရေးအတွက် မြို့တွင်း ဗိုလ်ချုပ်လမ်းတစ်လျှောက်နှင့် လှိုင်ဝကားဂိတ်တို့တွင် ဖြတ်သန်းသွားလာသည့် ပြည်သူများကို အဝတ် နှာခေါင်းစည်းများ၊ တစ်ခါသုံး နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် ဖြတ်သန်းသွားလာသည့် ပြည်သူများကို နှာခေါင်းစည်းတပ်၍ သွားလာရန် အသိပညာပေး ပြောကြားပြီး အဝတ် နှာခေါင်းစည်းနှင့် တစ်ခါသုံး နှာခေါင်းစည်း အခု ၁၀၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။ ထို့အပြင် ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးခြင်းအား မြို့တွင်းသို့ အသံချဲ့စက်ဖြင့် နှိုးဆော် ကြေညာလျက်ရှိကြောင်း သိရသည်။

**ခင်မျိုးဝင်း(ပြန်/ဆက်)**



## ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်၊ ကာကွယ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်လုပ်ဆောင်

**ရွှေသောင်ယံ မေ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့တွင် ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်၊ ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ရပ်ဝေး၊ ရပ်နီး၊ ပြည်တွင်း၊ ပြည်ပအဝင်၊ အထွက်စစ်ဆေးခြင်းလုပ်ငန်းများ၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများ၊ အသွားအလာကန့်သတ်စောင့်ကြည့်ခြင်းလုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီမှ အလှူရှင်များနှင့် ရန်ပုံငွေရှာဖွေခြင်းလုပ်ငန်းများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း လိုက်လံနှိုးဆော်ခြင်းလုပ်ငန်းများ၊ ညကင်းများ လှည့်လည်ခြင်းလုပ်ငန်းများ၊ စေတနာ့ဝန်ထမ်းများရှာဖွေ၍ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများ၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းလုပ်ငန်းများ၊ ပုံမှန်ဝင်ငွေမရှိသော မိသားစုများအတွက် နိုင်ငံတော်မှထောက်ပံ့ပေးသော အခြေခံစားသောက်ကုန်များအား ထောက်ပံ့ပေးခဲ့သည့်အပြင် ထပ်မံလိုအပ်လာပါက အလှူရှင်များနှင့်ပူးပေါင်းကာ နောက်ထပ်ဝေငှနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်မှုလုပ်ငန်းများ၊ ကန့်သတ်စောင့်ကြည့်နေရာများကို ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ စာသင်ကျောင်းများတွင် ပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်းများ၊ လိုအပ်သည့်နေရာများအား ပိုးသတ်ဆေးများ လိုက်လံဖျန်းပေးခြင်းလုပ်ငန်းများစသည့်လုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများအား ရွှေသောင်ယံမြို့အုပ်ချုပ်ရေးမှူး၊ ရွှေသောင်ယံမြို့တိုက်နယ်ဆရာဝန်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများဦးဆောင်၍ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့မိမြို့ဖများပူးပေါင်းကာ ကဏ္ဍအစုံခွဲဝေပြီး လုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုကိုမောင် (ပြန်/ဆက်)**



## စားသောက်ကုန်များ၊ ဆေးနှင့်ဆက်စပ်ပစ္စည်းများကို ဝယ်ယူ၍ အိမ်တိုင်ရာရောက်ပေးပို့သည့်စနစ်ဖြင့် အကျိုးဆောင်ပေးလျက်ရှိ

**ဂန့်ဂေါ မေ ၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်သည့်ကာလတွင် ဂန့်ဂေါမြို့၏ လူမှုအသင်းအဖွဲ့တစ်ခုဖြစ်သည့် ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုလူငယ်အဖွဲ့များက မြို့ပေါ်ရပ်ကွက်များနှင့် မြို့နှင့် ငါးမိုင်ပတ်လည်ရှိ ကျေးရွာများအား စားသောက်ကုန်များ၊ ဆေးနှင့် ဆက်စပ်ပစ္စည်းများကို ဝယ်ယူ၍ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဧပြီ ၂၉ ရက်ကစပြီး ဆောင်ရွက်ပေးနေတာပါ၊ ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်တဲ့ကာလမှာ ပြည်သူတွေ အိမ်အပြင်ကို မထွက်ဘဲ Stay at Home အေးအေးဆေးဆေးနေနိုင်အောင် ကျွန်တော်တို့က အကျိုးဆောင်ပေးနေတာပါ။ အခမဲ့ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ တချို့အိမ်တွေဆိုရင် ကျွန်တော်တို့ ရေရှည်လုပ်ကိုင် ပေးနိုင်အောင်ဆိုပြီး ဆိုင်ကယ်ဆီဖိုးတွေ ထောက်ပံ့ပေးတာတွေလည်း ရှိပါတယ်။ ကိုယ်တိုင်ပိုက်ဆံနဲ့စိုက်ဝယ်ပြီး ဆိုင်ကဘောက်ချာနဲ့တကွ အိမ်တိုင်ရာရောက် ပေးပို့တဲ့စနစ်နဲ့ ပေးပို့တာဖြစ်ပါတယ်" ဟု ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုလူငယ်အဖွဲ့ဝင် မောင်ပွင့်က ပြောသည်။

ဂန့်ဂေါမြို့နှင့် ငါးမိုင်ပတ်လည်ရှိ ကျေးရွာများက စားသောက်ကုန်များ၊ ဆေးနှင့် ဆက်စပ်ပစ္စည်းများကို မှာယူချင်ပါက ကိုဇော်ဇော်အောင်၊ ကိုဘွေလဲထန်နှင့် မောင်ပွင့်တို့၏ ဖုန်း - ၀၉၄၅၂၆၅၅၉၉၂ သို့ ဆက်သွယ်၍ မှာယူနိုင်ကြောင်း သိရသည်။

**ထင်အောင်နိုင်(ဂန့်ဂေါ)**



## ဘုတလင်မြို့ ပြည်သူ့ဆေးရုံကြီးသို့ အောက်ဆီဂျင်စက်၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများနှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်း



**ဘုတလင် မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ ရောဂါ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အထောက်အကူပြုပစ္စည်းများကို လှူဒါန်းလျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးမြို့ စန္ဒာအောင် မိသားစုက အောက်ဆီဂျင်စက်၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများနှင့် ဆေးရုံသုံးပစ္စည်းများကို လာရောက်လှူဒါန်းခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ထိုသို့လှူဒါန်းရာတွင် မန္တလေးမြို့ စန္ဒာအောင်စားသောက်ကုန်/ စားသောက်ဆိုင်လုပ်ငန်းစု၏ မိခင်ကြီး ဒေါ်ခင်ညွန့်နှင့်မိသားစုက ငွေကျပ် ၁၄ သိန်းကျော်တန်ဖိုးရှိ အောက်ဆီဂျင်စက် တစ်လုံး၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ အစုံ ၂၀၊ အောက်ဆီဂျင် လေအိုး ထိန်းချုပ်ကိရိယာ နှစ်ခု၊ ချွဲစုပ်စက် တစ်လုံးနှင့် ချွဲစုပ်စက်သုံးပစ္စည်း ၁၀ ခုတို့ကိုလှူဒါန်းရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဖြိုးကျော်အောင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

ကြေးမုံ



# ခေတ်မီနည်းပညာရပ်များ အသုံးပြု၍ ပြည်သူကို အကူအညီပေးလျက်ရှိသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

ဗိုလ်ရွှေ(နတ်မောက်)



ယနေ့ခေတ်ကမ္ဘာကြီးသည် လူသားတို့၏ သဘာဝ သယံဇာတ အလွန်အကျွံ ထုတ်ယူသုံးစွဲမှု၊ စက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုတို့ကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှုပမာဏ တိုးတက်များပြားလာရာမှ ပင်လယ်၊ သမုဒ္ဒရာများ၏ အပူချိန်များ မြင့်မားပူနွေးလာသည်။ ယင်းတို့၏ အကျိုးဆက်ကြောင့် Global Climate Change ဟုခေါ်သော ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပွားလာခဲ့သည်။ သို့အတွက်ကြောင့် ကမ္ဘာ့နေရာအသီးသီးတွင် ကြီးမားသော သဘာဝဘေးအန္တရာယ်ဆိုးကြီးများ ဖြစ်ပွားပေါ်ပေါက်လာခဲ့ရပါသည်။ အဆိုပါ ဘေးအန္တရာယ် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်နှင့် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန် ICT နည်းပညာ အခြေခံ Application များ Software များ၊ အာရုံခံကိရိယာများ၊ ခြေရာခံပစ္စည်းများ တီထွင်ဖန်တီးလာခဲ့ကြပါသည်။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကြောင့် ရင်ဆိုင်ကြုံတွေ့လာရမည့် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ စောင့်ကြည့်လေ့လာမှုများနှင့် တုံ့ပြန်ဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိကြပါသည်။

### ကြိုတင်သတိထား၍ ပြင်ဆင်

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် (Global Climate Change) အရ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ဆိုးရွားစွာ ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် ထိပ်ဆုံး ၁၀ နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံသည် ထိပ်ဆုံး စာရင်းဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါသည်။ ထိုကဲ့သို့သော အခြေအနေတွင် သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ကြိုတင်ကာကွယ်တာဆီးနိုင်သော အရာ မဟုတ်ပါ။ ကြိုတင်သတိထား၍ ပြင်ဆင်ဆောင်ရွက်ထားမှသာ ဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့လာသည့်အခါ ထိခိုက်ဆုံးရှုံးမှု လျော့ပါးသက်သာနိုင်မည် ဖြစ်ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနအနေဖြင့် ရည်မှန်းချက် တာဝန်(၄)ရပ်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူအင်အား၊ အထောက်အကူပစ္စည်း အင်အားနှင့် နည်းပညာတို့ကို အချိုးညီညီ၊ ဟန်ချက်ညီ ဆောင်ရွက်မှသာ ကြုံတွေ့လာမည့် ဘေးအန္တရာယ်များကို ထိရောက်လျင်မြန်စွာ ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ပါသည်။

### သတင်းအချက်အလက်များ မျှဝေ

မီးသတ်ဦးစီးဌာနသည် ယခင်ကာလကပင် တပ်ဖွဲ့ဝင်များအား မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မလေးရှား၊ ထိုင်း၊ စင်ကာပူ၊ တရုတ်၊ ဂျပန်၊ အိန္ဒိယကဲ့သို့သော ပြည်ပနိုင်ငံများသို့ နှစ်စဉ်သင်တန်းသားများ စေလွှတ်တက်ရောက်စေခဲ့သလို အလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်တွင်းသင်တန်းများကိုပါ တက်ရောက်စေခဲ့သည့် အကျိုးကျေးဇူးများကြောင့် သတင်းအချက်အလက် နည်းပညာကဏ္ဍမှာ မရှိမဖြစ် အရေးပါသော ကဏ္ဍတစ်ခုဖြစ်သည်ကို သိရှိနားလည်ခဲ့ကြပါသည်။ သို့ဖြစ်၍ နိုင်ငံတော်၏ e-government လုပ်ငန်းစဉ်များတွင် အဆင်ပြေလွယ်ကူစွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် မီးသတ်ဦးစီးဌာန၏ Website ဖြစ်သော www.fsd.gov.mm ကို ၂၀၀၅ ခုနှစ်ကပင် လွှင့်တင်ဆောင်ရွက်ခဲ့သော်လည်း သတင်းများအား အမြဲတင်ပြနိုင်သော Website တစ်ခုအဖြစ် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ မီးသတ်ဦးစီးဌာနမှ အကြီးအကဲများ၏ လမ်းညွှန်မှုဖြင့် သတင်းအချက်အလက် နည်းပညာတိုးတက်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လာခဲ့ရာ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့မှစတင်၍ www.fsd.gov.mm Website အား အချက်အလက် ပြည့်စုံသော Website တစ်ခုအဖြစ် လွှင့်တင်နိုင်ခဲ့ပါသည်။ ထိုမှတစ်ဆင့် ယနေ့ခေတ် မြန်မာနိုင်ငံတွင် လူသုံးအများဆုံး Social Media တစ်ခုဖြစ်သည့် Facebook တွင် ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့မှ စတင်၍ Myanmar Fire Services Department အမည်ဖြင့် Page တစ်ခု ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး သတင်းများ Update တင်ပြနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ Facebook ဟုခေါ်သော လူမှုကွန်ရက်စာမျက်နှာမှာ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလတွင် အမေရိကန်နိုင်ငံ၌ စတင်မိတ်ဆက် အသုံးပြုခဲ့သည့် လူမှုကွန်ရက် စာမျက်နှာတစ်ခုဖြစ်ပြီး တည်တောင်ခဲ့သူမှာ အမေရိကန်နိုင်ငံ မင်ဆာချူးဆက် ပြည်နယ်ရှိ ကိန်းဘရစ်ချ် တက္ကသိုလ်ကျောင်းသား မာ့ခ်ဇူကာဘတ်က စတင်တည်ထောင်ခဲ့ရာမှ ၎င်း page ၏ အကူအညီဖြင့် ဝေးကွာနေသူ မိသားစုများအချင်းချင်း လက်ဆုံစကားပြောနိုင်ရန်၊ တစ်ဦးနှင့်တစ်ဦး သတင်းအချက်အလက်များ မျှဝေရန်နှင့် အဆက်အသွယ် ပြတ်တောက်နေသူများ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ရှာဖွေတွေ့ရှိနိုင်ရန် ရည်ရွယ်၍ ယနေ့ခေတ်ကာလတွင် Facebook စာမျက်နှာသည် သတင်းအချက်အလက်ဖြန့်ဝေရန်နှင့် အသိပညာပေးရန် အကောင်းဆုံးသော သတင်း Madia Page အဖြစ် ရပ်တည်လျက်ရှိပါသည်။

**မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူအင်အား၊ အထောက်အကူပစ္စည်း အင်အားနှင့် နည်းပညာတို့ကို အချိုးညီညီ၊ ဟန်ချက်ညီ ဆောင်ရွက်မှသာ ကြုံတွေ့လာမည့် ဘေးအန္တရာယ်များကို ထိရောက်လျင်မြန်စွာ ရင်ဆိုင်ကျော်လွှားနိုင်မည်**

Entertainment media ဖြစ်သော Youtube channel တွင် အသိပညာပေးဇာတ်လမ်းတိုများ၊ မီးသတ်တပ်ဖွဲ့လုပ်ငန်းများအား အများပြည်သူကြားတွင် ဖျော်ဖြေရေးကဏ္ဍတစ်ခုအဖြစ် ဖန်တီးပေးထားပါသည်။ ထို့အပြင် ပြည်သူလူထုအတွင်း နေ့စဉ်ကြုံတွေ့နေရသော သဘာဝဘေး၊ လူကြောင့်ဖြစ်သော ဒုက္ခဘေးအပေါင်းကို အချိန်တိုအတွင်း အကူအညီတောင်းခံနိုင်ရန် 191 Report And Dispact Order app တစ်ခုကို ၂၀၁၉ ခုနှစ် စက်တင်ဘာလမှစတင်၍ ချိတ်ဆက်ထုတ်လွှင့်ပေးခဲ့ပါသည်။ 191 Report appကို Android ဖုန်းများသာမက iPhone များပါ အသုံးပြုနိုင်အောင်ဆောင်ရွက်ထားပါသည်။ Google play store နှင့် Apple Store တို့မှ အခမဲ့ Downdload ရယူနိုင်ပါသည်။ အဆိုပါ App ကိုနှစ်နှစ်ခန့် အပင်ပန်းခံ အချိန်ယူရေးဆွဲခဲ့ရပါသည်။

191 Report မိမိဖုန်းတွင် ရှိနေပါက Space တစ်နေရာ ရှုပ်နေမည်လား၊ ဘယ်လိုအကျိုးကျေးဇူးများ ရမည်ဆိုသည်ကို ရှင်းလင်းလွယ်ကူ နားလည်သဘောပေါက်စေရန် ရှင်းပြလိုပါသည်။

191 Report မိမိဖုန်းတွင် ရယူထားခြင်းအားဖြင့် မိမိကိုယ်တိုင် (သို့မဟုတ်) မိမိပတ်ဝန်းကျင်တွင် ဖြစ်ပွားလျက်ရှိသော မတော်တဆမှုများ၊ မီးလောင်မှု၊ ပျားတူအုံဖွဲ့မှု၊ ရေနစ်၊ မြွေဝင်၊ အိမ်မွေးတိရစ္ဆာန်ဒုက္ခကြုံတွေ့ရခြင်းစသော ဘေးဒုက္ခအပေါင်းကို ဖုန်းကင်မရာ ခလုတ်တစ်ချက်နှိပ်ပြီး ဖုန်းစခရင်မှာပေါ်လာမည့် မြားလေးကို တစ်ချက်ထိရုံနှင့် အချိန်တိုအတွင်း ကူညီကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိလာမည်ဖြစ်ပါသည်။

### တွေ့မြင်ဖတ်ရှုကြရမည်

အချိန်တိုအတွင်း ဘယ်လိုရောက်လာမလဲဟု မေးမြန်းစရာများ ရှိလာနိုင်ပါသည်။ လူကြီးမင်းတို့၏ တယ်လီဖုန်းကနေ ပေးပို့လိုက်တဲ့ဓာတ်ပုံဟာ အင်တာနက် လိုင်းကောင်းလျှင် ၁၀ စက္ကန့်အတွင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ Command Center ကို ရောက်ရှိသွားမည်ဖြစ်ပါသည်။ သတင်းရရှိသည်နှင့် ပေးပို့သူထံအမှန်ဟုတ်၊ မဟုတ် အတည်ပြုချက်ယူပြီး ခရီးအကွာအဝေးပေါ်မူတည်ကာ မီးငြိမ်းသတ်ရေးနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိလာမည်ဖြစ်ပါသည်။ 191 Report ကနေ အကူအညီတောင်းခံခြင်းတစ်ခုတည်းသာ မဟုတ်ဘဲ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ဆောင်ရွက်မှုများ၊ မြန်မာပြည်အနှံ့အပြားနေ့စဉ်ဖြစ်ပွားနေသည့် သတင်းများ၊ မိုးလေဝသ သတိပေးချက်များကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်သတင်းများအတိုင်း တွေ့မြင်ဖတ်ရှုကြရမည်ဖြစ်ပါသည်။

191 Report ကို အသုံးပြုနိုင်ရန်အတွက် Play store (သို့မဟုတ်) Apple store များမှ Download ရယူပြီး မိမိ ဖုန်းမှာ Install လုပ်ပါ၊ ဖုန်းထဲမှာ ရောက်ရှိပြီဆိုလျှင် အင်တာနက် ဖွင့်ပါ၊ တည်နေရာပြ GPS ကို ဖွင့်ပါ၊ အသုံးပြုနိုင်ရန် မှတ်ပုံတင်ပါ၊ အတည်ပြုချက် Code နံပါတ်ဖြည့်ပြီးလျှင် စတင်အသုံးပြုနိုင်ပြီဖြစ်ပါသည်။

သတိပြုရန်အနေဖြင့် အကူအညီတောင်းခံရန် ဓာတ်ပုံရိုက်ကူးသည့်အခါ အခင်းဖြစ်ပွားသည့် တည်နေရာမှ ၁၅ မီတာ (သို့မဟုတ်) ပေ ၅၀ အကွာအဝေးမှ ရိုက်ကူးပေးပို့ရမည်ဖြစ်ပါသည်။ ပေ ၅၀ အကွာအဝေးမှ ရိုက်ကူးပေးပို့ရခြင်းမှာ ဖြစ်စဉ်တည်နေရာမှန်ကန်စေရန်အတွက် ဖြစ်ပါသည်။ အဝေးမှရိုက်ကူးပေးပို့ပါက ဖြစ်စဉ်တည်နေရာနှင့် ရိုက်ကူးပေးပို့သူ၏ တည်နေရာ လွဲမှားသွားမည် ဖြစ်ပါ သည်။

### မိမိတို့ဖုန်းတွင် မဖြစ်မနေထည့်သွင်း

သို့ဖြစ်ပါ၍ 191 Report App မိမိတို့ဖုန်းတွင် မဖြစ်မနေထည့်သွင်းထားခြင်းအားဖြင့် မိမိအတွက်၊ မိမိပတ်ဝန်းကျင်အတွက် အကူအညီပေးနိုင်မည် ဖြစ်ပါသည်။

မီးသတ်ဦးစီးဌာနသည် ပြည်သူလူထုအတွက် မီးဘေး၊ ရေဘေး၊ လေဘေး၊ လူကြောင့်ဖြစ်သော ဘေးဒုက္ခများအား ကူညီဆောင်ရွက်ပေးသကဲ့သို့ ကြိုတင်ကာကွယ်ရေးကိစ္စရပ်များကိုလည်း ခေတ်စနစ်နှင့် လျော်ညီစွာ မီးဘေးကြိုတင်ကာကွယ်ရေးစနစ်များ ဖြစ်သည့် မီးလှန့်အချက်ပေးစနစ်များ၊ မီးခိုးထောက်လှမ်းရေးစနစ်များ၊ အပူထောက်လှမ်းရေးစနစ်များ၊ မီးတောက်ထောက်လှမ်းရေးစနစ်များ၊ ရေရရှိရေးစနစ်များ၊ အလိုအလျောက် ရေဖျန်းစနစ်များ၊ အလိုအလျောက် မီးငြိမ်းသတ်ရေး ဓာတ်ငွေ့စနစ်များကို ဟိုတယ်၊ မိုတယ်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ အထပ်မြင့်အဆောက်အဦများ၊ အဆင့်မြင့် ဈေးကြီးများ၊ ဘဏ်များ၊ စာသင်ကျောင်းများတွင် အဆောက်အဦ အမျိုးအစားပေါ်မူတည်၍ မည်ကဲ့သို့ တပ်ဆင်ဆောင်ရွက်ရမည်ကို ဌာနတွင်းရှိ အင်ဂျင်နီယာများဖြင့် နိုင်ငံတကာအဆင့်မီ စစ်ဆေးအကြံပြုပေးလျက်ရှိပါသည်။ မီးငြိမ်းသတ်ရေးစနစ်များတပ်ဆင်ရန် အကြံပြုညွှန်ကြားချက်များ ထုတ်ပေးရသလို အဆောက်အဦအတွင်း နေထိုင်လျက်ရှိသောပြည်သူများ ဘေးအန္တရာယ်ဖြစ်ပွားလာပါက ဘေးကင်းလုံခြုံစွာ အဆောက်အဦအတွင်းမှ ထွက်ခွာနိုင်ရန် လွတ်မြောက်ရာလမ်းကြောင်းများ၊ မီးခိုးတားစနစ်များ၊ ဓာတ်ငွေ့ထောက်လှမ်းရေးစနစ်များ၊ လေဝင်လေထွက်စနစ်၊ ဓာတ်လှေကားများတွင် ပိတ်မိမနေစေရန် မီးပျက်သွားသည့်အခါ အလိုအလျောက် နီးစပ်ရာအထပ်ကို ရောက်ရှိစေမည့်စနစ်၊ မီးဘေးအန္တရာယ်ကြုံတွေ့လာပါက

**စာမျက်နှာ ၁၀ သို့❖**


❖ စာမျက်နှာ ၉ မှ

ခေတ်လေ့ကားမြေညီထပ်သို့ ရောက်ရှိစေမည့် စနစ်များပါ၊ မပါဆိုသည်ကို ဗိသုကာပညာရပ်များ၊ မြို့ပြအင်ဂျင်နီယာပညာရပ်များ၊ အရေးပေါ် လွတ်မြောက်မှုဆိုင်ရာ အင်ဂျင်နီယာပညာရပ်များအပြင်၊ လျှပ်စစ်မီးကြိုးသွယ်တန်းမှု၊ အရေးပေါ် အရန်လျှပ်စစ်ဓာတ်အားရရှိရေးစနစ်များကိုပါ တင်ပြလာသည့် ဒီဇိုင်းရေးဆွဲမှုအပေါ် လိုအပ်သလို ပြင်ဆင်ဖြည့်စွက် အကြံပြုခြင်းများဆောင်ရွက်ပေးလျက် ရှိပါသည်။

အကြံပြုချက်များ ထုတ်ပေးပြီးသော အဆောက်အဦများ တည်ဆောက်ပြီးစီးပါက မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရပါသည်။ မြေပြင်ကွင်းဆင်းသည့်အခါ အဆောက်အဦတွင် တပ်ဆင်ထားသည့် မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးစနစ်များ အရေးပေါ် ဖြစ်ပွားလာပါက စနစ်များ လုပ်ဆောင်နိုင်မှုရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ပြီးပါက မီးဘေးလုံခြုံရေးဆိုင်ရာ ထောက်ခံချက် (Fire Safety Certificate)ကို သက်ဆိုင်ရာ အဆောက်အဦသို့ ပြန်လည်ထုတ်ပေးပါသည်။

**လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည်**

အဆိုပါလုပ်ငန်းစဉ်အဆင့်ဆင့်အား ပြည်သူများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် Myanmar Fire Service Department Online System ကို ပြင်ဆင်ရေးဆွဲလျက်ရှိပါသည်။ ၎င်း App ရေးဆွဲပြီးစီးပါက app.fsd.gov.mm တွင် အလွယ်တကူမှတ်ပုံတင်ဝင်ရောက်၍ အဆောက်အဦမီးဘေးလုံခြုံရေးဆိုင်ရာ အကြံပြုချက်ရယူခြင်းနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ ထောက်ခံချက်ရယူခြင်းလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ App ရေးဆွဲပြီးစီးပါက တရားဝင်ထုတ်ပြန် ကြေညာပေးသွားမည်ဖြစ်ပါ




သည်။

နိဂုံးချုပ်အားဖြင့် တင်ပြရလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ပြည်သူကိုအကူအညီပေးရန် မိမိတို့တွင် အမြဲတာဝန်ရှိသည်ဟူသော ခံယူချက်ကောင်းကို ကိုင်စွဲလျက် မီးဘေး၊ ရေဘေး၊ လေဘေး စသည်တို့အပြင် လူမှုပတ်ဝန်းကျင်တွင် ဖြစ်ပွားလျက်ရှိသော ဘေးဒုက္ခအစုံစုံတို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ မည်သည့်အန္တရာယ် ဖြစ်ပွားသည်ဖြစ်စေ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ခေတ်မီသတင်းအချက်အလက် နည်းပညာများကို အကျိုးရှိစွာအသုံးချ၍ ပြည်သူလူထုကို နေ့စဉ်၊ လစဉ် ကူညီပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ Facebook Account ဖြစ်သော Myanmar Fire Services Departmentမှာ ပြည်သူလူထုအတွက် အချိန်နှင့်တစ်ပြေးညီ သတင်းများအား Live ထုတ်လွှင့်ခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်း၊ သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ခြင်း၊ ပညာပေးဗီဒီယိုဓာတ်လမ်းများ တင်ဆက်ပြသခြင်းများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် Twitter နှင့် YouTube တို့တွင် လည်း Account များပြုလုပ်၍ ပြည်သူလူထုများထံသို့ သတင်းအချက်အလက်နှင့် အသိပညာများ ပေးပို့လျက် ရှိပါသည်။ ထို့ပြင် မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများတွင် ခေတ်မီ သတင်းအချက်အလက် နည်းပညာများ အသုံးပြု၍ ထိရောက်လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် မီးသတ်တပ်ဖွဲ့အား နိုင်ငံတကာနည်းတူ ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရန်အတွက် ခေတ်မီ သတင်းအချက်အလက် နည်းပညာနှင့် ကွန်ပျူတာစနစ်များ ပါဝင်သည့် Command And Control Center တစ်ခုကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားရှိပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ပြည်သူ့အကျိုးကိုရည်မှန်းကာ တိုးတက်ပြောင်းလဲနေသော နည်းပညာရပ်များအား မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာ၍ ခေတ်စနစ်နှင့်အညီ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# သမဝါယမအသင်းက အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**နေပြည်တော် မေ ၃**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ပေါက်တောကျေးရွာတွင် အိမ်ထောင်စုပေါင်း ၅၅၃ စု ရှိပြီး ပေါက်တောစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းတွင် အသင်းသား ၄၃ ဦး ရှိသည်။ ယခုကဲ့သို့ ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ကျေးရွာရှိ အသင်းသားများသာမက ပြည်သူများအားလုံး အလွယ်တကူ ဝယ်ယူစားသုံးနိုင်ရန်အတွက် အသင်းဆိုင်တွင် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ စသည့်အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း၊ လက်ဆေးဆပ်ပြာရည်၊ Hand Gel များကို အမှုဆောင်အဖွဲ့က စီစဉ်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချနေမှုကို နေပြည်တော် သမဝါယမ ဦးစီးဌာနတိုင်းဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးနှင့် မြို့နယ်သမဝါယမ ဦးစီးဌာနမှ ဦးစီးအရာရှိတို့က သွားရောက်ကြည့်ရှုခဲ့ကြပြီး ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး၊ ရောင်းသူနှင့်ဝယ်သူတို့ ရောဂါကူးစက်မှု မရှိစေရေး သုံးပေအကွာမှ တန်းစီဝယ်ယူစေခြင်းတို့ကို မှာကြားခဲ့သည်။

ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းမှာ ဈေးနှုန်းကြီးမြင့်မှု မရှိစေရေးအတွက် ညှိနှိုင်းထိန်းသိမ်းရန် ရည်ရွယ်၍ သမဝါယမ အသင်းများကလည်း ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**



# ရောဝတီတိုင်းဒေသကြီး မြို့နယ်အသီးသီးသို့ တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ ၁၂၃ ဦးရှိ

**ပုသိမ် မေ ၃**

တရုတ်နိုင်ငံမှ ဧရာဝတီတိုင်းဒေသကြီး အတွင်းမြို့နယ် ၁၂ မြို့နယ်ရှိ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ပြန်ဝင်လာသူ အမျိုးသား ၈၂ ဦး၊ အမျိုးသမီး ၄၁ ဦး စုစုပေါင်း ၁၂၃ ဦးသည် ယနေ့ နံနက် ၄ နာရီက ညောင်းတုန်းမြို့နယ် ဆားမလောက်ကျေးရွာ အထက(၁) စောင့်ကြည့်ရေးစခန်းသို့ ရောက်ရှိသည်။ အဆိုပါနေရာမှတစ်ဆင့် သက်ဆိုင်ရာ မြို့နယ်အသီးသီးမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ၎င်းတို့၏ နေရပ်များသို့ ယနေ့ နံနက်ပိုင်းမှစ၍ ခေါ်ဆောင်ခဲ့ကြသည်။

အဆိုပါ ပြန်ဝင်လာသူများအား သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သီးခြားထားရှိ စောင့်ကြည့်နေရာများတွင် ၂၁ ရက် ထားရှိစောင့်ကြည့်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန်းထွန်းအောင်က ပြောကြားသည်။ ယနေ့အချိန်အထိ ဧရာဝတီတိုင်းဒေသကြီးအတွင်းသို့ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ပြန်လည်ဝင်ရောက်လာသူ စုစုပေါင်း ၄၀၇ ဦး ရှိပြီဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

**ကိုတွတ် (ပြန်/ဆက်)**



# ရုရှား၌ တစ်ရက်အတွင်း ၁၀၆၃၃ ဦး ကိုဗစ်-၁၉ ရောဂါ စံချိန်တင်ကူးစက်ခံရ

**မော်စကို မေ ၃**

ရုရှားနိုင်ငံ၌ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၆၃၃ ဦး စံချိန်တင် စမ်းသပ်တွေ့ရှိခဲ့ရာ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၃၄၆၈၇ ဦး ရှိလာကြောင်း၊ ၅၈ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၈၀ ရှိလာကြောင်း၊ ၁၆၂၆ ဦး ပြန်လည်ကျန်းမာလာခဲ့ရာ ပြန်လည်ကျန်းမာလာသူပေါင်း ၁၆၆၃၉ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးဗဟိုဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ရုရှားအစိုးရသည် ဧပြီ ၃၀ ရက်ကတည်းက နိုင်ငံအတွင်း ရောဂါကူးစက်မှုမှတ်တမ်းကို နေ့စဉ် ထုတ်ပြန်လျက်ရှိသည်။

ထို့အတူ မော်စကိုမြို့၌ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၉၄၈ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆၈၆၀၆ ဦး ရှိလာခဲ့သည်။

မော်စကိုမြို့တွင် နေထိုင်သော လူဦးရေ ၁၂ ဒသမ ၆၈ သန်း၏ နှစ်ရာခိုင်နှုန်းခန့်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရဖွယ်ရှိသည်ဟု ရောဂါစမ်းသပ်စစ်ဆေးချက်ရလဒ်များက ညွှန်ပြထားကြောင်း မြို့တော်ဝန် ဆာဂေးဆိုဘီယံနင်က ၎င်း၏ ကိုယ်ပိုင်ဝက်ဘ်ဆိုက်တစ်ခုတွင် ရေးသားဖော်ပြထားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုဆိုင်ရာစည်းမျဉ်းများကို ပိုမိုတင်းကျပ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရုရှားကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ယနေ့ဖော်ပြထားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**




# ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် ကွယ်လွန်သည့်သတင်း ကြေညာရန်ပင် ဆရာဝန်များက ပြင်ဆင်ခဲ့ဟု ဆို

**လန်ဒန် မေ ၃**

ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ခံရမှုကြောင့် ဆေးဝါးကုသမှုခံယူနေရချိန်တွင် မိမိ၏ ကျန်းမာရေးအခြေအနေ ဆိုးရွားနေခြင်းကြောင့် မိမိသေဆုံးသွားပြီဟု ကြေညာရန်ပင် ဆရာဝန်များက ပြင်ဆင်ထားခဲ့ရကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် သူ့အတွေ့အကြုံကို ပြန်ပြောင်းပြောကြားသည်။

မေ ၂ ရက်တွင် အီလက်ထရွန်နစ်စနစ်ဖြင့် ပုံနှိပ်ထုတ်ဝေသည့် သည်ဆန်းသတင်းစာ၏ တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်သည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုနှင့် စပ်လျဉ်း၍ ကနဦးတွင် ပေါ့ပေါ့တန်တန် ပြောကြားခဲ့သည်။

နောက်ပိုင်းတွင်မူ ဘောရစ်ဂျွန်ဆင်သည် ၎င်း၏ ကျန်းမာရေးအခြေအနေ ဆိုးရွားလာပုံကို အလေးမူမိသဖြင့် လန်ဒန်ရှိ ဆေးရုံတစ်ရုံအား ၎င်းတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း ဝန်ခံပြောကြားခဲ့သည်။ အထူးကြပ်မတ်ကုသဆောင်သို့ ပို့ဆောင်ခံရချိန်တွင် မိမိ၏ ကျန်းမာရေးအခြေအနေဆိုးရွားနေပြီဟု သဘောပေါက်လာခဲ့ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**




# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၅၀၀ နီးပါးရှိ



**ဒါကာ မေ ၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မေ ၂ ရက်တွင် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၆၆၅ ဦးရှိကြောင်းနှင့် ယခု ပမာဏသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွား သည့် မတ် ၈ ရက်ကစပြီး ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူဦးရေ အမြင့်မားဆုံးပမာဏဖြစ်သည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၆၅ ဦးရှိပြီး သေဆုံးသူ နှစ်ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန အထက်တန်းတာဝန်ရှိသူ ပါမောက္ခ နာဆီမာဆူလ်တန်က ယနေ့ မွန်းလွဲပိုင်း၌ ကျင်းပသည့် သတင်းထုတ်ပြန်မှုတွင် ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်သည့် အတည်ပြုဦးရေ ၉၄၅၅ ဦးရှိပြီး သေဆုံးသူဦးရေမှာ ၁၇၇ ဦးရှိကြောင်း ပါမောက္ခ နာဆီမာက ဆက်လက်ပြောကြားသည်။ လွန်ခဲ့သည့် ၂၄ နာရီအတွင်း နိုင်ငံတစ်ဝန်းလုံးတွင် ၅၃၆၈ ဦးအား ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**

# ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုက အရှေ့အလယ်ပိုင်းဒေသနှင့် မြောက်အာဖရိကမှ ကလေးငယ်များအား ကာကွယ်ဆေးတိုက်ကျွေးရေးအစီအစဉ်ကို အနှောင့်အယှက်ဖြစ်စေသည်ဟု ကုလသမဂ္ဂ ပြောကြား

**အမ္မန် မေ ၃**

ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါသည် အရှေ့အလယ်ပိုင်းဒေသနှင့် မြောက်အာဖရိကတွင် ကာကွယ်ဆေးတိုက်ကျွေးရေးအစီအစဉ်များကို အနှောင့်အယှက်ဖြစ်စေနိုင်ကြောင်း၊ ကလေးသူငယ် သန်းပေါင်းများစွာသည် ပိုလီယိုနှင့် ဝက်သက်ကာကွယ်ဆေးတိုက်ကျွေးမှုကို လွဲချော်သွားနိုင်ကြောင်း ကုလသမဂ္ဂ နိုင်ငံတကာကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့ (UNICEF) က ယနေ့ သတိပေးပြောကြားသည်။

ယင်းဒေသရှိ နိုင်ငံအများစုသည် ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို ကာကွယ်ရန်အတွက် တင်းကျပ်သည့် ထိန်းချုပ်မှုများအောက်တွင် ပုံမှန်ဆေးထိုးမှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း UNICEF က ပြောကြားသည်။

သို့သော်လည်း ကျန်းမာရေးအလုပ်သမားများသည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေရသဖြင့် အချို့သော ကာကွယ်ဆေးထိုးခြင်းလှုပ်ရှားမှုများကို ဆိုင်းငံ့ထားရကြောင်း UNICEF က အသိပေးပြောကြားသည်။

ကာကွယ်ဆေးထိုးသည့်အစီအစဉ်ကို ရပ်တန့်ထားရသောကြောင့် ကလေးငါးဦးတွင် တစ်ဦး သို့မဟုတ် ငါးနှစ်အောက်ကလေး ၁၀ သန်းသည် ပိုလီယိုကာကွယ်ဆေးထိုးခြင်းကို လွဲချော်နိုင်ဖွယ်ရှိကြောင်း၊ အသက် ၁၅ နှစ်အောက် ကလေး ၄ ဒသမ ၅ သန်းနီးပါးသည် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို လွဲချော်နိုင်ဖွယ်ရှိနေကြောင်း UNICEF က ကြေညာချက်ထုတ်ပြန်သည်။

**အလွန်အရေးကြီး**

UNICEF ၏ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး တက်ချိုင်ဘန်က ကလေးများကို ပိုလီယို၊ ဝက်သက်၊ ဆုံဆို့နာနှင့် အသည်းရောင်ရောဂါအပါအဝင် အခြားရောဂါကာကွယ်ဆေးများ တိုက်ကျွေးခြင်းသည် အလွန်အရေးကြီးကြောင်း ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်အချိန်တွင်ပင် ပိုးသတ်ဆေးဖျန်းခြင်း၊ အကာအကွယ်ဝတ်စုံဝတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်း စသည့်အစီအမံများဖြင့် ကလေးသူငယ်များအား ကာကွယ်ဆေးတိုက်ကျွေးနိုင်ပါကြောင်း ၎င်းက ပြောကြားသည်။

**သတိပေး**

နိုင်ငံအများအပြားသည် ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါကို တိုက်ထုတ်နေချိန်တွင် ကာကွယ်ဆေးတိုက်ကျွေးခြင်းအစီအစဉ်ကို လျှော့ချနေကြသဖြင့် ကမ္ဘာတစ်ဝန်းမှ ကလေးငယ် ၁၁၇ သန်းသည် ဝက်သက်ရောဂါ ကူးစက်ခံရမည့်အန္တရာယ်ရှိနေကြောင်း UNICEF နှင့် WHO က ဧပြီလလယ်က သတိပေးခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုသည် အစုလိုက် အပြုံလိုက် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများအတွက် မကြုံစဖူး ကြီးမားသည့် ထိုးနှက်ချက်ဖြစ်ကြောင်း၊ ပိုလီယိုရောဂါ ပြန်လည်ခေါင်းထောင်လာမည့် အန္တရာယ် ပေါ်ပေါက်စေကြောင်း ပိုလီယိုရောဂါကို တိုက်ဖျက်နေသည့် UNICEF ၏ အကြီးအကဲက အေအက်ဖ်ပီ သတင်းဌာနသို့ ဧပြီလ အစောပိုင်းက ပြောကြားခဲ့သည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - အောင်ဇော်လင်း**

# ကင်ဂျုံအန် ပြန်လည်ကျန်းမာလာခြင်းကို ဝမ်းမြောက်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပြောကြား

**ဝါရှင်တန် မေ ၃**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်မှာ ကျန်းမာရေးကောင်းမွန်ကြောင်းနှင့် ပြည်သူ့ရှေ့မှောက်သို့ တစ်ဖန်ရောက်ရှိလာခြင်းအတွက် ဝမ်းမြောက်ပါကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့တွင် ပြောကြားလိုက်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် မကျန်းမမာဖြစ်ခဲ့ကြောင်း ထင်ကြေးပေးမှုများ ထွက်ပေါ်လာပြီးနောက် သီတင်းသုံးပတ်နီးပါးအကြာတွင် ပြည်သူ့ရှေ့မှောက်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် ယခုလို ပြန်လည်ကျန်းမာလာသည်ကို မြင်တွေ့ရသဖြင့် ဝမ်းမြောက်မိပါကြောင်း သမ္မတထရမ့်က ၎င်း၏တွစ်တာ စာမျက်နှာတွင် ရေးသားခဲ့သည်။

မေ ၁ ရက်က ကျင်းပသည့် မြို့တော်ပြုံယမ်း မြောက်ပိုင်း ဆွန်ချွန်ဒေသရှိ ဓာတ်မြေဩဇာစက်ရုံတစ်ခု ဖွင့်ပွဲတွင် ပေါ်ပေါ်လွင်လွင်ပြုံးနေသည့် ကင်ဂျုံအန်ကို မြောက်ကိုရီးယား နိုင်ငံပိုင်ရုပ်မြင်သံကြားက ပြသခဲ့ခြင်း ဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ အရေးပါဆုံးနေ့တစ်နေ့ ဖြစ်သည့် မြောက်ကိုရီးယားနိုင်ငံကို တည်ထောင်သော ကင်ဂျုံအန်၏ အဘိုးဖြစ်သူမွေးနေ့အတွက် ဧပြီ ၁၅ ရက်က ကျင်းပသည့်အခမ်းအနားတွင် ကင်ဂျုံအန် တက်ရောက်လာခြင်းမရှိသည့်နောက်ပိုင်း ကင်ဂျုံအန်၏ ကျန်းမာရေး အခြေအနေနှင့်စပ်လျဉ်းသည့် ကောလာဟလများ ထွက်လာခဲ့ခြင်းဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အလင်းသစ်**





# ဥဇဘက်ကစ္စတန်၌ ဆည်တစ်ခုကျိုးပေါက်ပြီး ရေလွှမ်း လူ ၇၀၀၀၀ နီးပါး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရ

**တာ့ရှ်ကင့် မေ ၃**

ဥဇဘက်ကစ္စတန်နိုင်ငံ အလယ်ပိုင်းရှိ ဆိုင်ဒါယာဒေသ၌ ဆည်တစ်ခုကျိုးပေါက်ခဲ့ပြီး လူနေဒေသများနှင့် သီးနှံစိုက်ခင်းများ ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့၍ လူဦးရေ ၇၀၀၀၀ ဝန်းကျင်ခန့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ဥဇဘက်အရေးပေါ်လုပ်ငန်းဝန်ကြီးဌာနက ယမန်နေ့က ပြောကြားသည်။

ယင်းဒေသတွင် ဆည်ကျိုးပေါက်မှုဖြစ်ပွားပြီး ရေလွှမ်းမိုးမှုများကြောင့် လူ ၅၆ ဦးထက်မနည်း ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီးနောက်တွင် ဆေးရုံတင်ကုသမှုများပြုလုပ်ထားရကြောင်း ဥဇဘက်အရေးပေါ်လုပ်ငန်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

မိုးသည်းထန်စွာရွာသွန်းမှုများနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် မေ ၁ ရက် နံနက်ပိုင်းတွင် အဆိုပါ ဆည်ကျိုးပေါက်ခဲ့ခြင်းဖြစ်သည်။ ဆည်ကျိုးပေါက်ပြီး ရေလွှမ်းမိုးမှုကြောင့် လူနေအိမ်များ၊ ဆက်သွယ်ရေးကွန်ရက်များနှင့် သီးနှံစိုက်ပျိုးမြေများ အကြီးအကျယ်ပျက်စီးခဲ့ရကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

ဥဇဘက်ကစ္စတန်နိုင်ငံ သမ္မတက အခင်းဖြစ်နေရာသို့ သွားရောက်ခဲ့ပြီး အခြေအနေအား ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်းနှင့် အထိတ်တလန့် ဖြစ်စရာအကြောင်းမရှိကြောင်း ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် - ဇော်ဝင်း**

# လာအိုနိုင်ငံ၌ ၂၁ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ထပ်မံတွေ့ရှိခြင်းမရှိ

**ဗီယင်ကျန်း မေ ၃**

လာအိုနိုင်ငံ၌ ၂၁ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ထပ်မံတွေ့ရှိခြင်းမရှိကြောင်း လာအိုကျန်းမာရေးဒုတိယဝန်ကြီး ဖောင်သွန်းမီအောင်ပတ်ခ်က ယနေ့ ပြောကြားလိုက်သည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ အသစ်ထပ်မံမတွေ့ရှိရကြောင်း၊ လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၉ ဦးသာရှိပြီး သေဆုံးသူ မရှိကြောင်း ဒုတိယဝန်ကြီး ဖောင်သွန်းမီအောင်ပတ်ခ်က ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

လာအိုနိုင်ငံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အမျိုးသားလုပ်ငန်းအင်အားစုကော်မတီက နိုင်ငံတစ်ဝန်းရှိ သီးခြားစောင့်ကြည့်ရေးစင်တာ ၁၄၇ ခုတွင် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ သီးခြားစောင့်ကြည့်ခံရသူ ၆၃၉ ဦးရှိပြီး နေအိမ်များ၌ သီးခြားစောင့်ကြည့်ခံရသူ ၄၀၀ ခန့်ရှိသည်ဟု ပြောကြားခဲ့သည်။

မေ ၃ ရက်အထိ ပြည်သူ ၂၁၈၄ ဦးကို ဆေးစစ်ခဲ့ရာ ၁၉ ဦးသာ ရောဂါပိုးတွေ့ရှိခဲ့ပြီး ယင်းတို့အနက် ကိုးဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာခဲ့သည်။

အဆိုပါ ကျန်းမာလာသူ ကိုးဦးအနက် ခြောက်ဦးမှာ မြို့တော်ဗီယင်ကျန်းမှဖြစ်ပြီး ကျန်သုံးဦးမှာ လောင်ပရာဘန်စီရင်စုမှ ဖြစ်ကြောင်း သိရသည်။



လာအိုနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူကို မတ် ၂၄ ရက်တွင် ပထမဆုံး တွေ့ရှိခဲ့သည်။

လက်ရှိအချိန်တွင် လာအိုနိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအခြေအနေသည် အာဆီယံ ၁၀ နိုင်ငံအတွင်း၌ ကူးစက်ခံရသူ အရေအတွက် အနည်းဆုံးဖြစ်သည်။

ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် နည်းပါးသော်လည်း လာအိုအစိုးရက ဗိုင်းရပ်စ် ကာကွယ်ရေးလုပ်ငန်းစဉ်များကို တင်းတင်းကျပ်ကျပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်တာအတွင်း ၆၆ ဦးသေဆုံး၊ သေဆုံးသူပေါင်း ၁၂၁၈ ဦးရှိလာ

**နယူးဒေလီ မေ ၃**

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၇၃၃၆ ဦးရှိလာပြီး ၎င်းတို့အနက် လူနာ ၁၂၁၈ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၉၉၅၀ သည် ရောဂါမှပြန်လည် ကျန်းမာလာပြီး ဆေးရုံများမှ ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများတွင် နိုင်ငံခြားသား ၁၁၁ ဦးပါဝင်သည်။

ထို့အပြင် အိန္ဒိယနိုင်ငံတွင် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူလူနာ ၆၆ ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၁၈ ဦးရှိလာခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၁၈ ဦးရှိသည့် အနက် ၄၈၅ ဦးသည် မဟာရာရှ့်ထရာပြည်နယ်တွင် သေဆုံးခဲ့ပြီး အိန္ဒိယနိုင်ငံတွင် သေဆုံးမှုအများဆုံးပြည်နယ်ဖြစ်သည်။ ထို့အတူ ဂူဂျာရတ်ပြည်နယ်တွင် ၂၃၆ ဦး၊ မာဒဟီယာ ပရာဒေ့ရှ်ပြည်နယ်တွင် ၁၄၅ ဦး၊ ရာဂျာ့စ်သန်ပြည်နယ်တွင် ၆၂ ဦး၊ ဒေလီဒေသတွင် ၆၁ ဦး၊ အူတာပရာဒေ့ရှ်ပြည်နယ်တွင် ၄၂ ဦးနှင့် အနောက်ဘင်ဂေါလ်နှင့် အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ၃၃ ဦးစီ အသီးသီး သေဆုံးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါသည် အိန္ဒိယနိုင်ငံရှိ ပြည်နယ်နှင့် ဒေသအများအပြားသို့ ကူးစက်ပျံ့နှံ့သွားရာ မဟာရာရှ့်ထရာ ပြည်နယ်တစ်ခုတည်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၁၅၀၆ ဦးရှိပြီး နိုင်ငံအတွင်း ရောဂါကူးစက်မှုနှုန်း အများဆုံးပြည်နယ်ဖြစ်လာခဲ့သည်။

ထို့အတူ မဏိပူရ်ပြည်နယ်နှင့် ထရီပူရပြည်နယ်တွင် နှစ်ဦးစီနှင့် မိဇိုးရမ်းပြည်နယ်နှင့် အာရူနာချာလ်ပရာဒေ့ရှ် ပြည်နယ်တွင် လူတစ်ဦးစီ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီး အိန္ဒိယနိုင်ငံတွင် ရောဂါကူးစက်မှုနှုန်း အနိမ့်ဆုံးပြည်နယ်များဖြစ်ကြောင်း သိရသည်။

**ကိုးကား - ပီတီအိုင်**
**ဘာသာပြန် - ဂျေတီ**



# ကိုရိုနာဗိုင်းရပ်စ် ကုသဆေးနှင့် ကာကွယ်ဆေး သုတေသနအတွက် ငွေကြေးထောက်ပံ့ရန် အစီအစဉ်ကို ဥရောပခေါင်းဆောင်များက ထောက်ခံ

**လန်ဒန် မေ ၃**

ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ယူရိုငွေ ၇ ဒသမ ၅ ဘီလီယံ (ဒေါ်လာ ၈ ဒသမ ၃ ဘီလီယံ) ခန့် ရန်ပုံငွေရှာဖွေရေးအတွက် ဥရောပကော်မရှင်က အဆိုပြုသည့် စီမံကိန်းကို ဥရောပခေါင်းဆောင်များက ထောက်ခံအားပေးကြသည်။

ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်က ကိုဗစ်-၁၉ ရောဂါ ကုသဆေးနှင့် ကာကွယ်ဆေး ရှာဖွေရန် နိုင်ငံတကာ ကြိုးပမ်းဆောင်ရွက်မှုများအတွက် ရန်ပုံငွေ ရှာဖွေရေးအစီအစဉ်ကို သောကြာနေ့က အကြမ်းဖျင်း ပြောကြားခဲ့သည်။

သုတေသနလုပ်ငန်းကို ငွေကြေးထောက်ပံ့ရာတွင် ဟာကွက်များကိုဖြည့်ရန်အတွက် အွန်လိုင်းအစည်းအဝေးကို မေ ၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အီတလီဝန်ကြီးချုပ် ဂီယူ ဆက်ပီ ကွန်တီ၊ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်နှင့် ဂျာမနီဝန်ကြီးချုပ် အန်ဂျလာ မာကယ်တို့၏ အဆိုပါစီမံကိန်းကို ထောက်ခံသည့် အိတ်ဖွင့်ပေးစာများကို မေ ၂ရက်နှင့် ၃ ရက်တို့တွင် ထုတ်ဝေသည့် သတင်းစာများတွင် ဖော်ပြပါရှိသည်။

ဥရောပကောင်စီ ဥက္ကဋ္ဌ ချားလ်စ် မီချယ်နှင့် နော်ဝေဝန်ကြီးချုပ် အမ်မာ ဆိုလ်ဘာ့ဂ်တို့ကလည်း လက်မှတ်ရေးထိုးခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ် ပြဿနာကိုင်တွယ်ပုံနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံ၏ဝေဖန်မှုကို ရင်ဆိုင်နေရသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို ထောက်ခံခဲ့ကြသည်။

ရရှိသည့် ရန်ပုံငွေဖြင့် သိပ္ပံပညာရှင်များ၊ အဖွဲ့အစည်းများ၊ စက်မှုလုပ်ငန်းများ၊ အစိုးရအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပရဟိတလုပ်ငန်းအဖွဲ့များနှင့် ကျန်းမာရေးစောင့်ရှောက်မှုပညာရှင်များအကြား မကြုံဖူးသည့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို စတင်မည်ဖြစ်ကြောင်း ခေါင်းဆောင်များက ပြောကြားသည်။

သို့သော်လည်း ဆေးဝါးများထုတ်လုပ်ရန်နှင့် ကမ္ဘာတစ်ဝန်းသို့ ပို့ဆောင်ရန်အတွက် ငွေကြေး ပို၍ လိုအပ်နေသေးကြောင်း ခေါင်းဆောင်များက သတိပေးပြောကြားသည်။

ကမ္ဘာတစ်ဝန်းလုံးအတွက် ထုတ်လုပ်သည့် ကာကွယ်ဆေး ပေါ်ပေါက်အောင် မိမိတို့လုပ်နိုင်ပါက ထိုသို့လုပ်ဆောင်နိုင်ခြင်းသည် ၂၁ ရာစု၏ တစ်မူထူးခြားသည့် ကမ္ဘာလုံးဆိုင်ရာ ပြည်သူလူထုကောင်းကျိုးဖြစ်လာမည်ဟု ခေါင်းဆောင်များက ပြောကြားသည်။

**ကိုးကား- အေအက်ဖ်ပီ၊ ဘာသာပြန်- အောင်ဇော်လင်း**




အီတလီဝန်ကြီးချုပ် ဂီယူ ဆက်ပီ ကွန်တီနှင့် ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်



ပီရူးသမ္မတ မာတင် ဗက်ဇ် ကာရာ

# ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရာတွင် တရုတ်နိုင်ငံ၏ ပံ့ပိုးကူညီမှုကို ပီရူးသမ္မတ ကြိုဆို

**လီမာ မေ ၃**

ပီရူးနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု ဆန့်ကျင်တိုက်ဖျက်ရေး ဆက်လက်လုပ်ဆောင်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ကတိကဝတ်နှင့် ထောက်ခံမှုကို ပီရူးသမ္မတ မာတင် ဗက်ဇ် ကာရာက ကြိုဆိုခဲ့သည်။

ဧပြီလ ၃၀ ရက်က တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဖုန်းဖြင့် စကားပြောဆိုခဲ့ပြီး တရုတ်နိုင်ငံက ပီရူးနိုင်ငံသို့ ပံ့ပိုးကူညီမှုများ ဆက်လက်လုပ်ဆောင်မည်ဟု သမ္မတ ရှီကျင့်ဖျင်က ကတိပြုခဲ့ကြောင်း လီမာမြို့တော်ရှိ အစိုးရအိမ်တော်၌ မိန့်ခွန်းတစ်ခုအတွင်း ဗက်ဇ်ကာရာက ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် ပီရူးအစိုးရနှင့် ပြည်သူများကို တရုတ်နိုင်ငံက အထောက်အပံ့များ ပေးလျက်ရှိသည့်အပြင် ပံ့ပိုးကူညီမှုများကိုလည်း တတ်နိုင်သမျှဆက်လက်ပြုလုပ်မည်ဟု ဖုန်းပြောဆိုမှုအတွင်း သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။ ဆေးဘက်ဆိုင်ရာ ထောက်ပံ့မှုတွင်သာမက သိပ္ပံဆိုင်ရာ သတင်းအချက်အလက်များတွင် တရုတ်နိုင်ငံ၏ ကြီးမားသော ကတိကဝတ်ပြုထားပြီး လာမည့်သီတင်းပတ်များအတွင်း ပီရူးနိုင်ငံ၌ အပြုသဘောဆောင်သော ရလဒ်များ ကြုံတွေ့လာမည်ဟု ဗက်ဇ်ကာရာက ဆိုသည်။

လက်ရှိအချိန်ထိ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၄၂၅၃၄ ဦးနှင့် သေဆုံးသူ ၁၂၀၀ ခန့်ရှိပြီး အရေးပေါ်အခြေအနေ ကြေညာကာ အသွားအလာ ကန့်သတ်မှုစီမံချက်များ အကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- ကျော်ထိုက်စိုး**

# နိုင်ငံအတွင်း ရောက်ရှိလာသော ခရီးသွားများကို သီးခြားစောင့်ကြည့်ရန် ပြင်သစ်စီစဉ်

**ပါရီ မေ ၃**

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှု တားဆီးရေးအစီအမံများ၏ တစ်စိတ်တစ်ဒေသအဖြစ် နိုင်ငံအတွင်း ရောက်ရှိလာသူအားလုံးကို ပြင်သစ်နိုင်ငံက နှစ်ပတ်ကြာ သီးသန့်ခွဲထားမှု ပြုလုပ်တော့မည်ဖြစ်သည်။

ပြင်သစ်ကျန်းမာရေးဝန်ကြီး အိုလီဗီယာဗီရန်က ထိုစီမံချက်ကို ယမန်နေ့က ကြေညာခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကျဆင်းလာခြင်းကြောင့် ပြင်သစ်နိုင်ငံက မေ ၁၁ ရက်တွင် အသွားအလာကန့်သတ်မှု အစီအစဉ်များ ဖြေလျှော့ရန် စီစဉ်လျက်ရှိသည်။ အရေးပေါ်အခြေအနေကို မူလသတ်မှတ်ထားသည့် မေ ၂၄ ရက်မှ ဇူလိုင် ၂၄ ရက်အထိ သက်တမ်းတိုးရန် လိုအပ်ကြောင်း ဗီရန်က ပြောကြားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့သည် ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ ပြင်သစ်နိုင်ငံသို့ ဝင်ရောက်လာသူများအနေဖြင့် စမ်းသပ်မှုခံယူကာ သီးသန့်ခွဲနေမှုကို မဖြစ်မနေလုပ်ဆောင်ရမည်ဟု ၎င်းက ဆိုသည်။

ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုအန္တရာယ် ထပ်မံမပြန့်ပွားစေရန် ပြည်သူများအနေဖြင့် မေ ၁၁ ရက်နောက်ပိုင်း သတိဖြင့် ဆက်နေသင့်ကြောင်း ၎င်းက သတိပေးခဲ့သည်။ သီးသန့်ခွဲထားမှုအစီအမံတွင် လူများ ရုတ်တရက်စုပြုံလာမှုကို တားဆီးနိုင်ရန် ပြင်သစ်အစိုးရက ပြင်ဆင်လျက်ရှိသည်။

အဆိုပြုချက်ကို မေ ၄ ရက်တွင် လွှတ်တော်သို့တင်သွင်းကာ တစ်ပတ်အတွင်း အတည်ပြုမည်ဟု မျှော်မှန်းရသည်။ စတိုးဆိုင်၊ ကော်ဖီဆိုင်နှင့် စားသောက်ဆိုင်ကြီးများမှလွဲ၍ မေ ၁၁ ရက်မှစ၍ ပြင်သစ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများကို ပြန်ဖွင့်ခွင့်ပြုမည် ဖြစ်သည်။ ပြည်သူများကို နေအိမ်များမှ ကီလိုမီတာ ၁၀၀ အတွင်း လွတ်လပ်စွာ သွားလာခွင့်ပြုမည်ဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- ကျော်ထိုက်စိုး**

# စစ်မဲ့ဇုန်အတွင်း မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားတပ်ဖွဲ့များ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွား

**ဆိုးလ် မေ ၃**

ယမန်နေ့က မြောက်ကိုရီးယားနိုင်ငံမှ ပစ်ခတ်သည့် သေနတ်ကျည်များက နှစ်နိုင်ငံကို ပိုင်းခြားထားသည့် စစ်မဲ့ဇုန်အတွင်းရှိ တောင်ကိုရီးယား ကင်းတဲတစ်ခုကို ထိမှန်ခဲ့ရာ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော်က ပြောကြားသည်။

တောင်ကိုရီးယားဘက်ခြမ်းတွင် ထိခိုက်သေဆုံးမှု မရှိခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော်က ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ တင်းမာမှုဖြစ်ပွားရာ ၁၅၅ မိုင်ရှည်လျားသော စစ်မဲ့ဇုန်သည် ကမ္ဘာပေါ်တွင် အန္တရာယ်အများဆုံး စစ်မဲ့ဇုန်ဖြစ်သည်။ အခြေအနေ မဆိုးရွားလာစေရန် စစ်ဘက်သုံး အရေးပေါ်ဖုန်းလိုင်းတစ်ခုမှတစ်ဆင့် မြောက်ကိုရီးယားနိုင်ငံသို့ ဆက်သွယ်နေကြောင်း တောင်ကိုရီးယားနိုင်ငံက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံက အဘယ်ကြောင့် ပစ်ခတ်ခဲ့ရသည်ဆိုသည်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ခြင်း မရှိပေ။ ခေါင်းဆောင် ကင်ဂျုံအန်သည် သုံးပတ်အတွင်း ပထမဆုံးအကြိမ် ပြည်သူ့ရှေ့မှောက် ပြန်ထွက်ပေါ်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံက ကြေညာခဲ့ပြီး တစ်ရက်အကြာတွင် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံကြား နယ်စပ်မှာ မိုင်းများ၊ ကင်းတဲများ၊ တံတိုင်းများနှင့် ပြည့်နှက်နေပြီး နှစ်ဖက်စလုံးတွင် တပ်ဖွဲ့ဝင် နှစ်သန်းနီးပါးက တိုက်ပွဲဝင်ရန် အသင့်ရှိနေသည်။ ပြီးခဲ့သောနှစ်များအတွင်းကလည်း နှစ်နိုင်ငံတပ်မတော်များက အပြန်အလှန်ပစ်ခတ်မှုများ ရံဖန်ရံခါ ဖြစ်ပွားခဲ့သည်။

၁၉၅၀-၅၃ ခုနှစ် ကိုရီးယားစစ်ပွဲကို ငြိမ်းချမ်းရေးစာချုပ် မဟုတ်သည့် ယာယီအပစ်အခတ်ရပ်စဲရေးဖြင့် ရပ်တန့်ပြီးနောက် ကိုရီးယားနှစ်နိုင်ငံမှာ နည်းစနစ်ပိုင်းအရ စစ်ပွဲအခြေအနေ ဆက်လက်ဖြစ်ပွားနေသည်။

မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားပိုင် နယ်စပ်ကျွန်းတစ်ခုသို့ အမြောက်ဖြင့်ပစ်ခတ်ခဲ့ရာ တောင်ကိုရီးယား ကမ်းတက်တပ်ဖွဲ့ဝင် နှစ်ဦးနှင့် အရပ်သား နှစ်ဦး သေဆုံးခဲ့သည်။ တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားနိုင်ငံဘက်သို့ အမြောက်ဖြင့် ပြန်လည်ပစ်ခတ်မှု လုပ်ဆောင်ခဲ့သည်။

ထိုနှစ်အစောပိုင်းတွင် မြောက်ကိုရီးယား ရေငုပ်သင်္ဘောတစ်စင်းက ထိုကျွန်းအနီး ရေပိုင်နက်အတွင်း တော်ပီဒိုဖြင့်တိုက်ခိုက်ခဲ့ရာ တောင်ကိုရီးယားသင်္ဘော နစ်မြုပ်ခဲ့ပြီး အမှုထမ်း ၄၆ ဦး သေဆုံးခဲ့သည်။

**ကိုးကား- သည်နယူးယောက်တိုင်းမ်**
**ဘာသာပြန်- ကျော်ထိုက်စိုး**

# အာဖဂန်နစ္စတန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွား

**ကဘူး မေ ၃**

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဘတ်ဂျလန်စီရင်စုရှိ တာလာအိုဘာဖက်ခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးခဲ့ပြီး လူနေအိမ်အများအပြား ပျက်စီးဆုံးရှုံးခဲ့ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး အဒူအာမက်ဘာဖာကီက ယနေ့ပြောကြားခဲ့သည်။

မေ ၂ ရက် ညနေပိုင်းတွင် တာလာအိုဘာဖက်ခရိုင်အတွင်း၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ ရေကြီးရေလျှံမှုများကြောင့် လေးဦးသေဆုံးပြီး လယ်ယာစိုက်ခင်းများအပါအဝင် လူနေအိမ်အများအပြား ပျက်စီးခဲ့သည်။

ကယ်ဆယ်ရေးလုပ်သားများက ရေဘေးဒုက္ခသည်များအား ရှာဖွေကယ်ဆယ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# တာချီလိတ်၊ ပင်လောင်းနှင့် လားရှိုးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော်  မေ  ၃**

တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၆ နာရီက တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ဟိုရမ်း(၁) ကျေးရွာနေ ကမ်ခမ်း၏နေအိမ်ကိုရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀ နှင့် Toyota Mark II အမျိုးအစား မော်တော်ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့မွန်းလွဲ ၃နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ပင်လောင်း-ထာငိုကျေးရွာသွားကားလမ်း မိုင်တိုင်အမှတ် (၂/၅၅)အနီးတွင် တွေ့ရှိသူ သန်းနိုင်(ခ)ထွန်းနိုင်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း၊

ထို့အတူ ယင်းနေ့ညနေပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် နောင်လိုင်ကျေးရွာ အနီး လားရှိုး-နမ္မတူသွားကားလမ်းပေါ်တွင် အိုက်ထွေးမောင်းနှင်ပြီး မအေးအိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူ ထားကြောင်း သိရသည်။



ကမ်ခမ်းအား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ရဲပြန်ကြား

# တရားမဝင်ကုန်ပစ္စည်းများ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  မေ  ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၇၆ စီး၊ သွင်းကုန် ၇၇၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် အစီး ၁၉၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၃၀ တန်ဖိုးရှိ Toyota Crown အမျိုးအစား တရားမဝင် လိုင်စင်မဲ့ယာဉ် တစ်စီးကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လက်ပံတန်းမြို့၌ ခိုးမှုကျူးလွန်သူအား ဖမ်းဆီးအရေးယူ

**လက်ပံတန်း  မေ  ၃**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မျိုးညွန့်၊ နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ် ရာဇာမျိုးဦးနှင့် တပ်ဖွဲ့ဝင်များသည် မင်းရပ် ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး တို့နှင့်အတူ ယမန်နေ့ ညနေ ၆ နာရီခန့်က လှည့်ကင်းဆောင်ရွက်နေစဉ် မင်းရပ် ရပ်ကွက် လမ်းမတော်လမ်း ဘိုချစ်ကွမ်းယာဆိုင်အနီးတွင် သက်ပိုင်ကျော်အား စစ်ဆေးရာ ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ ဖုန်းနှစ်လုံး၊ Power Bankတစ်လုံး၊ သော့နှစ်ချောင်း၊ စက်ဘီးသော့ နှစ်ချောင်းတို့နှင့်အတူ တွေ့ရှိပြီး ၎င်းပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာပြောဆိုနိုင်ခြင်းမရှိသဖြင့် ရဲစခန်းသို့ခေါ်ယူစစ်ဆေးရာ ကွမ်းခြံကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ခိုးယူလာကြောင်း ဝန်ခံထွက်ဆိုသဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ ၀၅၀

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# လေးမျက်နှာမြို့နယ်၌ သစ်တင်ယာဉ် တိမ်းမှောက်၊ လေးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရ

**နေပြည်တော်  မေ  ၃**

လေးမျက်နှာမြို့နယ်၌ မေ ၁ ရက် ည ၁၁ နာရီ မိနစ် ၅၀ ခန့်က သစ်တင် ယာဉ်တိမ်းမှောက်၍ လေးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝေယံစိုးမောင်းနှင်ပြီး တစ်ရွာတည်းနေ ဦးတင်အုန်းပါ ၁၀ ဦး လိုက်ပါလာသည့် ခြောက်ဘီးယာဉ်သည် မေ ၁ ရက် ည ၁၁ နာရီ မိနစ် ၅၀ က တရားမဝင် သစ်ခွဲသားမျိုးစုံ နှစ်တန်ခန့်အား တင်ဆောင်လျက် ဝါးတောကွင်းကျေးရွာမှ ဒေါင့်ကွေးကျေးရွာဘက်သို့ ဝါးတောကွင်း-ဒေါင့်ကွေးကားလမ်းအတိုင်း မောင်းနှင်လာစဉ် လေးမျက်နှာမြို့နယ် ကြက်ပေါင်ရိုးတံတားသို့အရောက်တွင် အရှိန် မထိန်းနိုင်ဘဲ တံတားယာဘက်ပေါင်အားဝင်တိုက်မိ၍ အနက် ခြောက်ပေခန့်ရှိချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ပြီး ယာဉ်မောင်း ဝေယံစိုးမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ဦးတင်အုန်းပါ လေးဦးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး အောင်ထက်နိုင်ပါ ခြောက်ဦးတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ဝေယံစိုးအား လေးမျက်နှာ မြို့မရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မဖြင့်လည်းကောင်း၊ သစ်ပိုင်ရှင် ဝါးတောကွင်းကျေးရွာနေ ပေါက်ကင်း၊ ယာဉ်ပိုင်ရှင် ခင်မြင့်၊ ယာဉ်မောင်း ဝေယံစိုးနှင့် ယာဉ်ပေါ်လိုက်ပါလာသူ အောင်ထက်နိုင်ပါ ခြောက်ဦး စုစုပေါင်း ကိုးဦးတို့အား သစ်တောဥပဒေပုဒ်မဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# Coronavirus Disease-2019(COVID-19) ရောဂါကာလကို အခွင့်ကောင်းယူ၍ မှုခင်းကျူးလွန်နေမှုများအား ပြည်သူများသို့ အသိပေးနှိုးဆော်ခြင်း

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ(Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease-2019 (COVID-19) စတင်ဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ခရီးသွားလာမှုကန့်သတ်ခြင်း၊ အများပြည်သူတို့၏ လုံခြုံမှုပုံစံကန့်သတ်ခြင်း၊ မြို့/ရွာများ လူဝင်/လူထွက် စိစစ်ခြင်း၊ ခရီးသည်ပို့ဆောင်ရေး ယာဉ်၊ ရထား၊ လေယာဉ်များ ကန့်သတ်ခြင်း၊ ညမထွက်ရအမိန့် ထုတ်ပြန်ခြင်း၊ အထူးသဖြင့် Home Stay နေထိုင်စေခြင်း စသည့် အရေးပေါ်အစီအမံများအား ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဤကဲ့သို့ ထိန်းချုပ်ဆောင်ရွက်နေရမှုများကို ဒုစရိုက်သမားများ၊ ဝိသမလောဘ စီးပွားရေးသမားများက အခွင့်ကောင်းယူ၍ အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

- (က) ဒုစရိုက်သမားများအား ပြင်ပတွင် တွေ့မြင်ရမှုနည်းပါးသွားပြီး Online နှင့် အိမ်တွင်း ကျူးလွန်မှုများအဖြစ်သို့ ပြောင်းလဲသွားခြင်း။
- (ခ) ကပ်ရောဂါအပေါ် ကြောက်ရွံ့ခြင်းနှင့် စိုးရိမ်မှုလွန်ကဲလာခြင်း တို့ကြောင့် ပြည်သူများလိုအပ်သည့် အစားအသောက်နှင့် ကျန်းမာရေးအတွက် ဆေးဝါးများကို တုပမှုများလာခြင်းနှင့် ဈေးနှုန်းမြှင့်တင် ရောင်းချခြင်း။
- (ဂ) Home Stay ကြောင့် Online Games များ ပိုမိုအသုံးပြုလာကြရာ Cyber ဒုစရိုက်သမားများက Game နည်းလမ်းသစ်များ တီထွင် ထုတ်လွှင့်၍ ငွေကြေးလိမ်လည်မှုများ၊ ကွန်ပျူတာ ထိခိုက်ပျက်စီးရေး ရည်ရွယ်၍ Malware နှင့် Ransomware ကဲ့သို့သော Virus များနှင့် တိုက်ခိုက်လာခြင်း။
- (ဃ) ဆေးရုံများ၏အင်တာနက်နှင့် ချိတ်ဆက်မှုစနစ်များ၊ အရေးပေါ် လူနာခွဲစိတ်မှုများ၊ COVID-19 ကူးစက် ရောဂါကုသမှုနှင့် လူနာ စောင့်ကြည့်သည့်စနစ်များအပေါ် ဆိုက်ဘာတိုက်ခိုက်မှုများ ဆောင်ရွက်လာခြင်း။
- (င) ဒုစရိုက်သမားများသည် COVID-19 နှင့် ဆက်စပ်သော Stock ရင်းနှီးမြှုပ်နှံမှုများတွင် ရောဂါဖြစ်နေသူများ၏ အရင်းအနှီး များကို နည်းမျိုးစုံဖြင့် လိမ်လည်/ခြိမ်းခြောက်ငွေကြေး ရယူခြင်း။
- (စ) လိမ်လည်သူများသည် ဆေးဝါးပစ္စည်းများ ရောင်းချရန်နှင့် ဖြန့်ဝေရာ website, e-commerce platform, social media, email များ အသုံးပြုလျက်ရှိရာ နာမည်ကြီး ကုမ္ပဏီများ၏အမည် ကို အသုံးပြု၍ ငွေလွှဲပြောင်း လိမ်လည်ရယူခြင်း။
- (ဆ) တယ်လီဖုန်းများအသုံးပြု၍ COVID-19 ကပ်ရောဂါဖြင့် ဆေးရုံ တက်နေရသူ၊ Quarantine စခန်းဝင်နေရသူဟု လိမ်လည်ပြောဆို၍ ပြည်သူ့ကျန်းမာရေး ကိုယ်စားလှယ်များထံ ငွေသား/ I-pay တို့ ဖြင့် ဆေးဝါးကုသစရိတ်များ လိမ်လည်တောင်းခံခြင်း။
- (ဇ) Online များတွင် ဆရာဝန်/အထူးကုသမားတော်များဟု ဟန်ဆောင် ထုတ်လွှင့်ပြီး ဆေးဝါးအတုများ ဝယ်ယူစေခြင်း၊ စိုးရိမ်ကြောက်ရွံ့ နေသူများထံမှ email နှင့် Password များတောင်းခံ၍ website များဝင်ကြည့်စေပြီး ငွေကြေးလိမ်လည်ရယူခြင်း။
- (ဈ) COVID-19 ကာကွယ်ရန် masks များနှင့် PPEs ဝတ်စုံများ၊ Alcohol Gels များ ဝယ်ယူရန် အမည်ခံ၍ ငွေကြေးများလိမ်လည်ခြင်း။
- (ည) Online နှင့် ပြင်ပလူမှုနယ်ပယ်တွင် စံမမီဆေးဝါးနှင့် ပစ္စည်းများ၊ ကုသရေးဆိုင်ရာ ပစ္စည်းအတုများ ရောင်းချခြင်းနှင့် ကြော်ငြာခြင်း များ များစွာဖြစ်ပွားနေပြီး မှုခင်းများ၏ အဓိကနယ်ပယ်တစ်ခု ဖြစ်လာခြင်း။
- (ဋ) တရားမဝင်ကုန်ပစ္စည်းများနှင့် စံမမီဆေးဝါးထုတ်လုပ်ရောင်းချမှု များကြောင့် ပြည်သူများ၏ အသက်အန္တရာယ်အတွက် များစွာ စိုးရိမ်ဖွယ်ဖြစ်နေခြင်း။
- (ဌ) ညမထွက်ရအမိန့်နှင့် Home Stay နေထိုင်စဉ် ပူပြင်းသည့် ရာသီဥတုဖြစ်၍ နေအိမ် ပြတင်းပေါက်များ နေ့/ည ဖွင့်ထားခြင်း ကြောင့် ဒုစရိုက်သားများက အခွင့်ကောင်းယူ၍ အိမ်ကျော်နင်းမှု၊ ခိုးယူမှုများကျူးလွန်ခြင်း။
- (ဍ) လူ(၅)ဦးနှင့်အထက် စုဝေးခြင်း၊ သွားလာမှုမပြုရခြင်းကြောင့် လက်နက်ဖြင့် ခြိမ်းခြောက်၍ လုယက်မှု၊ ခြောက်လှန့်တောင်းယူမှု များ ကျူးလွန်ခြင်း။
- (ဎ) အခြေအမြစ်မရှိသော Online ဆက်သွယ်မှုများမှ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများ၊ မမှန်သတင်းများ ထုတ်လွှင့်ခြင်း၊ ခြိမ်းခြောက် ငွေတောင်းယူမှုများ ကျူးလွန်ခြင်း။
- (ဏ) Online Delivery ပို့ဆောင်သူများထံမှ ရောဂါကူးစက်နိုင်သည့် အပြင် မိမိနှင့် သိကျွမ်းမှုမရှိသော Delivery များက အစားအသောက် များတွင် မူးဝေမေ့လျော့စေသော ဆေးဝါးများထည့်သွင်း၍ အိမ်တွင်းခိုးယူမှု၊ လုယက်မှုများကျူးလွန်ခြင်း။
- (တ) Mask ကို လူတိုင်းတပ်ဆင်ထားရသဖြင့် ဒုစရိုက်သမားများ အနေဖြင့် ပုံဖျက်ရန် အခွင့်ကောင်းရရှိပြီး ယာဉ်/ဆိုင်ကယ်တို့ဖြင့် ရုတ်တရက် အနီးကပ်လုယက်မှု ကျူးလွန်ခြင်း။
- (ထ) Home Stay ကာလကြာမြင့်လာသည့်အတွက် မိသားစုအတွင်း၊ အဆောင်နေသူများ အချင်းချင်း အိမ်တွင်းအကြမ်းဖက်မှုခင်းများ ပိုမိုဖြစ်ပွားလာနိုင်ခြင်း။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် Cyber / Online တို့မှ လိမ်လည်နေမှု များ၊ မှုခင်းများနှင့်ပတ်သက်၍ ကျူးလွန်ခံရမှုများ မဖြစ်ပွားရအောင် အောက်ပါ အချက်များကို လိုက်နာကြရန် အကြံပြုအပ်ပါသည်-

- (က) မိမိနှင့် ရင်းနှီးကျွမ်းဝင်သော email များနှင့် မိမိအသုံးပြုနေသော Links များ မဟုတ်ပါက attached files များကို ဖွင့်ကြည့်ခြင်း မပြုရန်။
- (ခ) မိမိ email နှင့် databases များကို ပုံမှန်စစ်ဆေးခြင်း၊ online / offline အသုံးပြု၍ backup လုပ်ထားရန်။
- (ဂ) လုံခြုံမှုအပြည့်အဝရှိမည့် password ကိုအသုံးပြုရန်။
- (ဃ) Antivirus software နှင့် မိမိကွန်ပျူတာရှိ software များကို update ပြုလုပ်ရန်။
- (င) Social media များ၏ လုံခြုံရေးစနစ်ကို ခိုင်မာမှုရှိအောင် စီမံရန်။
- (စ) မိမိနေအိမ်တွင်အသုံးပြုသော network အား လုံခြုံမှုစနစ် သေချာ တပ်ဆင်ရန်။
- (ဆ) မိသားစုဝင်များ၊ အထူးသဖြင့် ကလေးသူငယ်များအား Online စနစ်လုံခြုံမှုနှင့်ပတ်သက်၍ ပညာပေးပြောကြားရန်။
- (ဇ) လူသွားလူလာပြတ်သည့်နေရာများ၊ လမ်းများတွင် လုယက်မှု ကျူးလွန်ခြင်းများ၊ အိမ်တွင်းအကြမ်းဖက်မှုများ ဖြစ်ပွားနိုင်သည်ကို သတိပြုကြရန်။

၄။ COVID-19 ကာလအတွင်း ဒုစရိုက်သမားများနှင့် ဝိသမလောဘ စီးပွားရေးသမားများက ကျူးလွန်လျက်ရှိသည့် ဆောင်ရွက်ချက်များအပေါ် အများပြည်သူကလည်း အသိ/သတိရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါရန်နှင့် မြို့/ရွာ၊ ရပ်ကွက်များအတွင်း ထူးခြားမှု၊ မသင်္ကာဖွယ်ရာတွေ့ရှိမှု တစ်စုံတစ်ရာ ရှိလာပါက လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များနှင့် လှည့်ကင်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ၊ နယ်မြေအလိုက် အရေးပေါ်ဆက်သွယ်အကြောင်းကြားနိုင်သည့် နီးစပ်ရာ ရဲစခန်းဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၃-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၆၃) ခုနှင့် ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၆၀)ခု စုစုပေါင်း (၁၂၃) ခုတွင် -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၄) ဦး တွေ့ရှိခဲ့ပါသည်။

၂။ (၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၅၅) ဦးရှိပြီဖြစ်ပါသည်။

၃။ ထိုသို့စစ်ဆေးမှုများတွင် (၃-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များတွင် ဓာတ်ခွဲနမူနာစစ်ဆေးမှု (၂) ကြိမ် ဆက်တိုက်အဖြစ် ပိုးမတွေ့ရှိသူ စုစုပေါင်း (၄၃) ဦးရှိပြီး ၎င်းတို့အနက် (၂၉) ဦးမှာ ဆေးရုံမှဆင်းခွင့်ရရှိပြီးဖြစ်ကာ ၎င်းတို့အား သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦးရှိပါသည်။

၅။ ကျန်ရှိဓာတ်ခွဲအတည်ပြုလူနာ (၁၂၀) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် ဆေးကုသမှုပေးလျက်ရှိပြီး ၎င်းတို့အနက် အထူးကြပ်မတ်ကုသခန်းတွင် ကုသမှုခံယူနေသူ (၂) ဦးရှိပါသည်။

၆။ (၂-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၃-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၇၂) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဇယား-၁

(၃-၅-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
ည (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် ထိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ဆေးကုသမှုခံယူနေသည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁၅၂ | ၄၂ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | [illegible] အထူးကုဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထား ရှိသူ |
| ၁၅၃ | ၁၉ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | [illegible] အထူးကုဆေးရုံ | တွေ့ရှိ | |
| ၁၅၄ | ၂၀ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | [illegible] အထူးကုဆေးရုံ | တွေ့ရှိ | |
| ၁၅၅ | ၃၈ နှစ် | ကျား | [illegible]မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | [illegible] အထူးကုဆေးရုံ | တွေ့ရှိ | ဆေးရုံကြိုပြ လူနာ |

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၃-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၃) ခု |
| (၃-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၄) ဦး |

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၄) ဦး | (၁၅၅) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၆) ဦး | (၄၃) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၃-၅-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၂-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ တတိယအသုတ်အနေဖြင့် ဓာတ်ခွဲနမူနာ (၁၃၄) ခုအား စစ်ဆေးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ (မတွေ့ရှိ)ပါ။

၂။ သို့ဖြစ်ပါ၍ (၂-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL)နှင့် ဆေးသုတေသနဦးစီးဌာန(DMR)တို့မှ စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း (၃၇၈)ခုတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၃။ (၃-၅-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ (၁၅၁) ဦးရှိပြီ ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၃-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၂-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၅၈) ခု |
| (၂-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ (ပထမ + ဒုတိယ + တတိယ)အသုတ် ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၃၂၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

## ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း(၄၃)ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

## ဇလွန်မြို့နယ်၌ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများကို ကန့်သတ်စောင့်ကြည့်ရေးနေရာ၌ ထားရှိ

**ဇလွန် မေ ၃**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်သို့ တရုတ်နိုင်ငံမှပြန်လည်ရောက်ရှိလာသူများကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အထက(၂) မြို့မကျောင်း ကန့်သတ်စောင့်ကြည့်ရေးနေရာတွင် ယနေ့နံနက်ပိုင်းက ထားရှိခဲ့သည်။

ရှေးဦးစွာ တရုတ်နိုင်ငံမှပြန်လည်ရောက်ရှိလာသူများကို ရသလုလင် လူမှုကူညီရေးအသင်းနှင့် ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းတို့က မော်တော်ယာဉ် နှစ်စီးဖြင့် အထက (ဆားမလောက်)သို့ သွားရောက်ခေါ်ဆောင်ပြီး အထက(၂) မြို့မကျောင်း စောင့်ကြည့်နေရာသို့ ပို့ဆောင်ပေးခဲ့သည်။ ဆက်လက်၍ အဆိုပါ မော်တော်ယာဉ်နှစ်စီးကို မြို့နယ်မီးသတ်ဦးစီးဌာနက ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြသည်။

ထို့နောက် တရုတ်နိုင်ငံမှပြန်လာသူ အမျိုးသား လေးဦး၊ အမျိုးသမီး လေးဦးတို့ကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လမ်းညွှန်ချက်များနှင့်အညီ နေထိုင်သွားရန် ဆွေးနွေးပြောကြားခဲ့သည်။ ဇလွန်မြို့နယ်သို့



ပြည်ပမှပြန်လာသူများကို အထက (၁)ဇလွန်၊ အထက (၂)မြို့မကျောင်း၊ အထက (ရေလဲ)တို့တွင် ထားရှိပြီး ၂၁ ရက်ကြာ အသွားအလာကန့်သတ်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ဝေယံ(ပြန်/ဆက်)

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရေဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**
**အမျိုးသားအဆင့်ဗဟိုကော်မတီ**

## ကမ္ဘောဇဘဏ်က ကရင်ပြည်နယ်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေး အထောက်အကူပြုပစ္စည်းများနှင့် ဆန်အိတ် ၁၀၀၀ ပေးအပ်လှူဒါန်း

**ရန်ကုန် မေ ၃**

ကရင်ပြည်နယ်အစိုးရမှ နေရပ်ပြန်လာသူများအား စနစ်တကျကြိုဆိုနိုင်ရေး ဆောင်ရွက်မှုများအား ပံ့ပိုးကူညီသည့်အနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသရေး အထောက်အကူပြုပစ္စည်းများကို ပြည်နယ်အစိုးရထံသို့ ကမ္ဘောဇဘဏ်က ယနေ့တွင် ထပ်မံလှူဒါန်းခဲ့သည်။

လှူဒါန်းမှုတွင် မြဝတီနှင့် ဘားအံမြို့တို့၌ အသုံးပြုရန်အတွက် နှာခေါင်းစည်း အခု ၂၀၀၀၀ ကို ထပ်မံလှူဒါန်းခဲ့ခြင်းဖြစ်ပြီး ဧပြီလအတွင်းကလည်း ကရင်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများသို့ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၀၀၊ အပူချိန်တိုင်းစက် ၅၀၊ နှာခေါင်းစည်း ၅၀၀၀၊ မျက်မှန် ၂၀၀၊ ၁၈၀ မီလီ Hand Gel ဘူး ၃၀၀ ကို ဖြန့်ဝေလှူဒါန်းခဲ့ပြီးဖြစ်သည်။ ထို့အပြင် ကရင်ပြည်နယ်အတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ ကိုလည်း ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ ဧပြီ ၂၂ ရက်က သွားရောက်လှူဒါန်းခဲ့သည်။




ကမ္ဘောဇဘဏ်သည် ကရင်ပြည်နယ်အတွက် ၂၀၁၆ ခုနှစ်တွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ငွေကျပ် သိန်း ၁၀၀၀ ကို လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ငွေကျပ် သိန်း ၄၅၀ တန်ဖိုးရှိ ရေသယ်ယာဉ်အသစ် ငါးစီးကို လည်းကောင်း၊ ၂၀၁၈ ခုနှစ် ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ပြည်နယ်အစိုးရထံသို့ ငွေကျပ် သိန်း ၅၀၀ နှင့် ကမ္ဘောဇဘဏ် အရာထမ်း၊ ဝန်ထမ်းများကလည်း နီးစပ်ရာပရဟိတအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကယ်ဆယ်ရေးစခန်းများသို့ အစားအစာ၊ ရေသန့်၊ ဆေးဝါးနှင့် လိုအပ်သောပစ္စည်းများကိုလည်းကောင်း ကူညီလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကူးစက်ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရန်အတွက် ငွေကျပ် သိန်း ၁၄၀၀၀ ကျော် တန်ဖိုးရှိ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများကို သယ်ယူလှူဒါန်းခြင်း၊ ရှမ်းပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ လှူဒါန်းငွေကျပ် သိန်း ၂၀၀၀ မတည်ကာ ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို ပြင်ဆင်ထား၍ နိုင်ငံတွင်း အရေးပေါ်လိုအပ်သောနေရာများသို့ ဖြန့်ဝေလှူဒါန်းခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ပြည်ပမှ ပြန်လည်ဝင်ရောက်လာကြသည့် နိုင်ငံသားများနှင့် ၎င်းတို့ရောက်ရှိနေထိုင်ရာ နေရာဒေသများရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စောင့်ကြည့်လူနာများအတွက် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးပစ္စည်းခြောက်မျိုးကို လှူဒါန်းလျက်ရှိသည်။

ကမ္ဘောဇဘဏ်၊ KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International(MAI)နှင့် Air KBZ လေကြောင်းလိုင်းတို့သည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ယနေ့အထိ ငွေကျပ်သိန်းပေါင်း ၃၃၀၇၄ သိန်းကို လှူဒါန်းခဲ့ပြီးဖြစ်သည်။ **ကိုကျော်**



## ပင်လုံအရှေ့ကျေးရွာအုပ်စုရှိ ပြည်သူများအား စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်လှူဒါန်း

**ပင်လုံ မေ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံမြို့တွင် သွားလာရန်ခက်ခဲပြီး စားနပ်ရိက္ခာများ လိုအပ်လျက်ရှိသည့် ပင်လုံအရှေ့ကျေးရွာအုပ်စုရှိ ကျူရုံးကျေးရွာ၊ ကောင်းဆန်းကျေးရွာ၊ တာပူကျေးရွာ၊ ဝမ်လုံကျေးရွာ၊ ဝမ်အင်ကျေးရွာ၊ ပန်းတန်ကျေးရွာတို့ရှိ အိမ်ခြေစုစုပေါင်း ၅၈ အိမ်မှ ပြည်သူများကို ယနေ့မွန်းတည့် ၁၂ နာရီက စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

### လှူဒါန်း

ပင်လုံပရဟိတအသင်း၊ ဖြူစင်မေတ္တာနာရေးကူညီမှုအသင်း၊ ပင်လုံ သွေးလှူရှင်အသင်းတို့က ဦးဆောင်၍ စားနပ်ရိက္ခာများလှူဒါန်းပေးသော ပင်လုံပြည်သူများကိုယ်စား တစ်အိမ်ထောင်လျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကာဘော်လစ်ဆပ်ပြာခဲ တစ်ခဲနှုန်းဖြင့်(စုစုပေါင်းငွေကျပ် ခုနစ်သိန်း တန်ဖိုးကို) သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **နန်းမြင့်မြင့်ဆွေ(ပြန်/ဆက်)**

## ပဲခူးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိ

**ပဲခူး မေ ၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ပေါ်ရှိ ဈေးများ၌ ဈေးရောင်းသူ/ ဈေးဝယ်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ပြန့်ပွားမှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီသိရှိပြီး ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ပိုမိုသတိပြုအလေးထားနိုင်ရေး ရည်ရွယ်ချက်ဖြင့် အသိပညာပေး လှည့်လည်နှိုးဆော်ခြင်းနှင့် ရောဂါကာကွယ်ရေးလှုပ်ရှားမှုများကို ပဲခူးတိုင်းဒေသကြီး ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် နေ့စဉ် အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အသိပညာပေးမှုများ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ပရဟိတအသင်းများ၊ လူငယ်ရေးရာအဖွဲ့များပူးပေါင်း၍ ဈေးများသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကာ ကိုဗစ်–၁၉ ရောဂါပြန့်ပွားမှု နောက်ဆုံးအခြေအနေ ထုတ်ပြန်ချက်များ၊ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ဈေးရောင်းသူ/ ဈေးဝယ်သူများ သိရှိလိုက်နာရမည့် အချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ထုတ်ပြန်ချက်များနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြည်သူများထံ အသိပေးနှိုးဆော်ပန်ကြားချက်များကို အသိပေးကြေညာလျက်ရှိသည်။

ထို့အတူ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပရဟိတအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်းတကော်မြို့၊ ဝေါမြို့ အဝင်အထွက် နေရာများ၌ ကျန်းမာရေးဆိုင်ရာ စောင့်ကြည့်စစ်ဆေးခြင်း၊ ရောဂါလက္ခဏာရှိသူများအား ကျန်းမာရေးဆိုင်ရာစောင့်ကြည့်စစ်ဆေးပေးခြင်း၊ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကိုလည်း နေ့စဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ပဲခူးမြို့တော်ခန်းမ၌ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားသေဆုံးမှု အနည်းဆုံးဖြစ်စေရန်၊ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကိုဗစ်–၁၉ ရောဂါကို စောစီးစွာရှာဖွေဖော်ထုတ်၍ ကုသပေးနိုင်ရန်နှင့် ကူးစက်ပြန့်ပွားမှုများကို အချိန်မီ ကာကွယ်ထိန်းချုပ်နိုင်ရန် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ပဲခူးမြို့ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ပဲခူးမြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ပဲခူးမြို့ အထွေထွေရောဂါကုဆရာဝန်များနှင့် မြို့မိမြို့ဖများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပြီး အပတ်စဉ် တနင်္ဂနွေနေ့မှအပ နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီထိ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**






## ကျိုက်ထီးရိုးတောင် အခြေခံအလုပ်သမားများအား ဆန်၊ ဆပ်ပြာနှင့် နှာခေါင်းစည်းများဝေငှ

**ကျိုက်ထို မေ ၃**

ကျိုက်ထီးရိုးတောင် ကုန်ထမ်း/လူထမ်းကော်မတီအဖွဲ့မှ ကိုဗစ် -၁၉ ရောဂါကြောင့် အလုပ်လက်မဲ့ဖြစ်နေသည့် ကုန်ထမ်း/လူထမ်းအခြေခံလူတန်းစားများ စားသောက်ရေး အဆင်ပြေစေရန် ယနေ့ နံနက် ၁၀ နာရီတွင် ကျိုက်ထီးရိုးတောင် ကုန်ထမ်း/လူထမ်းကော်မတီ ဥက္ကဋ္ဌ ဦးသီဟအောင် (ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး)၊ ကင်မွန်းချောင်းနယ်မြေစခန်းမှူး ရဲအုပ်ဇော်ဇင်ဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းညွန့်၊ မြို့မကုန်တင်၊ ကုန်ချအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မတီဝင်များက အလုပ်သမား (၁)ဦးလျှင် ဆန် (၅)ပြည် စုစုပေါင်း ဆန်အိတ် ၆၀၀၊ ဆပ်ပြာနှင့် နှာခေါင်းစည်းများကို အလုပ်သမားများရှိရာ ကင်မွန်းချောင်းကျေးရွာ ရသေ့တောင်စခန်း ကျိုက်ထီးရိုးလမ်းဆုံသို့သွားရောက်၍ ဝေငှပေးခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

## ချီဖွေမြို့နယ်ဈေးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

**ချီဖွေ မေ ၃**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးကာလအဖြစ် ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ်စည်ပင်သာယာဈေး၊ ကုန်စုံဆိုင်၊ အထည်ဆိုင်များစသည့် အများနှင့်သက်ဆိုင်ရာနေရာများတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ပတ်သက်သည့် ဈေးရောင်း၊ ဈေးဝယ်သူများ လိုက်နာရန်အချက်များကို အများပြည်သူ သိရှိလိုက်နာစေရေးအတွက် ဗီနိုင်းဆိုင်းဘုတ် စိုက်ထူခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးမှ သိရသည်။

ချီဖွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့နယ်ဈေးတွင် နေ့စဉ် ဈေးရောင်း၊ ဈေးဝယ် လာရောက်ကြသူများနှင့် ပျံကျဈေးသည်များကို ကိုဗစ်-၁၉ရောဂါကာကွယ်ရေးအတွက် မကြာခဏ လက်ဆေးရန်တိုက်တွန်းခြင်း၊ လူစုလူဝေးမဖြစ်စေရေးအတွက် တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာမှ ဈေးရောင်း၊ ဈေးဝယ်ပြုရန် အသိပေးခြင်း၊ ဈေးသည်များအား နှာခေါင်းစည်း၊ လက်အိတ်များ ဝတ်ဆင်စေခြင်း၊ စနစ်တကျ အမှိုက်စွန့်ပစ်စေခြင်း၊ တစ်ပတ်သုံးကြိမ် ဈေးပိတ်သိမ်းချိန်တွင် သား၊ ငါး တန်း၊ ကုန်စိမ်းတန်း၊ ပျံကျဈေးတန်းများကို ရေဆေးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ဈေးရုံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများကို လက်ကိုင်စပီကာဖြင့် အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နန်းမြင့်(ပြန်/ဆက်)**





## တာမွေမြို့နယ်တွင် အနေးယာဉ်လုပ်သားကြီးများအား စားသောက်ကုန်ပစ္စည်းများနှင့် နှာခေါင်းစည်းများ ထောက်ပံ့လှူဒါန်း

**တာမွေ မေ ၃**

ကိုဗစ် -၁၉ ရောဂါသည် ကမ္ဘာ့နိုင်ငံများတွင်သာမက မြန်မာနိုင်ငံအတွင်းသို့လည်း ကူးစက်ပျံ့နှံ့လျက်ရှိရာ ပြည်သူများအနေဖြင့် မိမိတို့နေအိမ်၌ နေထိုင်ကြရင်းဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှူဒါန်း**

ကိုဗစ် -၁၉ ရောဂါဖြစ်ပွားနေသည့် လက်ရှိအခြေအနေတွင် မြို့နယ်အတွင်းရှိ အခြေခံလူတန်းစား အနေးယာဉ်လုပ်သားကြီးများ စားသောက်ရေး အဆင်ပြေစေရန်အတွက် ယမန်နေ့က တာမွေမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မွှေးမွှေးရီနှင့် အဖွဲ့ဝင်များက အနေးယာဉ်လုပ်သားကြီးများအား အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ကြာဆံနှင့် ပဲတို့ကို ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်းနှင့် ကိုဗစ် -၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းများကိုလည်း လက်ဝယ်အရောက် စနစ်တကျပေးအပ်ခဲ့ကြောင်း၊ ထိုသို့ နှာခေါင်းစည်းများ လှူဒါန်းပေးမှုကြောင့် အခြေခံလူတန်းစားများဖြစ်သည့် အနေးယာဉ်လုပ်သားကြီးများ လုပ်ငန်းခွင်အတွင်း အကာအကွယ်ဖြင့် လုပ်ကိုင်နိုင်စေရန်နှင့် မိမိကိုယ်ကို ကာကွယ်ခြင်းဖြင့် မိမိတို့ပတ်ဝန်းကျင်ကိုလည်း ကာကွယ်နိုင်ရန်အတွက် ရည်ရွယ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**မို့မို့အောင်(ပြန်/ဆက်)**

## COVID-19 ကူးစက်ရောဂါဖြစ်ပေါ်နေချိန် မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ သတိပြုလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးပန်ကြားခြင်း

- မြန်မာနိုင်ငံတွင် မုန်တိုင်းအဖြစ်များသောကာလမှာ မိုးဦးကာလနှင့် မိုးနှောင်းကာလတို့ဖြစ်ရာ ယခု COVID–19 ကူးစက်ရောဂါ ဖြစ်ပွားနေချိန်တွင် ရာသီကာလအလိုက်ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများကို ပိုမိုသတိပြုဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် COVID–19 ကူးစက်ရောဂါဖြစ်ပွားစဉ်ကာလတွင် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ စီမံခန့်ခွဲဆောင်ရွက်ရာ၌ COVID–19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကိုလည်း ပေါင်းစပ်ထည့်သွင်းပြီး ကြိုတင်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
- ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့မုန်တိုင်းဖြစ်ပေါ်နိုင်သည့်ရာသီကာလတွင် မိသားစုအလိုက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရာ၌ COVID–19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကိုလည်း မမေ့မလျော့ထည့်သွင်းဆောင်ရွက်နိုင်ပါရန်နှင့် အောက်ပါအတိုင်း သတိပြုနေထိုင်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်–
    - မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပါ။ မိမိ၏ အိမ်နီးချင်းများကိုလည်း အသိပေးနှိုးဆော်ပါ။
    - အိမ်ပေါ်သို့ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။
    - COVID–19 ကူးစက်ရောဂါဖြစ်ပွားနေချိန်ဖြစ်သဖြင့် တတ်နိုင်ပါက မိမိအိမ်၌သာခိုလှုံနေထိုင်နိုင်ရေးအတွက်နေအိမ်အဆောက်အဦများအား လေဒဏ်၊ မိုးဒဏ်ခံနိုင်စေရန် ကြိုတင်ပြင်ဆင်ပါ။
    - မိမိနေအိမ်သည် လုံခြုံမှုမရှိနိုင်ဟုယူဆပါက မိသားစုများ အရေးပေါ်ပြောင်းရွှေ့ရန် ဘေးလွတ်ကင်းသည့်နေရာ ကြိုတင်ရွေးချယ်ထားပါ။ အဆိုပါနေရာတွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၃)ပေအကွာ နေနိုင်ရေးဆောင်ရွက်ပါ။ ဆပ်ပြာ၊ လက်သန့်ဆေးရည်၊ မျက်နှာနှင့် နှာခေါင်းစည်းများ ကြိုတင်စုဆောင်းယူဆောင်သွားပါ။ COVID–19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါ။
    - မိမိအစီအစဉ်ဖြင့် ပြောင်းရွှေ့မည့်နေရာ မရရှိနိုင်ပါက ဒေသရှိ တာဝန်ရှိဌာန၊ အဖွဲ့အစည်းများ၏ စီမံဆောင်ရွက်မှုကို လိုက်နာဆောင်ရွက်ပါ။
    - ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းနှင့်အတူ မုန်တိုင်းဒီရေတက်ရောက်နိုင်ကြောင်း၊ ကုန်းတွင်းပိုင်းဒေသများသည် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းရာမှ လျှပ်တစ်ပြက်ရေကြီးမှုများ ဖြစ်ပေါ်နိုင်ကြောင်း အထူးသတိပြုနေထိုင်ပါ။
    - လှေများ၊ အသက်ကယ်ဘောကွင်းများ၊ Life Jacket များနှင့် ရေလုံသော ပလတ်စတစ်ပုံးများ ကြိုတင်စုဆောင်းပါ။
    - မိသားစုအလိုက် (၁)ပတ်စာခန့် အရေးပေါ်အသင့်စားအစားအစာများ၊ ဆေးဝါး၊ သောက်ရေများ ကြိုတင်စုဆောင်းထားပါ။
    - မိသားစုများ တကွဲတပြားစီဖြစ်သွားပါက ပြန်လည်ဆုံတွေ့နိုင်မည့်နေရာကို ကြိုတင်သတ်မှတ်ထား၍ မိသားစုဝင်အားလုံးသိရှိပါစေ။
    - လေပြင်းတိုက်ခတ်မှုများ၊ မိုးရွာသွန်းမှုများ၊ လျှပ်စီးလက်ခြင်းနှင့် မိုးခြိမ်းခြင်းများဖြစ်ပွားနေချိန်တွင် ဖုန်းများကိုအသုံးမပြုပါနှင့်။
- ပြည်သူလူထုအနေဖြင့် COVID–19 ကူးစက်ရောဂါဖြစ်ပွားနေချိန် ယခုကာလတွင် မုန်တိုင်းဘေး၊ ရေဘေးအန္တရာယ်များ ဖြစ်ပွားနိုင်သည်ကိုလည်း ကြိုတင်သတိပြုနိုင်ပါရန်၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များကို အလေးထားဂရုပြုနားထောင်ရန်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇–၃၄၀၄၆၆၆ နှင့် ၀၆၇–၃၄၀၄၇၇၇ တို့သို့လည်း ဆက်သွယ်သတင်းယူခြင်း၊ အကူအညီတောင်းခံ နိုင်ခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မန္တလေး - မြို့သာစက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံကိန်းအတွင်းရှိ စက်ရုံအလုပ်ရုံများ ဖွင့်လှစ်ခွင့်ပြုနိုင်ရေး စစ်ဆေး



ငါန်းဇွန် မေ ၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် မန္တလေး-မြို့သာစက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေး စီမံကိန်းအတွင်းရှိ စက်ရုံအလုပ်ရုံများ ပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်ရန် လုပ်ငန်းခွင်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရွက်ထားရှိရမည့်အချက်များအား တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ လူမှုရေးဝန်ကြီး ဦးအောင်ကြည်နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ လူမှုရေးဝန်ကြီး ဦးအောင်ကြည်နှင့် တာဝန်ရှိသူများက စက်ရုံအလုပ်ရုံများ ပြန်လည်ဖွင့်လှစ်ခွင့် ပြုနိုင်ရန် မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေး စီမံကိန်းအတွင်းရှိ Longyear Shoes ဖိနပ်စက်ရုံ၊ Boashan တည်ဆောက်ရေးလုပ်ငန်း၊ GOLD AYA မော်တော်ကား တပ်ဆင်စက်ရုံနှင့် Golf Club တို့၏ လုပ်ငန်းခွင်များတွင် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအဖြစ် ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါအား ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားရှိမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သက်နောင်ဦး(ငါန်းဇွန်)

# အခြေခံလူတန်းစားအိမ်ထောင်စုများအား စားသောက်ကုန်ပစ္စည်း ငါးမျိုး ထပ်မံထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

ကလေး မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီက ဦးဆောင်၍ ကလေးမြို့ မြို့မိမြို့ဖနှင့် စေတနာရှင်ပြည်သူများ စုပေါင်းလှူဒါန်းထားသော စားသောက်ကုန်ပစ္စည်းများအား ကလေးမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၇၅၀၀ ကျော်အား ကူညီထောက်ပံ့နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ကလေးမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ၏စာရင်းအား မှန်ကန်စွာစာရင်းကောက်ယူနိုင်ရေးအတွက် အရပ်ဘက်အဖွဲ့အစည်းများက ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိပြီး အိမ်ထောင်စု(၁)စုလျှင် ဆန် (၆) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ (၁)ပိဿာ၊ ကြက်သွန်နီ (၁)ပိဿာတို့အား မေ ၁၀ ရက်မှစတင်၍ အိမ်တိုင်ရာရောက် ပေးအပ်လှူဒါန်းနိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယခုအကြိမ်ထောက်ပံ့ပေးအပ်ခြင်းတွင် ကလေးမြို့ မြို့မိမြို့ဖများနှင့် စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၇၅၀၀ ကျော်အတွက် ဆန်အိတ်ပေါင်း ၁၈၅၀၊ ဆီ ပိဿာ ၃၇၅၀၊ ဆား ပိဿာ ၃၇၅၀၊ ပဲ ပိဿာ ၇၅၀၀၊ ကြက်သွန်နီ ပိဿာ ၇၅၀၀ တို့အား ဝေငှပေးမည်ဖြစ်ကြောင်း သိရသည်။

ကျန်ရှိနေသောဆန်အိတ်များကိုလည်း ကန့်သတ်စောင့်ကြည့်စခန်းပေါင်း ၄၀ ကျော်နှင့် တိုင်းရင်းဆေးရုံ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများ၊ နတ်ချောင်းစစ်ဆေးရေးဂိတ်နှင့် ကိုးမိုင်စစ်ဆေးရေးဂိတ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း ကလေးခရိုင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီထံမှ သိရသည်။

ကော်မတီ၏စီစဉ်မှုဖြင့် သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ကလေးမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၃၀၁၁၇ စုတို့အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်များအား အစိုးရက ထောက်ပံ့ပေးထားပြီးဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ကွန်ဟိန်းမြို့၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်

ကွန်ဟိန်း မေ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း)ကွန်ဟိန်းမြို့၌ ယနေ့ နံနက် ၇ နာရီမှစတင်၍ ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

တာချီလိတ်နယ်စပ် ဝင်ပေါက်မှ ဝင်ရောက်လာသည့် မော်တော်ယာဉ်များတွင် မြို့နယ်အတွင်း နေထိုင်သူများပါရှိခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်း၊ မြို့နယ်အတွင်းသွားလာနေသည့် မော်တော်ယာဉ်များအား စစ်ဆေးခြင်း၊ ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်မည့် နည်းလမ်းများအပြင် လူစုလူဝေးထူပ်သောနေရာများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ရန်နှင့် သတ်မှတ်စောင့်ကြည့်ကာလ



ပြည့်ပြီးသူများကို အိမ်၌သီးခြား နေထိုင်ရန် ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်မှုတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်စာရေးများနှင့် အတူ ပူးပေါင်းဆောင်ရွက်ပြီး နေ့စဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည့်(ပြန်/ဆက်)



# စေတုတ္တရာမြို့၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

စေတုတ္တရာ မေ ၃

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့တွင် ရန်အောင်ဘုံသာ ဘုန်းတော်ကြီးကျောင်းရှိ ဂျပန်စာသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူဟောင်းများက ယနေ့နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့ဆေးရုံ၊ ယာယီပျံကျဈေးနှင့် မြို့အဝင်လမ်းတစ်လျှောက်၌ ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

လောကနတ်ကုမ္ပဏီဥက္ကဋ္ဌ ဦးမျိုးမင်းဦးက ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် စေတုတ္တရာမြို့နယ်အတွက် လှူဒါန်းပေးပို့လာသည့် ဂျပန်နိုင်ငံထုတ် နှာခေါင်းစည်းများအား ရန်အောင်ဘုံသာ ဘုန်းတော်ကြီးကျောင်းရှိ ဂျပန်စာသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူဟောင်းများက စေတုတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ယာယီပျံကျဈေး၊ မြို့အဝင်လမ်းတစ်လျှောက် နှာခေါင်းစည်းများ အခမဲ့လိုက်လံဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျေးရွာများသို့လည်း နှာခေါင်းစည်းများ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။


ခင်သန်းလှိုင်(ပြန်/ဆက်)




မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။
တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ
အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို
စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး
ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့
စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို
စနစ်တကျပြန်ဆေးပါ။

# ကနောင်မင်းသားကြီးရဲ့ စက်မှုနိုင်ငံတော်

**ဆူးငှက်**



မင်းတုန်းမင်းဂူဗိမာန်အနီးက ဒင်္ဂါးစက်ရုံတော်။

မန္တလေး ရတနာပုံနေပြည်တော်ကို ကောဇာသက္ကရာဇ် ၁၂၁၁ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်နေ့မှာ စတင်တည်ထောင်ပါတယ်။ မင်းတုန်းမင်းကြီး တည်ထောင်တယ်ဆိုပြား တကယ်တမ်း ညီတော် ကနောင်မင်းသားရဲ့ အကြံအစည်နှင့် လုံ့လတွေက အများကြီးပါဝင်ခဲ့တယ်ဆိုတာ မငြင်းသာပါဘူး။ ရတနာပုံနေပြည်တော် မတည်ထောင်မီ နောင်တော်ပုဂံမင်းရဲ့ ညံ့ဖျင်းတဲ့အုပ်ချုပ်မှုအောက်က ရုန်းထွက်ပုန်ကန်ခဲ့မှုမှာလည်း ကနောင်မင်းသားရဲ့ လက်ရုံးရည်၊ နှလုံးရည် ပါဝင်ခဲ့တယ်ဆိုတာကလည်း အသေအချာပါ။

### တိုးတက်ခေတ်မီတဲ့ နိုင်ငံတော်

ရတနာပုံနေပြည်တော် တည်ထောင်ပြီးတဲ့နောက် "သီရိပဝရ မဟာသုဓမ္မရာဇဘွဲ့ခံ" ရတနာပူရ အိမ်ရှေ့စံ ကနောင်မင်းသားကြီးအနေနဲ့ တိုးတက်ခေတ်မီတဲ့ နိုင်ငံတော်တည်ဆောက်ရေးအပိုင်းကို အထူးအလေးပေး ဆောင်ရွက်လာတယ်။ ဒီလို အမြော်အမြင်ရှိစေတာကလည်း မြန်မာပြည်အောက်ပိုင်းမှာ အင်္ဂလိပ်အစိုးရက လက်နက်အားကိုးနဲ့ သိမ်းပိုက်ထားတာ သရက်မြေထဲအထိ ရောက်နေပြီမဟုတ်ပါလား။ အချိန်မရွေး အမြောက်တင်စစ်သင်္ဘောတွေ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာနိုင်တယ်ဆိုတာကိုလည်း မြေကြီးလက်ခတ်မလွဲ တွက်ဆထားပြီးသားပါ။ ဒါကြောင့် နောင်တော်မင်းတုန်းမင်းကြီးကလည်း တိုင်းရေး ပြည်ရေး၊ သံရေးတမန်ရေးအပြင် ဘာသာသာသနာထွန်းလင်းတောက်ပရေးအတွက်ထိ ဆောင်ရွက်နေသလို ညီတော်ကနောင်မင်းသားကလည်း ခေတ်မီတပ်မတော် တည်ဆောက်ရေးနှင့် စက်မှုနိုင်ငံထူထောင်ရေးကို အားစိုက်နေပါတယ်။

### လက်ရွေးစင် ပညာတော်သင်

ဒါကြောင့်လည်း နိုင်ငံခြားတိုင်းကြီးပြည်ကြီးများမှာ ထွန်းကားနေပြီဖြစ်တဲ့ စက်မှုလက်မှု သိပ္ပံပညာရပ်တွေကို လေ့လာသင်ကြားနိုင်ဖို့ လက်ရွေးစင်ပညာတော်သင် အယောက် ၉၀ ကျော်ကို အိမ်ရှေ့စံကိုယ်တော်တိုင် ရွေးချယ်ပြီး နိုင်ငံအသီးသီးကို စေလွှတ်ခဲ့တယ်။ ဒီပဲရင်းဝန်ထောက် ဦးမြဲနဲ့ ညီ ဦးခဲ၊ ဖန်ချက်ဝန်ဦးဖန်၊ ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုး၊ မြင်းဝန် ဦးအောင်သူတို့ဟာ ထင်ရှားတဲ့ ပညာတော်သင်တွေပါ။ ဒီနောက်လည်း ပညာတော်သင်တွေ ဆက်လက်စေလွှတ်ပါသေးတယ်။ ဒီနောက် ငါးနှစ်စီမံကိန်းရေးဆွဲပြီး ရတနာပုံနေပြည်တော်တစ်ဝန်းမှာ စက်ရုံတော် ၅၀ ကျော် တည်ဆောက်ခဲ့ပါတယ်။ ဒင်္ဂါးစက်ရုံတော်၊ ရက်ကန်းစက်ရုံတော်၊ ဆန်ကြိတ် စက်ရုံတော်၊ လက်နက်စက်ရုံတော်၊ လွှစက်ရုံတော်၊ သကြားချက်စက်ရုံတော်၊ မဲနယ်စက်ရုံတော်၊ သံဖိုစက်ရုံတော်၊ ဂွမ်းကြိတ်စက်ရုံတော်၊ စာပုံနှိပ်စက်ရုံတော် စသည်ဖြင့် ပါဝင်တယ်။ ဒီစက်ရုံတော်တွေထဲမှာ အင်္ဂလိပ်ရေတပ်နဲ့ ယှဉ်နိုင်ဖို့ ရည်ရွယ်ချက်နဲ့ သင်္ဘောစက်ရုံတော်လည်း တည်ထောင်ခဲ့တယ်။

နောင်တော် မင်းတုန်းမင်းကြီးကလည်း တိုင်းရေး ပြည်ရေး၊ သံရေး တမန်ရေးအပြင် ဘာသာသာသနာ ထွန်းလင်းတောက်ပရေးအတွက် ဆောင်ရွက်နေသလို ညီတော် ကနောင်မင်းသားကလည်း စက်မှုနိုင်ငံထူထောင်ရေးကို အားစိုက်...

### ရတနာပုံစက်ရုံတော်

ခေတ်မီ မြန်မာ့ရေတပ်မတော်ကြီး တည်ထောင်ဖို့အတွက် ကနောင်မင်းသားကြီးက ရွှေမြို့တော်ရဲ့ အနောက်ဘက် ဧရာဝတီမြစ်ကမ်းနဖူး ပန်းဆက်တံခါးအထွက်မှာ "ရတနာပုံ သင်္ဘောကျင်း(ခေါ်) ရတနာပုံစက်ရုံတော်" ကို သက္ကရာဇ် ၁၂၂၆ ခုနှစ် (ခရစ်-၁၈၆၄ ခုနှစ်)မှာ တည်ထောင်ခဲ့တာပါ။ ရတနာပုံသင်္ဘောကျင်း အပါအဝင် စက်ရုံတော်ပေါင်း ၅၀ ကျော်ကို စက်ရုံဌာနအဖြစ် ဖွဲ့စည်းပြီး သားတော် သီရိမဟာသုဓမ္မရာဇာမက္ခရာမင်းသားကို အုပ်ချုပ်စေခဲ့တယ်။

ရတနာပုံစက်ရုံတော်မှာ တပ်ဆင်ထားတဲ့ စက်ပစ္စည်းတွေဟာ စကော့တလန်ပြည် ဒန်ဒပ(စ်)နဲ့ စမစ်ကုမ္ပဏီထွက်ပစ္စည်းတွေက အများစုဖြစ်ခဲ့တယ်။ စက်ရုံမှာ အမှုထမ်းပေါင်း ၁၂၇ ဦးရှိပြီး လစာအနေနဲ့ စပါး ၂၈၅၅ တင်း ရရှိပါသတဲ့။ ရတနာပုံစက်ရုံတော်က ခရစ် ၁၈၇၀ မတိုင်မီမှာပဲ မြစ်တွင်းသွား မီးသင်္ဘောတွေကို စတင်တည်ဆောက်ခဲ့ပါပြီ။ ၁၈၇၀ ပြည့်နှစ် စက်တင်ဘာ ၇ ရက်နေ့မှာပဲ ကျွန်းသားကိုယ်ထည်နဲ့ ရေနွေးငွေ့အင်ဂျင်တပ်ဆင်ထားတဲ့ ပထမဆုံးသင်္ဘောကို ရေချနိုင်ခဲ့တယ်။ သင်္ဘောတော်ရဲ့ အရွယ်အစားက အလျား ပေ ၁၈၀၊ အနံ ၂၄ ပေနဲ့ ဇောက် ခြောက်ပေရှိသတဲ့။ သင်္ဘောမှာတပ်ဆင်တဲ့ စက်ပစ္စည်းတွေက ဆပ်ပလင်၊ မက္ကင်ဇီ၊ ဒေါ်ဆင်၊ ဆပ်ပဆင်နဲ့ အက်ဒပန်ဂျုံးကုမ္ပဏီတွေက ဝယ်ယူခဲ့တာပါတဲ့။ ၁၈၇၁ ခုနှစ် ဇွန်လ ၁၀ ရက်နေ့မှာတော့ အလားတူ ရေယာဉ်နှစ်စင်းကို မင်းခမ်းမင်းနားနှင့် ရေချနိုင်ခဲ့တယ်။

### ရေနွေးငွေ့ အင်ဂျင်သုံး တိုက်သင်္ဘောတော်

တစ်ခါ ၁၈၇၂ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ရောက်တော့ မြန်မာလက်သမားဆရာ "ဆရာရှမ်း" တည်ဆောက်တဲ့ အမြောက် ၁၄ လက် တပ်ဆင်တဲ့ တိုက်သင်္ဘောတစ်စင်း ရေချနိုင်ပြန်တယ်။ ရေနွေးငွေ့ အင်ဂျင်သုံး တိုက်သင်္ဘောတော်ကို ရေချရာမှာ အမြောက် ၁၄ လက်စလုံးကို ပစ်ဖောက်ပြနိုင်ခဲ့သတဲ့။ ၁၈၇၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့မှာ နောက်ထပ်သင်္ဘောတစ်စင်း ရေချနိုင်ခဲ့ပြီး မကြာမီရက်တွေအတွင်း သင်္ဘောသုံးစင်း ထပ်မံရေချခဲ့တယ်။

ရတနာပုံစက်ရုံတော်က ကျွန်းသားကိုယ်ထည် သင်္ဘောတော်များ ဆက်တိုက်တည်ဆောက်ပြီးတဲ့နောက် ပထမဆုံး သံကိုယ်ထည်သင်္ဘောကို ၁၈၇၃ ခု စက်တင်ဘာ ၉ ရက်မှာ ရေချခဲ့တယ်။ ဒီသင်္ဘောက မြစ်တွင်းသွား စက်ရဟတ်တပ် သင်္ဘောဖြစ်ပြီး သင်္ဘောရေချပွဲကို မက္ခရာမင်းသား၊ ရွှေကူမင်းသားတို့ ကိုယ်တိုင်တက်ရောက်ကာ မင်းခမ်းမင်းနားနဲ့ ကြီးကြီးကျယ်ကျယ် ကျင်းပခဲ့ပါတယ်။ ၁၈၇၅ ခုနှစ်အတွင်းမှာပဲ ရတနာပုံစက်ရုံတော်က တည်ဆောက်ခဲ့တဲ့ မြစ်တွင်းသွား သင်္ဘောတစ်စင်းကို အမြောက် ၁၂ လက် တပ်ဆင်ကာ စစ်ရေးလေ့ကျင့်ခဲ့ပြီး နောက်ထပ်သင်္ဘောတစ်စင်းကို အမြောက် ၁၄ လက် တပ်ဆင်ခဲ့တယ်။ ဧပြီလအတွင်းရောက်တော့ အမြောက် ၁၄ လက်စစ်သင်္ဘောက ဗန်းမော်ထိ ဆန်တက်ခုတ်မောင်းခဲ့သတဲ့။

### ရတနာပုံ သင်္ဘောကျင်း

လက်ထက်တော်ကြီး၊ လက်ထက်တော်လေး ကာလအတွင်း ကနောင်မင်းသားကြီး ထူထောင်ခဲ့တဲ့ ရတနာပုံ သင်္ဘောစက်ရုံတော်က လူစီး၊ စစ်သုံး သင်္ဘောပေါင်း ၁၈ စင်း တည်ဆောက်နိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ ၁၈၈၆ ခုနှစ် အင်္ဂလိပ် ကိုလိုနီလက်အောက်ကျရောက်တော့ အဲဒီသင်္ဘော ၁၈ စင်းနဲ့အတူ သံတိုမယ်နအားလုံးကို အင်္ဂလိပ်ပိုင် ဧရာဝတီဖလုတ်တီးလားကုမ္ပဏီက တန်ဖိုးငွေကျပ် ၄၅၀၀၀ နဲ့ ဝယ်ယူလိုက်သတဲ့။ တွင်ခုံတွေ၊ ဖောက်ခုံတွေ၊ ဖြတ်ခုံတွေ၊ ရွှေပေါ်ခုံ၊ မြောင်းထိုးခုံ၊ အရစ်ဖော်ခုံ၊ သံရည်ကျိုစက်၊ ပန်းပဲစက်၊ သံမှုံရိုက်စက်တွေအပြင် သံချိန်းကြိုး၊ သံပြားအသစ်များ၊ သံမှိုများ၊ ဘွိုင်လာကျုများ၊ ဟင်္ဂလိုင်းသံထည်များ၊ ကြေးနီကြေးဝါပိုက်များ၊ သံစိမ်းသံကြွပ်များလည်း ပါသတဲ့။

လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှာတော့ နိုင်ငံပိုင်အဖြစ် သိမ်းယူကာ ရတနာပုံသင်္ဘောကျင်းအမည်နဲ့ ပြည်တွင်းသွား ရေယာဉ်တွေကို ပြုပြင်ဆောင်ရွက်နေတာ ဒီကနေ့အထိပါပဲ။

### ရတနာပုံခေတ်က စက်ရုံတော်ပေါင်း ၅၀ ကျော်

သမိုင်းအထောက်အထားများအရ ရတနာပုံခေတ်က စက်ရုံတော်ပေါင်း ၅၀ ကျော်ရှိတယ်ဆိုရာမှာ ... အခုထိ အချို့စက်ရုံများကို မဖော်ထုတ်နိုင်သေးပါဘူး။ နန်းမြို့တွင်းရှိ မင်းတုန်းမင်းကြီး ဂူဗိမာန်နဲ့ မလှမ်းမကမ်းရှိ ဒင်္ဂါးစက်ရုံတော်ရှိတယ်။ မြောက်ပြင်မှာ အခုဘီယာနဲ့ အရက်ချက်စက်ရုံက ရတနာပုံခေတ်ရဲ့ လက်နက်စက်ရုံတော်ကြီးဖြစ်တယ်။ နောက်ထပ် လက်နက်စက်ရုံတော်က အနောက်ပြင် နဘဲကြူးအရပ်မှာလည်းရှိသလို၊ နန်းတော်အရှေ့ဘက်မှာလည်း တစ်ရုံရှိတယ်။ စစ်ကိုင်းရွှေတောင်ဦးမော်အရပ်မှာ သံဖိုစက်ရုံရှိတယ်။ မန္တလေး အနောက်ပြင် မီးခြစ်စက်ရုံကလည်း ရတနာပုံခေတ်က သံစက်ရုံတည်ရာ ဖြစ်တယ်။ အမရပူရမှာက မဲနယ်စက်ရုံ၊ မဲနယ်ကန်တွေရှိတယ်။ နန်းတွင်း မြောက်ဥယျာဉ်တော်မှာ စာပုံနှိပ်စက်ရုံတော်ရှိတယ်။ အနောက်ပြင် ပြည်ကြီးကျက်သရေရပ်၊ ရွှေကျီးမြင်ဘုရား တောင်ဘက်မုခ်အနီးမှာ ရတနာပုံနေပြည်တော် သတင်းစာတိုက်နဲ့ပုံနှိပ်စက်ရှိတယ်။ အနောက်ပြင် ဂေါဝိန်တံခါးလမ်းမှာ ဂွမ်းကြိတ်စက်ရုံရှိတယ်။ ပိုက်ကျုံးမှာ သကြားစက်ရုံတော်ရှိတယ်။ လွှစက်ရုံတော်ရှိတယ်။ ပန်းဆက်တံခါးအထွက်မှာ သင်္ဘောစက်ရုံတော်ရှိတယ်။

ဒီစက်ရုံတော်များအနက် အများစုက ပျောက်ကွယ်သွားပြီး အချို့က မူလနေရာမှာ အခြားစက်ရုံများအဖြစ် အသွင်ပြောင်းနေပါပြီ။ ဒီအထဲမှာမှ ရတနာပုံသင်္ဘောစက်ရုံတော်ကဖြင့် မူလနေရာမှာပဲ မူလအတိုင်း ခေတ်နှင့်အညီ ပြောင်းလဲကာ ရတနာပုံသင်္ဘောကျင်းအဖြစ် နှစ်ပေါင်း ၁၆၀ တိုင် တည်ရှိနေခြင်းဟာ ဂုဏ်ယူဖွယ်ရာ ဖြစ်ပါကြောင်း။ ။

---

## ပင်လည်ဘူးမြို့နယ်၌ ငါးသယံဇာတများ ဖွံ့ဖြိုးတိုးတက်စေရန် စီမံဆောင်ရွက်

**ပင်လည်ဘူး မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူး မြို့နယ်တွင် ငါးစားသုံးသူများ အဆင်ပြေစေရန်၊ ငါးသယံဇာတများ ဖွံ့ဖြိုးတိုးတက်စေရန် ငါးလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်ထားရှိကြောင်း မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ပင်လည်ဘူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးရွာများတွင် အခြေခံငါးမွေးမြူရေးသင်တန်းများနှင့် ငါးဆေးထိုးသားဖောက်ခြင်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝရေပြင်အတွင်းမှာ ပြုန်းတီးသွားသည့် ငါးသယံဇာတများအစား သဘာဝမြစ်ချောင်း၊ အင်းအိုင်များတွင် ငါးမြစ်ချင်း၊ ငါးကြင်းရွှေဝါနှင့် ထိုင်းငါးခုံးမ ငါးမျိုးသားပေါက်များကို နှစ်စဉ်စိုက်ထည့်ပေးလျက်ရှိကြောင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမြစ်ချင်း၊ ငါးကြင်းရွှေဝါနှင့် ထိုင်းငါးခုံးမကြီးများကို တစ်ပိုင်တစ်နိုင် ငါးဆေးထိုးသားဖောက်ပြုစုစောင့်ရှောက်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပင်လည်ဘူး မြို့နယ်တွင် ငါးမွေးသူ ၈၂ ဦးရှိကာ ငါးမွေးကန် ၆၉ ဧက ကျော်ရှိကြောင်း၊ ငါးသားပေါက်များကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ရယူမွေးမြူကြသလို ပုဂ္ဂလိက ငါးသားဖောက်လုပ်ငန်းရှင်များထံမှလည်း ရယူမွေးမြူဆောင်ရွက်လျက်ရှိကြောင်း၊ ငါးမျိုးများ ပြုန်းတီးမှုနှင့် တရားမဝင်ငါးဖမ်းဆီးမှုများ မရှိစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခက်ခက်ဝေခိုင်ထံမှ သိရသည်။

**မျိုးလွင်**
**(ပင်လည်ဘူး)**

■

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကြည့်ရှု

**မုံရွာ မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ယနေ့ နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့ပေါ်ရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်မြောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ရွှေတောင်ဆောင်တွင် ကန့်သတ်စောင့်ကြည့်စခန်း ဖွင့်လှစ်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ကျန်းမာရေး အတွက် လိုအပ်သောပိုးသတ်ဆေးများ၊ နှာခေါင်းစည်းများ၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများနှင့် အပူချိန်တိုင်းသာမိုမီတာများကို တာဝန်ရှိသူများအား ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကျောက်မြောင်းမြို့ ပြည်သူ့အားကစားကွင်းတွင် ဖွင့်လှစ်ထားရှိသော ယာယီပျံကျဈေးနှင့် ဧရာဝတီမြစ်ကူးရတနာသဃ်တံတားအနီးရှိ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်တို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် တာဝန်ထမ်းဆောင်နေသော မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင်သော လူမှုရေးအသင်းအဖွဲ့တို့က ပြည်သူများ နှာခေါင်းစည်းများတပ်ဆင်ခြင်းနှင့် သတ်မှတ်စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

**ထွန်းကိုကို (ယင်းမာပင်)**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် Isolation Unit (ကလိ)သို့ သွားရောက်ကြည့်ရှု



**ပဲခူး မေ ၃**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ယနေ့ နံနက်ပိုင်းက ပဲခူးမြို့ ကလိခြောက်ထပ်ဆေးရုံ အနီးတွင် ဖွင့်လှစ်ထားရှိသောCOVID-19 Designated Hospital ဖြစ်သည့် ပဲခူးပြည်သူ့ဆေးရုံကြီး၏ COVID-19 PUI လူနာများထားရှိကုသပေးလျက်ရှိသော Isolation Unit (ကလိ)သို့ သွားရောက်ကြည့်ရှုသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား ပဲခူးဆေးရုံ အုပ်ကြီး ဒေါက်တာရန်နိုင်မောင်က COVID-19 PUI လူနာများထားရှိကုသပေးမှုအခြေအနေ၊ အဆိုပါလူနာများ မီးဖွားရန်နှင့် ခွဲစိတ်ကုသရန်လိုအပ်ပါက အရေးပေါ်သားဖွားခန်းနှင့်ခွဲစိတ်ခန်း ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေ၊ မိုးတွင်းကာလ သွားလာမှုအဆင်ပြေစေရန် လူနာဆောင်နှင့်ပတ်ဝန်းကျင်ကို ရေနစ်မြုပ်မှုမဖြစ်ပေါ်စေရန်၊ ရေချိုမပြတ်ရရှိစေရန် လိုအပ်မှုအခြေအနေများနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများကလည်း ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က Isolation Unit (ကလိ)တွင် ကိုဗစ်-၁၉ လူနာများ မီးဖွားရန်နှင့် ခွဲစိတ်ကုသရန် အရေးပေါ်သားဖွားခန်းနှင့် ခွဲစိတ်ခန်းပြင်ဆင်ဆောင်ရွက်နေမှုကို သက်ဆိုင်ရာအထူးကု/ပညာရှင်များ လုပ်ငန်းလိုအပ်ချက်အရ ဆက်လက်ဆောင်ရွက်ရန်၊ ကျွမ်းကျင်အင်ဂျင်နီယာများနှင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရန်၊ လိုအပ်ပါက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြရန်၊ မိုးတွင်းကာလ၌ Isolation Unit သို့ Ambulance ကားများအပါအဝင် ကျန်းမာရေးဝန်ထမ်းများ အခက်အခဲမရှိသွားလာနိုင်ရန် အဝင်/အထွက်လမ်းပြင်ဆင်ရေးအတွက် လမ်းဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်ရန်၊ Isolation Unit ဝန်းကျင်အား မိုးတွင်းကာလ ရေနစ်မြုပ်မှုမရှိစေရေး ရေနုတ်မြောင်းတူးဖော်ပေးရန်နှင့် ရေချိုရရှိရေးတို့အတွက် ဆည်မြောင်းဦးစီးဌာနမှ ကူညီပေါင်းစပ်ညှိနှိုင်းပေးရန်၊ ဆေးရုံကြီးတစ်ခုလုံး လုံလောက်သောလျှပ်စစ်ဓာတ်အားများ ၂၄ နာရီရရှိစေရေးအတွက် လျှပ်စစ်ဌာနမှဆောင်ရွက်ပေးရန် မှာကြားပြီး အဝင်/အထွက်ကားလမ်း ပြန်လည်ပြုပြင်ရမည့်အနေအထားအား ကြည့်ရှုကြသည်။

"မြန်မာနိုင်ငံရဲ့ COVID-19 ကိုတော့ ကျွန်တော်တို့ ပဲခူးဒေသအနေနဲ့ အဆင်ပြေအောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ပါပြီ၊ ပဲခူးပြည်သူ့ဆေးရုံကြီးအနေနဲ့ စောင့်ကြည့်လူနာ ၁၁ ဦးကိုသာ ကုသမှုပေးခဲ့ရပြီး လူနာအားလုံးမှာလည်း ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်မတွေ့ရှိရပါဘူး၊ ကျွန်တော်တို့အဖွဲ့တွေ ပြင်ဆင်ဆောင်ရွက်နေကြပါတယ်" ဟု ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်က ပြောကြားသည်။

**တင်စိုး (ပဲခူး)**

## မိုးညှင်းခရိုင်အတွင်းရှိ မြို့နယ်များသို့ ကိုဗစ်-၁၉ရောဂါကာကွယ်ရေးပစ္စည်းများ ထောက်ပံ့

**မိုးညှင်း မေ ၃**

ကချင်ပြည်နယ် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်းက မိုးညှင်းခရိုင်အတွင်းရှိ မိုးညှင်းမြို့နယ်နှင့် မိုးကောင်းမြို့နယ်များရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်နေရာများသို့ ယမန်နေ့ နံနက်ပိုင်းတွင် ရောဂါကာကွယ်ထိန်းချုပ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

မိုးကောင်းမြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင်ဖွင့်လှစ်ထားသည့် စောင့်ကြည့်ရေးစခန်းတွင် အသုံးပြုရန်ငွေကျပ် ၆၉၆၀၀၀ တန်ဖိုးရှိ နှာခေါင်းစည်း ၄၂ ဖာ၊ အရက်ပြန်ဘူး ၃၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံနှစ်စုံတို့ကို ထောက်ပံ့ပေးအပ်ရာ စောင့်ကြည့်စခန်းရှိ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ မိုးညှင်းမြို့နယ်အတွင်း ထောက်ပံ့ပေးအပ်မှုလုပ်ငန်းများကို ခုတင်၁၀၀ဆံ့ပြည်သူ့ဆေးရုံအပေါ်ထပ် အစည်းအဝေးခန်းမတွင်လည်းကောင်း၊ စောင့်ကြည့်လူနာများထားရှိသည့် ပုညရှင်စက္ကူပါလမျက်စိကုဆေးရုံတွင်လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် မြို့နယ်အတွင်းရှိတိုင်းရင်းသားရိုးရာ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအားလည်းကောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း ဖာ ၁၃၀၊ အရက်ပြန်ဘူး ၆၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံငါးစုံတို့ကို ထောက်ပံ့ပေးအပ်ခဲ့ရာ သက်ဆိုင်ရာနေရာအလိုက် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

အလားတူ ထောက်ပံ့ပေးအပ်ခြင်းကို ဟိုပင်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌထံသို့လည်း နှာခေါင်းစည်းအခုရေ ၅၀၀ နှင့် အရက်ပြန် ၁၀ ဘူးတို့ကို ပေးအပ်ခဲ့ပြီး နန့်မွန်းမြို့တိုက်နယ်ဆေးရုံသို့လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ဆက်လက်လှူဒါန်းထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(မိုးညှင်း)**






## မိတ္ထီလာ၌ လူ့ခန္ဓာကိုယ်အား အာရုံခံစနစ်ဖြင့် အလိုအလျောက် ပိုးသတ်ဆေးဖျန်းပေးသည့်စက်များကို အဆင့်မြှင့်တင်ထပ်မံပြုလုပ်

**မိတ္ထီလာ မေ ၃**

မိတ္ထီလာ၌လူ့ခန္ဓာကိုယ်အား ဆင်ဆာစနစ်ဖြင့်အလိုအလျောက် ပိုးသတ်ဆေးဖျန်းပေးသည့်စက်တစ်ခုကို ဧပြီပထမပတ်က အက်ရှင်အေ့ဒ်မြန်မာ(မိတ္ထီလာ)နှင့် မိတ္ထီလာတက္ကသိုလ်လူငယ်များပရဟိတအဖွဲ့တို့ ပူးပေါင်းပြုလုပ်ခဲ့ပြီး ယမန်နေ့ အဆိုပါစက်ထက် ပိုမိုအဆင့်မြှင့်တင်ထားသည့် စက်နှစ်ခုအား ထပ်မံပြုလုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

"White Marker (သာစည်မြို့နယ်) အဖွဲ့က ငွေကြေးအကုန်ကျခံပြီးတော့ အများပြည်သူတွေသွားလာတဲ့ နေရာမျိုးမှာ ထားရှိဖို့အတွက် ဆင်ဆာစနစ်နဲ့ အလိုအလျောက် ပိုးသတ်ဆေးဖျန်းပေးတဲ့စက်ကို ပြုလုပ်ပေးဖို့ အကူအညီတောင်းတာကြောင့် အက်ရှင်အေ့ဒ်မြန်မာ(မိတ္ထီလာ)နဲ့ ကျွန်တော်တို့ မိတ္ထီလာတက္ကသိုလ်လူငယ်များပရဟိတအဖွဲ့တို့ ပူးပေါင်းပြီး ယခင်တီထွင်ပြုလုပ်ဖူးတဲ့စက်ထက် ပိုအဆင့်မြှင့်တင်ပြီး စက်နှစ်ခုကို ပြုလုပ်ဆောင်ရွက်ပေးတာပါ။ အရင်စက်ကတော့ ကျပ် ၂၀၀၀၀၀ ပဲကုန်ကျတယ်။ အရွယ်အစားသေးပြီးတော့ ရှာဖွေရရှိတဲ့ပစ္စည်းတွေနဲ့ အဆင်ပြေအောင်လုပ်ခဲ့ရတာပါ။ အခုစက်နှစ်ခုကတော့ အရွယ်အစားပိုကြီးပြီး ပစ္စည်းတွေကိုလည်း ပိုမိုကောင်းမွန်တဲ့ပစ္စည်းတွေနဲ့ ပြုလုပ်ပေးထားပါတယ်။ အက်ရှင်အေ့ဒ်မြန်မာ(မိတ္ထီလာ) က နေရာနဲ့ လိုအပ်တာတွေကူညီပေးပြီး ကျွန်တော်တို့အဖွဲ့က နည်းပညာပိုင်းနဲ့ ကျန်တဲ့စက်တည်ဆောက်တာတွေ ဝိုင်းဝန်းဆောင်ရွက်ပေးတာ ဖြစ်ပါတယ်" ဟု အဆိုပါစက်များကို တီထွင်ပြုလုပ်သည့် လူငယ်အဖွဲ့မှ ကိုအောင်မိုးကျော်က ပြောကြားသည်။

မိတ္ထီလာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် မိတ္ထီလာဆေးရုံကြီးတွင်ထားရှိရန်အတွက် အာရုံခံစနစ်ဖြင့် အလိုအလျောက်လက်ဆေးဆပ်ပြာရည်ထုတ်ပေးသည့်စနစ်နှင့် လက်ဆေးနိုင်သည့်စနစ် ပါဝင်သည့် လက်ဆေးဘေစင်နှစ်ခုကိုလည်း အက်ရှင်အေ့ဒ်မြန်မာ (မိတ္ထီလာ)နှင့် အဆိုပါလူငယ်များအဖွဲ့က ဆက်လက်ပူးပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**




# သန်လျင်၌ ပိုးသတ်ဆေးဖျန်း

**ရန်ကုန် မေ ၃**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းကို ပြည်သူများအသွားအလာများသည့် မြို့တွင်းလမ်းများ၌ မော်တော်ယာဉ်ဖြင့် ယမန်နေ့ နံနက် ၈ နာရီခွဲက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သန်လျင်တပ်နယ်နှင့် အမှတ် (၂၂) တပ်မတော်ဆေးရုံ ခုတင် ၁၀၀ ဆံ့မှ တပ်မှူး ဗိုလ်မှူးမင်းသူနှင့် တာဝန်ရှိသူများ၊ သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက သန်လျင်မြို့ သိမ်ကျောင်းလမ်း၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ လမ်းမတော်လမ်းနှင့် မြို့မဈေးကြီးအား နှစ်ပတ်လှည့်လည်ကာ ကိုဗစ်-၁၉ ကာကွယ်ရေး မော်တော်ယာဉ်များဖြင့် ပိုးသတ်ဆေးဖျန်းပေးခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# ကျောက်တလုံးကြီးမြို့နယ်တွင် ပိုးသတ်ဆေးဖျန်း

**ကျောက်တလုံးကြီး မေ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့နယ် ပင်တွန်ကျေးရွာအုပ်စုရှိ အခြေခံပညာကျောင်းများနှင့် ကျောက်တလုံးအထကတို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မေ ၁ ရက် ညနေ ၃ နာရီက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ပင်တွန်ကျေးရွာအုပ်စုရှိ မူလွန်နောင်ဟိုင်းကြီး၊ အထက(ခွဲ)ပင်တွန်၊ အမက နမ့်ပါတက်၊ အမက ထီပုန်း၊ မူလွန်ထီခွနှင့် ကျောက်တလုံး အထကတို့တွင် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျောက်တလုံးကြီး (ပြန်/ဆက်)**



# တောင်ကြီးမြို့၌ ပိုးသတ်ဆေးဖျန်း

**တောင်ကြီး မေ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့တွင်းလမ်းမများ၊ ရပ်ကွက်များ၊ တောင်လေးလုံးအကျဉ်းဦးစီးဌာနနှင့် ဓမ္မသုခကျောင်းများတွင် ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ရှမ်းတောင် ပရဟိတညီနောင်များကွန်ရက်အဖွဲ့ငါးဖွဲ့မှ အဖွဲ့ဝင် ၂၁ ဦးဖြင့် ဆေးဖျန်းစက်နှစ်လုံးကိုအသုံးပြု၍ အလှည့်ကျဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ အရေးပေါ်လူနာအိမ်၊ သံသယလူနာအိမ်များ၊ မြို့ပေါ်ရပ်ကွက်များ၊ ဌာနဆိုင်ရာများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် အခြားဖိတ်ကြားသော နေရာများသို့ပါ ဆောင်ရွက်ပေးမည်ဖြစ်ပြီး တောင်ကြီးမြို့ပေါ်တွင် ရပ်ကွက်အလိုက် ဖွင့်လှစ်ထားသော ယာယီဈေးကိုးဈေးအား ယနေ့ညနေ ၄ နာရီမှစတင်၍ နေ့စဉ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှမ်းတောင် ပရဟိတညီနောင်များကွန်ရက်အဖွဲ့မှ သိရသည်။

**အေးအေးစိုး (ပြန်/ဆက်)**



# မျက်နှာဖုံးကာများ အခမဲ့ဖြန့်ဝေ

**ထားဝယ် မေ ၃**

တနင်္သာရီတိုင်းဒေသကြီး၌ မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အသင်း) အမှုဆောင်အဖွဲ့ဝင်များသည် ယနေ့ နံနက် ၈ နာရီက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြု မျက်နှာဖုံးကာများကို ထားဝယ်မြို့ ဆန်းချီဈေးတွင် ဖြန့်ဝေပေးခဲ့သည်။

မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း တနင်္သာရီတိုင်းဒေသကြီးဥက္ကဋ္ဌ ဦးအောင်သူရလင်းနှင့် အဖွဲ့ဝင်များက ဆန်းချီဈေးအတွင်းရောင်းချနေသော ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်သူများအား မျက်နှာဖုံးကာ ၈၀ ဖြန့်ဝေပေးခဲ့ပြီး လက်ကိုမကြာခဏဆေးကြောပေးရန်လိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါအဖွဲ့ဝင်များက ဈေးသူ၊ ဈေးသားများအား ကိုဗစ်-၁၉ ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများအကြောင်း၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများအကြောင်း၊ ကာကွယ်နိုင်မည့် နည်းလမ်းများအကြောင်း၊ ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားသော သတင်းအချက်အလက်များအကြောင်း၊ ကျန်းမာရေးဌာနများနှင့် ချိတ်ဆက်လုပ်ဆောင်ရွက်ရမည့်အချက်များအကြောင်း၊ ပြည်ပမှဝင်ရောက်လာသူများ လိုက်နာရမည့်အချက်များအကြောင်းနှင့် ဈေးသည်များလိုက်နာရမည့် ဆောင်ရန်/ရှောင်ရန်အချက်များအကြောင်း စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထားဝယ်ခရိုင် (ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် မေလအတွင်းဖြစ်ပေါ်နိုင်သည့် မိုးလေဝသဖြစ်စဉ်များကို သတိပြုစောင့်ကြည့်ရန်လိုအပ်

**မုံရွာ မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီးတွင် မေလအတွင်းဖြစ်ပေါ်နိုင်သည့် မိုးလေဝသဖြစ်စဉ်များကို သတိပြုစောင့်ကြည့်ကြရန်လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစဝီလီဖရန့်က ပြောကြားသည်။

"မေလအတွင်းမှာဖြစ်တဲ့ မုန်တိုင်းတွေက မိုးများနိုင်တယ်၊ မိုးများနိုင်တာဖြစ်တဲ့အတွက် တစ်ဖက်ပိတ်ဆည်တွေ ကျေးလက်ဒေသကဆည်တွေ ရေကာတာတွေမှာ ကြွက်တွင်းတွေကြောင့်၊ အက်ကြောင်းတွေကြောင့်၊ နောက်ပြီး ရေမဝတဲ့မြေတွေဖြစ်တဲ့အတွက် ရေနဲ့တွေ့တဲ့အချိန်မှာ မြန်မြန်ဆန်ဆန်ကျိုးပေါက်တာတွေဖြစ်နိုင်တဲ့အတွက် သတိပြုကြဖို့လိုတယ်၊ မိုးတစ်ရှိန်ထိုးရွာရင် တောင်ကျချောင်းရေတွေ အပြင်းအထန်စီးဆင်းနိုင်တယ်၊ အဲဒါတွေကိုတော့ သတိပြုဆင်ခြင်ပြီး ရှောင်ရှားနိုင်ဖို့ ပြောချင်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးစဝီလီဖရန့်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဧပြီလက လေပြင်းတိုက်ခတ်မှုများကြောင့် လူနေအိမ် ၁၆၇၉ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၃၈ လုံးတို့ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ပြီး လူနေအိမ် ၂၉ လုံး ပြိုကျပျက်စီးခြင်းဖြစ်ပေါ်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး (ဧယျာတိုင်း)**

# ကုန်စည်ရောင်းဝယ်မှု ပုံမှန်စီးဆင်း ပြည်သူများ အဆင်ပြေ

**မိုင်းယောင်း မေ ၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ကုန်စည်ရောင်းဝယ်မှု ပုံမှန်စီးဆင်းလျက်ရှိပြီး ကုန်ဈေးနှုန်းမြင့်တက်ခြင်းမရှိဘဲ ပုံမှန်ဈေးများဖြင့် အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကုန်စည်စီးဆင်းမှု မပြတ်လပ်စေရေးအတွက် ကုန်တင်ယာဉ်များက ဆောက်လုပ်ရေးပစ္စည်းများ၊ ဆေးဝါးများ၊ ဆေးဝါးပစ္စည်းများ၊ စက်သုံးဆီများနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးလျက်ရှိနေသဖြင့် ဒေသတွင်း ကုန်သည်များ၊ ကုန်စုံဆိုင်များနှင့် လက်လီ/လက်ကား ဈေးဆိုင်များကလည်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းပါဝင်ပြီး ပြည်သူများကို ဈေးနှုန်းမြှင့်တင်ရောင်းချမှုမပြုလုပ်ဘဲ ထိန်းသိမ်းလျက် ပုံမှန်ဈေးများဖြင့်သာ ရောင်းချပေးနေရာ ပြည်သူများ အခက်အခဲမရှိ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# သဘာဝဘေးနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးပြင်ဆင်

**အောင်လံ မေ ၃**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မီးသတ်ဦးစီးဌာနသည် ဒေသတွင်း မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေးနှင့် ငလျင်ဘေးအန္တရာယ်များကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် ကိရိယာများဖြင့် လက်တွေ့လေ့ကျင့်ခြင်းလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနရုံးရှေ့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးထက်ဇော်မင်းနှင့် ဒုဦးစီးမှူး ဦးထွန်းထွန်းဇော်တို့ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် ကူညီကယ်ဆယ်ရေးရေယာဉ်၊ ကူညီကယ်ဆယ်ရေးကိရိယာများကို အသုံးပြုလျက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် အသင်းစုဖွဲ့လေ့ကျင့်နည်းများဖြင့် ဇာတ်တိုက်လေ့ကျင့်ကြခြင်းဖြစ်ကြောင်း သိရသည်။

**သိန်းလွင် (အောင်လံ)**

## စစ်တွေ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**စစ်တွေ မေ ၃**
ရခိုင်ပြည်နယ် စစ်တွေခရိုင်အတွင်းရှိ မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စည်ပင်သာယာရေးကော်မတီများနှင့် လူမှုအဖွဲ့အစည်းများပူးပေါင်းပါဝင်ကာ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်တစ်ခုလုံးမှာ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေပါတယ်၊ စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်တွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေမှာ ဌာနဆိုင်ရာလေးခုပေါင်းပြီးတော့ အလှည့်ကျစနစ်နဲ့ နေ့ညလှည့်လည် အသိပညာပေးကြေညာပေးတာတွေ လုပ်ဆောင်နေပါတယ်၊ ပြီးတော့ IDP စခန်းတွေ၊ တိုက်ပွဲရှောင်စခန်းတွေမှာလည်း ပိုးသတ်ဆေးဖျန်းတာတွေ၊ အသိပညာပေးတာတွေ၊ လက်ဆေးဘေစင်တွေတပ်ပေးတာတွေ၊ နှာခေါင်းစည်းတွေ စနစ်တကျတပ်ဆင်အသုံးပြုနည်းတွေ၊ ကျန်းမာရေးစောင့်ရှောက်ပေးတာတွေ၊ ဆပ်ပြာထောက်ပံ့ပေးတာတွေကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေပါတယ်"ဟု ရခိုင်ပြည်နယ် အသိပညာပေးရေးနှင့် သတင်းစုဆောင်းထုတ်ပြန်ရေးကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးလှငွေးက ပြောကြားသည်။

စစ်တွေမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ နေ့ညရပ်ကွက်အလိုက်ခွဲကာ နေ့စဉ်ကြေညာပေးလျက်ရှိသည့်အပြင် အသိပညာပေးကြော်ငြာဗီနိုင်းပိုစတာများ၊ နံရံကပ်စာစောင်များပြသခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းတို့ကို လူသွားလူလာများသည့် နေရာများ၊ မြို့ပေါ်ရပ်ကွက်များ၊ ရုံးများ၊ ဈေးများနှင့် သင်္ဘောဆိပ်များတွင် ဗီနိုင်းများချိတ်ဆွဲကာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများပူးပေါင်းကာ မြို့အဝင်အထွက်နေရာများဖြစ်သော လေဆိပ်၊ ကားဂိတ်နှင့် သင်္ဘောဆိပ်စသည့် နေရာများတွင် ကျန်းမာရေးစစ်ဆေးခြင်း၊ စနစ်တကျလက်ဆေးခြင်း၊ နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်အသုံးပြုနည်းနှင့် မလိုအပ်ဘဲ အပြင်မထွက်ကြရန် အတတ်နိုင်ဆုံး မိမိအိမ်တွင် နေထိုင်ပေးခြင်းဖြင့် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို ကူညီပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် နှိုးဆော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



## ဟိုပုံးမြို့နယ် ပြည်သူ့ဆေးရုံသို့ လိုအပ်သောပစ္စည်းများ ထောက်ပံ့

**ဟိုပုံး မေ ၃**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်ပြည်သူ့ဆေးရုံသို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီခွဲတွင် ဟိုပုံးမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်က Surgical glove အခု ၂၀၀၊ လက်သန့်ဆေးရည် ၁၀ ဘူး၊ သာမိုမီတာ တစ်ခု၊ Pulse Oximeter တစ်ခု၊ ကြက်ဥအလုံး ၃၀၀ နှင့် နွားနို့ဘူး ၃၀ တို့ကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်သိန်းတို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**နေမင်းထွန်း(ဟိုပုံး)**

## သန်လျင်အထွေထွေရောဂါကုဆေးရုံကြီးသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် မေ ၃**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးသို့ အလှူရှင်များက ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါ ဆေးရုံကြီးခန်းမဆောင်၌ ကျင်းပသည်။

ဓမ္မစက္ကပဝတ္တနကာရီ ကိုဗစ်-၁၉ အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ဦးဌေးမိုးက လှူဒါန်းရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင်ထံသို့ ကျပ်သိန်း ၄၀ ကျော်တန်ဖိုးရှိ ဆန်၊ ဆီနှင့် ဆေးဝါးပစ္စည်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းက ကျပ် ၁၃ သိန်းကျော်တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကျပ် ၁၀ သိန်းကျော်တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ၊ ဦးအုန်းဆိုင်(ခေတ်သစ်ပွဲရုံ)ကလေအေးပေးစက်တစ်စုံတို့ကို ဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

## ကိုဗစ်-၁၉ ကုသရေးဌာန ကြီးကြပ်မှုလုပ်ငန်းကော်မတီဝင်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၃**
ကိုဗစ်-၁၉ ကုသရေးဌာန ကြီးကြပ်မှုလုပ်ငန်းကော်မတီဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ဧည့်ရိပ်သာ(၁) ခန်းမတွင် ကျင်းပသည်။

ကိုဗစ်-၁၉ ကုသရေးဌာန ကြီးကြပ်မှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ကိုဗစ်-၁၉ ကုသဆေးရုံတွင် လက်ခံထားရှိ ကုသပေးမှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ ပြည်တွင်းသို့ပြန်လည်ဝင်ရောက်လာမည့် နိုင်ငံသားများအား မေ ၁ ရက်မှစတင်ကာ လက်ခံလျက်ရှိကြောင်း၊ ပြန်လည်ဝင်ရောက်လာမည့် နိုင်ငံသားဦးရေမှာ တစ်သိန်းဝန်းကျင်အထိရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ အဆိုပါ ပြန်လည်ဝင်ရောက်လာမည့်သူများအား သတ်မှတ်နေရာများတွင်ထားရှိပြီး စနစ်တကျစစ်ဆေး၍ ပိုးတွေ့လူနာများအား ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ကိုဗစ်-၁၉ ကုသဆေးရုံတွင် ကြပ်မတ်ကုသပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ကုသရေးဌာန ကြီးကြပ်မှုလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်ဝင်းဟန်က စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုလုပ်ငန်းဆောင်ရွက်ထားမှုများကို ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးက ကုသရေးလုပ်ငန်းများအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိသည်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော လုပ်ငန်းကော်မတီဝင်များက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကို အသီးသီးဆွေးနွေးတင်ပြခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ကိုဗစ်-၁၉ ကုသရေးဌာန ကြီးကြပ်မှုလုပ်ငန်းကော်မတီဝင် ၃၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲမင်းထွန်း(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းနှင့် အလှူငွေပေးအပ်

**ကော့သောင်း မေ ၃**
ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အမှတ်(၁၃) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀) သို့ ကော့သောင်းမြို့ ယုဇနဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီမှ အလှူငွေနှင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများတွင်အသုံးပြုနိုင်ရန် လုပ်ငန်းသုံးပစ္စည်းများကို ယမန်နေ့ ညနေပိုင်းက လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းမှုတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး ကျပ်ငါးသိန်းတန်ဖိုးရှိ ဆေးရုံသုံးပိုးသတ်ဆေးဖျန်းရုံတစ်ခုနှင့် အလှူငွေကျပ် ၂၅၀၀၀၀ အား ယုဇနဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီမှ တာဝန်ခံမန်နေဂျာ ဒေါ်မိုးမိုးခိုင်နှင့် တာဝန်ရှိသူများက လာရောက်ပေးအပ်လှူဒါန်းခဲ့ကြရာ ကော့သောင်းခရိုင် အမှတ်(၁၃) တပ်မတော်ဆေးရုံ (ကုတင်-၁၀၀) တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ဖယ်ခုံမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

**ဖယ်ခုံ မေ ၃**
ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးလုပ်ငန်းများအတွက် ယမန်နေ့ မွန်းလွဲ ၁ နာရီက အလှူငွေနှင့် ပစ္စည်းများကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကန့်သတ်စောင့်ကြည့်စခန်းတွင် လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဖယ်ခုံမြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ရန်ပုံငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးကော်မတီထံသို့ ဖယ်ခုံမြို့ ရွှေဓမ္မရောင်ခြည် လူမှုဖောင်ဒေးရှင်း၏ နာယက တောင်ကြီးမြို့စဝ်စံထွန်းရပ်ကွက်နေ ဦးစိုင်းဂင်းဦး(ခ)ဦးအိုက်ဦးနှင့် ဇနီးဒေါ်နန်းပန်းလုံမိသားစုမှ အလှူငွေကျပ်သိန်း ၃၀၊ ရွှေဓမ္မရောင်ခြည်လူမှုဖောင်ဒေးရှင်းမှ ဒုတိယအကြိမ်အဖြစ် အလှူငွေကျပ် ၁၅ သိန်းနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၁ စုံနှင့် မျက်မှန်ကိုးလက်ကို လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးမောင်နှင့် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီချို့ တို့ထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။



ထို့အတူ နံနက် ၁၀ နာရီက (၂၅) ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများအတွက် ဖယ်ခုံမြို့နယ် အလယ်ကယန်းကျေးရွာအုပ်စု ဆီးဘူးကျေးရွာနေ Kayan Land Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မင်းမိသားစုက ငွေကျပ်ငါးသိန်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်ဦးထံ ထောက်ပံ့လှူဒါန်းခဲ့သည်။

**ကိုထွေး(ဖယ်ခုံ)**

## နှာခေါင်းစည်းများ၊ လက်ဆေးရည်နှင့် စားနပ်ရိက္ခာများထောက်ပံ့

**ညောင်ဦး မေ ၃**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအသင်းမှ မေ ၁ ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့ အမှတ်(၃) ရပ်ကွက်ရှိ ကိုကိုညီညီတည်းခိုခန်းတွင် ကန့်သတ်စောင့်ကြည့်မှုဝင်ရောက်လျက်ရှိသော ဝန်ထမ်းများ၊ သူဌေးကန်ကျေးရွာရှိ ပြည်သူများနှင့် အသင်းပိုင်သားဖွားခန်းရှိ မွေးလူနာများအတွက် နှာခေါင်းစည်း များ၊ လက်သန့်ဆေးရည်ဘူးများ ထောက်ပံ့ပေးခဲ့သည်။

ထို့ပြင် ညောင်ဦးမြို့နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လူသွားလူလာများပြားသည့်နေရာများ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ဖြစ်ပွားမှုကာလအတွင်း ဆောင်ရန်/ရှောင်ရန်နှင့် လိုက်နာကျင့်သုံးဆောင်ရွက်သင့်သည့် အသိပညာပေးပိုစတာများအား နေရာအနှံ့လိုက်လံကပ်ခြင်းတို့ ဆောင်ရွက်ကြသည်။ ထို့နောက် အသင်းပိုင်သားဖွားခန်းရှိ မွေးလူနာများအား အိုဗာတင်း၊ ကြက်ဥ၊ ငွေသားနှင့် ဝန်ထမ်းမိသားစုများအား ကြက်သွန်နီ၊ ကြက်ဥ၊ နှာခေါင်းစည်း၊ လက်သန့်ဆေးရည်တို့ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ကျော်မင်းဦး(ရေနံချောင်း)**

## မြိတ်မြို့ ကမ်းနားလမ်း ပလက်ဖောင်းအား သာယာလှပအောင် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိ

**မြိတ် မေ ၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ပြည်သူများ နေ့စဉ်လမ်းလျှောက်အပန်းဖြေအနားယူလျက်ရှိသည့် ကမ်းနားလမ်းပလက်ဖောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကျပ်သန်း ၂၀၀ ကျော်အကုန်အကျခံကာ စည်ပင်သာယာရေးကော်မတီကဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည်။

"မြိတ်မြို့က ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်တဲ့အတွက် ကမ်းနားလမ်းကို မြို့သူမြို့သားများက အပန်းဖြေနေရာတစ်ခုသတ်မှတ်ပြီး အပန်းဖြေနေကြပါတယ်။ လက်ရှိမှာ မြို့သူမြို့သားတွေဟာ လမ်းလျှောက်ခြင်း၊ အနားယူခြင်း၊ ပင်လယ်လေရှူခြင်းကို ကမ်းနားလမ်းမှာ အများဆုံးအနားယူနေရာဖြစ်တဲ့အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေနဲ့ အဓိကဦးစားပေးပြီး ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ်သန်းပေါင်း ၂၂၂ သန်းဖြင့် ကမ်းနားလမ်းပလက်ဖောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပလက်ဖောင်းရဲ့ အရှေ့မှာ အရင်က ရေတမာပင်တွေ စိုက်ပျိုးထားပါတယ်။ ရေတမာပင်တွေကြားမှာ အပွင့်ပွင့်နေတဲ့ အပင်လေးတွေကို ဆက်လက်ဆောင်ရွက်သွားဖို့နဲ့ အများပြည်သူအပန်းဖြေနိုင်အောင် သာယာလှပအောင် ဆောင်ရွက်သွားဖို့ ရည်ရွယ်ချက်ရှိပါတယ်" ဟု မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးစိန်ဝင်းက ပြောကြားသည်။

ပလက်ဖောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆိပ်ငယ်ရပ်ကွက် ဆိပ်ငယ်ဗောဓိတံတားထိပ်မှ ကန်ကြီးရပ်ကွက် သဲကွင်းလမ်းဆုံကြား အရှည်ပေ ၃၇၀၀၊ အကျယ် ခုနစ်ပေ ပလက်ဖောင်းလုပ်ငန်းကို ဧပြီတတိယအပတ်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ဇူလိုင်လအကုန်အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ်းနားလမ်း ပလက်ဖောင်းလုပ်ငန်းဆောင်ရွက်ရာ၌ လက်ရှိတွင် မြေတူးခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ပလက်ဖောင်းအောက်ခံမြေတည်ငြိမ်မှုရှိစေရန် သဲဖြည့်ရေလောင်း၍ လမ်းကြိတ်စက်ငယ်ဖြင့်ကြိတ်ခြင်း၊ သံချောင်းများထည့်၍ အမာခံကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးပါက Natural Clay အဆင့်မြှင့်ရောင်စုံကျောက်ပြားခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**ခိုင်ထူး**
**(ပြန်/ဆက်)**



## ဟားခါးမြို့ ဗိုလ်ချုပ်လမ်းမတစ်လျှောက်တွင် အန္တရာယ်ရှိအကွေ့များပြုပြင်ခြင်းနှင့် မြေထိန်းနံရံများဆောက်လုပ်

**ဟားခါး မေ ၃**

ဟားခါးမြို့အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မြို့တွင်းနေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မြို့တွင်းလမ်းများကို တိုးချဲ့ခြင်း၊ ပြုပြင်ခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ဟားခါးမြို့ ဗိုလ်ချုပ်လမ်းနှင့် ဂေါက်ကွင်းလမ်းဆုံအနီးရှိ အန္တရာယ်ရှိအကွေ့နှင့် ရေမြောင်းတူးဖော်ခြင်း၊ မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများကို ဟားခါးခရိုင် လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ချင်းပြည်နယ် အစိုးရအဖွဲ့ရဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၈၈ သန်းနဲ့ ဟားခါးမြို့အတွင်း ဗိုလ်ချုပ်လမ်းနဲ့ ဂေါက်ကွင်းလမ်းဆုံအနီး အန္တရာယ်ရှိကွေ့ရဲ့ အထက်ဘက်မှာ မြေထိန်းနံရံဆောက်လုပ်ခြင်းနဲ့ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကတော့ ရာနှုန်းပြည့်ပြီးသွားပါပြီ၊ အောက်ဘက်မှာ ဂေါက်ကွင်းလမ်းဘက်သွားတဲ့ လမ်းပေါ်ကို မြေပြိုမကျရအောင် အလျား ၁၉၇ မီတာရှိတဲ့ မြေထိန်းနံရံ ဆောက်လုပ်တာ ၉၀ ရာခိုင်နှုန်း ပြီးသွားပါပြီ" ဟု တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဟားခါးခရိုင် လမ်းဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဉာဏ်ဖြိုးလင်းက ပြောကြားသည်။



ဟားခါးမြို့ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက်တွင် လူကူးမျဉ်းကြားများတိုးချဲ့တည်ဆောက်ခြင်း၊ Slow Down များ တည်ဆောက်ခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာဆောင်ရွက်နိုင်ရေး အသိပညာပေးဆိုင်းဘုတ်များ တိုးချဲ့တပ်ဆင်ခြင်းတို့ဖြင့် ၂၀၃၀ ပြည့်နှစ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ဖြစ်ပွားမှုတို့ကို ယခုလက်ရှိထက် ၅၀ ရာခိုင်နှုန်း လျှော့ချနိုင်ရေးရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချင်းပြည်နယ် လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်လွင်ထံမှ သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

## လဟယ်မြို့နယ်၌ မြေသားလမ်း ဖောက်လုပ်

**လဟယ် မေ ၃**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လဟယ်မြို့နယ်၌ ပေ ၂၆၄၀၀ အရှည်ရှိ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း ၆၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁ ရက်မှ စတင်ဖောက်လုပ်ခဲ့ရာ အရှည် ပေ ၂၆၄၀၀၊ အကျယ် ၂၃ ပေ ရှိသောလမ်းကို စတုတ္ထအကြိမ် အိန္ဒိယအထောက်အပံ့ရန်ပုံငွေကျပ် ၂၃၅ ဒသမ ၇၁၈ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ ကျေးရွာအသီးသီးရှိလူဦးရေ ၅၅၅၄ ခန့်ကို သွားလာရေးအဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။ **မွေးကြူဇင်**



## အင်းစိန်မြို့နယ်တွင် အိမ်ထောင်စု ၁၅၀ ကျော်အား အခြေခံစားသောက်ကုန်ပစ္စည်းများ ရောင်းချပေး

**ရန်ကုန် မေ ၃**

We Love Yangon လူမှုရေးပရဟိတအဖွဲ့နှင့် အင်းစိန်မြို့နယ် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ (၂၁) ရပ်ကွက်သို့ အိမ်တိုင်ရာရောက် အခြေခံစားသောက်ကုန်ပစ္စည်း ၁၁ မျိုးကို အုပ်စု (A)တွင် ပစ္စည်း ၁၁ မျိုးကို ငွေကျပ် ၁၆၀၀၀၊ အုပ်စု(B)တွင် ခုနစ်မျိုးကို ငွေကျပ် ၁၂၀၀၀ နှင့် အုပ်စု (C)တွင် ငါးမျိုးကို ငွေကျပ် ၁၀၀၀၀ ဈေးနှုန်းများဖြင့် မှာယူကြသော ဝယ်ယူသူများနေအိမ်များသို့ မတ် ၂၀ ရက်မှစတင်၍ လိုက်လံရောင်းချပေးလျက်ရှိရာ ယခုဆိုလျှင် ရက်ပေါင်း ၄၄ ရက်အတွင်း အိမ်ထောင်စုပေါင်း ၁၅၀ ကျော်က ဈေးဝယ်သွားရန်မလိုဘဲ မိမိတို့နေအိမ်မှနေ၍ ဈေးဝယ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီထံမှ ယမန်နေ့က သိရသည်။

ယင်းအခြေခံစားသောက်ကုန်ပစ္စည်းများမှာ ဧည့်မထဆန်ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ငရုတ်သီး ၅၀ ကျပ်သား၊ ကြက်သွန်နီတစ်ပိဿာ၊ ကြက်ဥအလုံး ၂၀၊ ငါးသေတ္တာငါးဘူး၊ ကော်ဖီကွေကာ ငါးထုပ်စီ၊ ငပိထောင်းဘူး ငါးဘူး၊ ရှုံးရှဲလက်ဖက်ငါးထုပ်တို့ ပါဝင်ပြီးနေအိမ်တွင် နေထိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလအတွင်း မြို့နယ်အတွင်းရှိပြည်သူများ စားသောက်မှု အဆင်ပြေစေရန် ရည်ရွယ်၍ ရပ်ကွက်များသို့ လှည့်လည်ကာ ဈေးကားဖြင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို အုပ်စုသုံးစုနှင့် ဈေးနှုန်းသုံးမျိုးခွဲကာ အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးသည့် အစီအစဉ်ကို We Love Yangon လူမှုရေးပရဟိတအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ချိတ်ဆက်ပြီး ပြုလုပ်နေခြင်းဖြစ်ကြောင်း ဥက္ကဋ္ဌ ဦးသိန်းသန်းက ပြောသည်။ **ဥာဏ်ဟိန်း**



## ပလောက်မြို့ စည်ပင်သာယာဈေးကြီး၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ခြင်ဆေးဖျန်း

**ပလောက် မေ ၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့၌ သွေးလွန်တုပ်ကွေးရောဂါနှင့် ခြင်ကြောင့်ကူးစက်တတ်သော ရောဂါများအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် စည်ပင်သာယာဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းများ၊ ခြင်ခိုအောင်းနိုင်သောနေရာများတွင် ယနေ့ နံနက် ၁၁ နာရီက ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ပလောက်မြို့ စည်ပင်သာယာရေးဦးစီးဌာနမှ မြို့တာဝန်ခံ ဦးသွင်စည်သူကျော်ထွေးနှင့်ဝန်ထမ်းများက ဦးဆောင်၍ စည်ပင်သာယာဈေးကြီးအတွင်း/အပြင်၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နှင်းမြူလွင်(ပြန်/ဆက်)

## (၇၄)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကြိုဆိုဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**စစ်ကိုင်း မေ ၃**

(၇၄)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့မှူးများ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၇ နာရီက စစ်ကိုင်းမြို့ရှိ ထူပါရုံမြတ်စွာဘုရားကြီး ပရိဝုဏ်အတွင်းနှင့် အနီးဝန်းကျင်နေရာများတွင် သန့်ရှင်းရေးများပြုလုပ်ခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ပိုးသတ်ဆေးများပက်ဖျန်းခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေက (၇၄)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုတဲ့အနေနဲ့ သန့်ရှင်းရေးတွေပြုလုပ်ဆောင်ရွက်တယ်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးတွေပက်ဖျန်းတယ်။ နောက်ပြီး တပ်ဖွဲ့ဝင်တွေ စုပေါင်းပြီး စစ်ကိုင်းမြို့ ခုတင် ၂၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးမှာ သွေးလှူဒါန်းပေးသွားဦးမှာပါ" ဟု စစ်ကိုင်းခရိုင် မီးသတ်တပ်ဖွဲ့မှူး ဦးကျော်ကျော်နိုင်က ပြောကြားသည်။ **ဇော်မြင့်နိုင် (ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ် အရှေ့ဘက်ခြမ်းဒေသများတွင် ငရုတ်သီးအမှည့်အစိုများ စတင်ထွက်ရှိ၊ လာရောက်ဝယ်ယူသူများပြား

**ကျောက်ဆည် မေ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အရှေ့ဘက်ခြမ်းဒေသများတွင် ငရုတ်သီးစတင်ထွက်ရှိလာပြီဖြစ်ရာ ငရုတ်သီးအမှည့်အစိုများအား ပြည်ပနိုင်ငံများသို့တင်ပို့ရန် လာရောက်ဝယ်ယူသူများပြားလျက်ရှိကြောင်း ကျောက်ဆည်မြို့နယ် ပဲခင်းကျေးရွာမှ ငရုတ်အရောင်းအဝယ်ပြုလုပ်သူ ကိုတိုးတိုးအောင်က ပြောကြားသည်။

"ငရုတ်သီးအရောင်းအဝယ်က အစိုလိုင်း၊ အခြောက်လိုင်း နှစ်လိုင်းရှိတယ်၊ ခုကစပေါ်တာဆိုတော့ အစိုလိုင်းပဲ အရောင်းအဝယ်ဖြစ်နေတာ၊ ကျွန်တော်တို့ဒေသထွက် ငရုတ်သီးအမှည့်အစိုတွေကို ပြည်ပနိုင်ငံကို တင်ပို့ရောင်းချဖို့ဆိုပြီး လာရောက်ဝယ်ယူနေကြပါတယ်၊ ငရုတ်သီးအမှည့်အစိုတွေကို ဝယ်ယူပြီး သန့်စင်ကာ ခြင်းထဲထည့်ပြီး အအေးခန်းနဲ့ပို့ဆောင်ပေးရတာပါ" ဟု ၎င်းက ပြောကြားသည်။

"ရွာမှာ လက်ရှိပေါက်ဈေးကတော့ ငရုတ်သီးအမှည့်အစိုတစ်ပိဿာကို ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး ငွေကျပ် ၁၇၀၀၊ ၁၈၀၀ ကနေ ၂၂၀၀၊ ၂၃၀၀ ထိရှိပါတယ်။ ရွေးတာပြာတာလုပ်ပြီး သန့်စင်ပြီးဆိုရင် ငွေကျပ် ၂၄၀၀၊ ၂၅၀၀ လောက်ထိ ဈေးပေါက်တယ်၊ ဈေးကောင်းတော့ ငရုတ်စိုက်တောင်သူတွေ အဆင်ပြေကြတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှထွက်ရှိသော ငရုတ်သီးအမှည့်အစိုများကို ပြည်ပနိုင်ငံများသို့ စတင်ပို့ဆောင်လျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်ဒေသတွင် ငရုတ်သီးအမှည့်အစိုများကို ပြည်ပနိုင်ငံများသို့တင်ပို့ရန် လာရောက်ဝယ်ယူလျက်ရှိရာ ငရုတ်စိုက်တောင်သူများအနေဖြင့် ဈေးနှုန်းကောင်းမွန်မှုကြောင့် တွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ထိုင်ဝမ်သင်္ဘောမျိုးစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

**ပုသိမ် မေ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် (၁၀) နယ်မြေ စက်ကုန်းရပ်ကွက်တွင် နှစ်စဉ်စိုက်ပျိုးရောင်းချလျက်ရှိသော ထိုင်ဝမ်သင်္ဘောပင်များ ယခုနှစ်တွင်လည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ထိုင်ဝမ်သင်္ဘောမျိုးစေ့များကို မျိုးစေ့အရောင်းဆိုင်များတွင်ဝယ်ယူပြီး အစေ့ ၁၀ စေ့ခန့်ပါရှိသော မျိုးစေ့တစ်ထုပ်လျှင် ငွေကျပ် ၁၅၀၀ ရှိကြောင်း သိရသည်။

မျိုးစေ့ကို မြေဆွေး၊ ကြက်ချေးနှင့် စက်ဖွဲပြာတို့ရော၍ ထည့်ထားသော ပျိုးအိတ်ငယ်များဖြင့်ထည့်၍ ရေများ လောင်းပေးခြင်းဖြင့် နှစ်လခန့်ကြာသောအခါ အပင်များ တစ်ပေခန့်ရောက်ရှိချိန်တွင် ပျိုးအိတ်ကိုခွဲ၍ စိုက်ပျိုးမည့် မြေကွက်တွင် ခုနစ်ပေပတ်လည်အကွာတွင် စိုက်ပျိုးရသည်။

အပင်၏ကြီးထွားမှုကိုကြည့်၍ ရေလောင်းခြင်းနှင့် မြေဩဇာကျွေးခြင်းတို့ကို ဆောင်ရွက်ပေးရသည်။ ခြောက်လခန့်ကြာသောအခါ ပန်းများပွင့်၍ အသီးလေးများပေါ်ထွက်လာချိန်တွင် အသီးအားဆေးကျွေးရကြောင်း စိုက်ပျိုးသူ ဦးသိန်းငွေက ရှင်းလင်းပြောကြားသည်။

ရေကိုတစ်ရက်ခြားနှစ်ရက်ခြား လောင်းပေးရပြီး အပင်ရေမဝပ်စေရန်ဆောင်ရွက်ပေးရသည်။ သင်္ဘောသီးများ ရောင်းချရာတွင် အသီးအကြီးအသေးအလိုက် ငွေကျပ် ၅၀၀ မှ ၂၀၀၀ အထိရောင်းရကြောင်း၊ သင်္ဘောပင်တစ်ပင်လျှင် အလုံး ၂၀၊ ၃၀ ခန့်မျှသီး၍ ယခုနှစ်တွင်သင်္ဘောပင် ၅၀ ခန့်စိုက်ပျိုးထားကြောင်း၊ ပုသိမ်မြို့၊ မြောင်းမြ၊ ငပုတော စသောအရပ်ဒေသများမှ လာရောက်ဝယ်ယူသူများရှိပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင်လည်း မြို့ပေါ်ရပ်ကွက်များမှစားသုံးသူများ လာရောက်ဝယ်ယူလျက်ရှိကြကြောင်း သိရသည်။

**မြင့်ဟန်(ပြန်/ဆက်)**



## မုံရွာမြို့နယ် ဝါးအရောင်းဈေးကွက်သို့ ချင်းတွင်းမြစ်အထက်ပိုင်း ဝါးများသာမက ပခုက္ကူဘက်မှလည်းဝင်ရောက်

**မုံရွာ မေ ၃**

မုံရွာမြို့နယ် ဝါးအရောင်းဈေးကွက်သို့ ချင်းတွင်းမြစ်အထက်ပိုင်းဝါးများသာမက ပခုက္ကူဘက်မှလည်း ဝင်ရောက်နေကြောင်း အလုံစစ်ပင်ကုက္ကိုတန်း တိုးတက်ဝင်းကပ်ဝါးလုပ်ငန်းရှင် ဦးဆန်နီထံမှ သိရသည်။

"ဝါးကဟုမ္မလင်း၊ မော်လိုက်၊ ကလေးဝဘက်က ချင်းတွင်းမြစ်အတိုင်းလာတယ်။ ပခုက္ကူဘက်ကလည်း ကားတွေနဲ့ မျှင်ဝါးတွေ မုံရွာ-ပုသိမ်လမ်းကနေ ပြန်ဝင်လာနေတယ်။ အရင်က ချင်းတွင်းတံတားမရှိသေးတော့ ပခုက္ကူဘက်က ဝါးဝင်တာမျိုးမရှိဘူး" ဟု ဦးဆန်နီက ပြောကြားသည်။

ဝါးဈေးနှုန်းသည် တစ်လုံးလျှင်ကျပ် ၁၅၀ မှ ၇၅၀ အထိ အစားစားရှိပြီး တင်းဝါး၊ မျှင်ဝါး၊ မဲတင်းခါးဝါး၊ တစ်ပင်ဝါး၊ ဝါးနီဟူ၍ အမျိုးအစားအလိုက် အရောင်းအဝယ်ပြုလုပ်ကြကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## မြို့သစ်မြို့နယ်အတွင်း ကျေးရွာများသို့ သောက်သုံးရေဂါလန် ၆၀၀၀ သွားရောက်လှူဒါန်း

**မြို့သစ် မေ ၃**

မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများသည် သောက်သုံးရေအခက်အခဲဖြစ်နေသော မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် လေးတိုင်စင်ကျေးရွာ၏ မြောက်ဘက်၊ အရှေ့မြောက်ဘက်တို့တွင်ရှိသော တဝက်စမ်းတဲတိုက်၊ အင်တိုင်းရှည်တဲတိုက်၊ မြေနီအင်တိုင်းတဲတိုက်တို့ရှိ အိမ်ခြေ ၁၀၀ ကျော် လူဦးရေ ၅၀၀ ခန့်အား တဲတိုက်များသို့ ယနေ့ နံနက် ၁၀ နာရီက သောက်သုံးရေဂါလန် ၆၀၀၀ လှူဒါန်းခဲ့သည်ဟု မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းညွှန်ကြားရေးမှူး ဦးမြင့်စိုးထံမှ သိရသည်။



**ရေအခက်အခဲဖြစ်နေ**

"ကျွန်တော်တို့ တဲတိုက်တွေက မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် လေးတိုင်စင်ကျေးရွာရဲ့မြောက်ဘက်မှာရှိတဲ့ တဲတိုက်တွေဖြစ်ပါတယ်။ တဝက်စမ်းတဲတိုက်၊ အင်တိုင်းရှည်တဲတိုက်၊ မြေနီအင်တိုင်းတဲတိုက်တွေက လေးတိုင်စင်ရွာနဲ့ နှစ်မိုင်သာသာဝေးပါတယ်။ အသွားအပြန်လေးမိုင်ခန့်ဝေးပါတယ်။ လက်ရှိမှာ သောက်သုံးရေ စက်ရေတွင်း မရှိပါဘူး။ ရာသီပြင်းတော့ စမ်းရေကန်ရေတွေ ခန်းခြောက်နေပါတယ်။ ရေအခက်အခဲဖြစ်နေပါတယ်။ အလှူရှင်များက ယခုလို လာရောက်ရေလှူပေးလို့ ကျေးဇူးအထူးတင်ပါတယ်"ဟု ၎င်းက ပြောသည်။

**မကွေးဝင်းမောင်**

■

## တနိုင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်

**တနိုင်း မေ ၃**

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ကန့်သတ်စောင့်ကြည့်ဝင်နေသူများကို ကိုဗစ်-၁၉ ရောဂါနှင့်ပက်သက်၍ လိုက်နာရမည့်စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ကြစေရန် တာဝန်ရှိသူများက အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**ညှိနှိုင်းဆောင်ရွက်**

တနိုင်းမြို့နယ် အထက(၁) ကျောင်းဝင်းအတွင်း၌ ဖွင့်လှစ်ထားသော ကန့်သတ်စောင့်ကြည့်ဝင်နေသူများအား ကျန်းမာရေးဆိုင်ရာစစ်ဆေးပေးခြင်း၊ ကိုယ်အပူချိန်များတိုင်းတာပေးခြင်း၊ ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားသော လိုက်နာရမည့် စည်းကမ်းချက်များ၊ ညွှန်ကြားချက်များကို စနစ်တကျလိုက်နာဆောင်ရွက်ကြရန် ထပ်ဆင့်လမ်းညွှန်မှာကြားကာ အားပေးစကားပြောကြားပြီး လိုက်အပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းထင်ကျော်**
**(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအတွက် ထောက်ပံ့

**မုံရွာ မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်များတွင် ဧပြီ ၉ ရက်မှ ၃၀ ရက်အထိ လေပြင်းတိုက်ခတ်ခြင်းကြောင့် နေအိမ်များနှင့် ဘာသာရေးအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုအတွက် ငွေကျပ် ၇၈၇၆၃၄၇၀ ထောက်ပံ့ပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစဝီလီဖရန့်က ပြောကြားသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဧပြီ ၁၂ ရက်တွင် မြို့နယ်လေးမြို့နယ်မှ ပြိုကျပျက်စီးအိမ်နှစ်လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးအိမ် ၉၅ လုံး၊ ဘာသာရေးအဆောက်အအုံနှစ်လုံးဖြစ်ကြောင်း၊ ဧပြီ ၁၅ ရက်တွင် မြို့နယ်ရှစ်မြို့နယ်မှ ပြိုကျပျက်စီးအိမ်နှစ်လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးအိမ် ၇၅ လုံး၊ ဘာသာရေးအဆောက်အအုံတစ်လုံးဖြစ်ကြောင်း၊ ဧပြီ ၁၆ ရက်နှင့် ၁၇ ရက်တွင် မြို့နယ်သုံးမြို့နယ်မှ ပြိုကျပျက်စီးအိမ်တစ်လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးအိမ် ၈၂ လုံးဖြစ်ကြောင်း၊ ဧပြီ ၂၁ ရက်တွင် မြို့နယ် ၂၉ မြို့နယ်မှ ပြိုကျပျက်စီးအိမ် ၂၃ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးအိမ် ၁၄၂၁ လုံး၊ ဘာသာရေးဆောက်အအုံ ၃၆ လုံးဖြစ်ကြောင်း၊ ဧပြီ ၂၃၊ ၂၄၊ ၂၆ ရက်တွင်မြို့နယ်သုံးမြို့နယ်မှပြိုကျပျက်စီးအိမ်တစ်လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးအိမ် ခြောက်လုံးဖြစ်ကြောင်း၊ ဧပြီ ၃၀ ရက်တွင် မြို့နယ် ၁၀ မြို့နယ်မှ ပြိုကျပျက်စီးအိမ်ခြောက်လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးအိမ် ၉၆ လုံး၊ ဘာသာရေးအဆောက်အအုံ နှစ်လုံးတို့ဖြစ်ကြောင်း သိရသည်။

မိမိတို့ဌာနအနေဖြင့် ပြိုကျပျက်စီးအိမ်များကို အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ပစ္စည်း ၁၆ မျိုး ၏ တန်ဖိုးငွေကျပ် ၃၅၃၅၃ ကျပ်နှင့် တစ်စိတ်တစ်ပိုင်းပျက်စီးအိမ်များကို ထောက်ပံ့ပစ္စည်း ၁၀ မျိုး၏ တန်ဖိုး ၁၈၅၁၀ ကျပ်ထောက်ပံ့ကြောင်း၊ ဧပြီ ၉ ရက်မှ ၃၀ ရက်အထိ လေပြင်းတိုက်ခက်မှုကြောင့်ပျက်စီးဆုံးရှုံးသည့် ပြိုကျ ပျက်စီးအိမ် ၃၅ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးအိမ် ၁၇၇၅ လုံး အိမ်ထောင်စု စုစုပေါင်း ၁၈၁၀၊ လူဦးရေ ၈၇၃၀ နှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံ ၄၀ ကို ထောက်ပံ့ပစ္စည်း၏ တန်ဖိုးမှာ ငွေကျပ် ၇၈၇၆၃၄၇၀ ထောက်ပံ့ခဲ့ကြောင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစဝီလီဖရန့်က ပြောကြားသည်။

**မွေးကြူဇင်**



# Nickelodeon Kids' Choice Award မှာ ယခုနှစ်အတွက် အကြိုက်နှစ်သက်ဆုံးသော တေးဂီတအဖွဲ့အဖြစ် ရွေးချယ်ခံခဲ့ရတဲ့ BTS

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ နိုင်ငံတကာအနုပညာ ထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ Nickelodeon Kids' Choice Award မှာ ယခုနှစ်အတွက် အကြိုက်နှစ်သက်ဆုံးသော တေးဂီတအဖွဲ့ဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်အတွက် Nickelodeon Kids' Choice Award ဆုပေးပွဲကိုတော့ ရုပ်သံနဲ့ အွန်လိုင်းမီဒီယာတွေကနေ ထုတ်လွှင့်ပေးခဲ့ပါတယ်။ တေးဂီတဖျော်ဖြေမှုတွေပြုလုပ်ရာမှာ အခမ်းအနားကို တက်ရောက်ခဲ့ခြင်းမရှိဘဲ အဝေးတစ်နေရာဆီကနေ ဖျော်ဖြေပေးခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ဆုရရှိသူတွေကလည်း အမှတ်တရစကားတွေကို အဝေးကနေသာ ပြောကြားခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

BTS ဟာ ယခုနှစ် ဆုပေးပွဲမှာ အကြိုက်နှစ်သက်ဆုံးသော တေးဂီတအဖွဲ့ကို ဆွတ်ခူးခဲ့ပါတယ်။ အမှတ်တရစကားတွေကို ပြောကြားရာမှာ အဖွဲ့ဝင်တွေက အားပေးခဲ့ကြတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေ ဖြစ်ပွားနေတဲ့ ကာလအတွင်း နေအိမ်မှာ နေထိုင်ပြီး မကြာမီမှာ ကောင်းမွန်တဲ့ အခြေအနေတစ်ခုကို ရောက်ရှိစေလိုကြောင်း ထည့်သွင်းပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

အဆိုပါ တေးဂီတအဖွဲ့ဟာ ယခင်ကလည်း Nickelodeon Kids' Choice Award ဆုပေးပွဲမှာ အကြိုက်နှစ်သက်ဆုံးသော ကမ္ဘာ့တေးဂီတကြယ်ပွင့်ဆုကိုလည်း ဆွတ်ခူးခဲ့ဖူးကြောင်း သိရပါတယ်။

# ဂျက်စတင်ဘီဘာနဲ့ အရီရန်နာဂရန်းတို့ စုံတွဲတွေ သီချင်းဖန်တီး

ကျော်ကြားတဲ့ ပေ့ါပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ ဂျက်စတင်ဘီဘာနဲ့ အရီရန်နာဂရန်းတို့ဟာ လတ်တလောမှာ စုံတွဲတေးသီချင်းတစ်ပုဒ်ကို ဖန်တီးနေပါတယ်။ အဆိုပါ တေးသီချင်းမှရရှိတဲ့ အမြတ်ငွေတွေကို ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးမှာ ရှေ့တန်းကနေ ပါဝင်ခဲ့ကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေရဲ့ ကလေးတွေအတွက် ရန်ပုံငွေတစ်ရပ် ထူထောင်သွားမှာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ ကမ္ဘာတစ်ဝန်း ဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို တားဆီး၊ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းတွေမှာ ရှေ့တန်းကနေ ပါဝင်လုပ်ဆောင်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေရဲ့ ကလေးငယ်တွေအတွက် စာသင်ကြားရေးနဲ့ ပညာသင်ဆုတွေအတွက် ရန်ပုံငွေတစ်ရပ် ထူထောင်ဖို့ရာ ဂျက်စတင်ဘီဘာနဲ့ အရီရန်နာ ဂရန်းတို့က ဆုံးဖြတ်ခဲ့ကြပါတယ်။



လတ်တလောမှာ သူတို့နှစ်ဦးဟာ စုံတွဲတေးသီချင်းတစ်ပုဒ်ကို ဖန်တီးနေပြီး ရရှိလာတဲ့ အမြတ်ငွေတွေကို အဆိုပါ ရန်ပုံငွေအဖြစ် ထူထောင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

အဆိုပါ စုံတွဲတေးသီချင်းရဲ့ အမည်ကို Stuck With U လို့ ပေးထားပြီး မေ ၈ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာပါ။ အဆိုပါ တေးသီချင်းသစ်အတွက် စမ်းသပ်ထုတ်လွှင့်မှုတွေကို လတ်တလောမှာ ပြုလုပ်ခဲ့ပြီး ကြယ်ပွင့်တွေက တေးသီချင်းနဲ့ပတ်သက်လို့ လူမှုကွန်ရက် မီဒီယာတွေပေါ်မှာ အသီးသီး ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။



# ပရိသတ်တွေကို စိတ်ပူစေခဲ့တဲ့ ဟွန်အနဲ့ ဒွန်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးသံရှင်စုံတွဲတစ်တွဲဖြစ်သူ ဟွန်အနဲ့ ဒွန်းတို့ဟာ လတ်တလောမှာ အတူရှိနေကြပြီး သူတို့နှစ်ဦးရဲ့ စုံတွဲဓာတ်ပုံတွေကို ဟွန်အက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ အဆိုပါ ဓာတ်ပုံတွေမှာ သူတို့နှစ်ဦး လမ်းမထက်မှာ အတူရှိနေခဲ့ကြပြီး နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိတာကိုလည်း တွေ့ရပါတယ်။ ယခုလို ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေတဲ့ကာလအတွင်း အပြင်ထွက်ရာမှာ နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိတဲ့ ကြယ်ပွင့်စုံတွဲကို ပရိသတ်တွေက ဗိုင်းရပ်စ်ကူးစက်ခံရမည်ကို စိတ်ပူမိကြောင်း လူမှုကွန်ရက်မီဒီယာတွေကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဟွန်အက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဒွန်းနဲ့အတူ အလည်အပတ်ထွက်တဲ့ ပုံရိပ်တွေကို ဖော်ပြခဲ့တာပါ။ နွေဦးရဲ့ နေရောင်ခြည်နုအောက်မှာ လှပလန်းဆန်းနေတဲ့ သူတို့နှစ်ဦးကို တွေ့မြင်ရပေမယ့် နှစ်ဦးစလုံး နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိတာကိုလည်း ပရိသတ်တွေ သတိပြုမိခဲ့ပါတယ်။ ဒီလို အသွားအလာကန့်သတ်ထားတဲ့ ကာလအတွင်း နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိဘဲ လမ်းမထက်မှာ သွားလာနေတဲ့ ကြယ်ပွင့်စုံတွဲကို ပရိသတ်တွေက စိတ်ပူမိကြောင်း မှတ်ချက်ပြုဖော်ပြခဲ့တာ ဖြစ်ပါတယ်။


# ပဲရစ်ဟေတန်က ပရိသတ်တွေကို အိမ်မှာ အတူနေခွင့်ပြု

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ ပဲရစ်ဟေတန်က သူ့ရဲ့ ပရိသတ်အချို့ကို နေအိမ်မှာ အတူနေထိုင်ခွင့်ပြုခဲ့ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပဲရစ်ဟေတန်က သူဟာ ပရိသတ်တွေကို သူ့ရဲ့မောင်နှမအရင်းတွေလို သဘောထားကြောင်း၊ သူရောက်ရှိတဲ့ နေရာတွေမှာ ပရိသတ်တွေကို အနားမှာ ရှိခွင့်ပေးခဲ့ကြောင်းနဲ့ ပရိသတ်အချို့ကိုလည်း သူနဲ့အတူ နေခွင့်ပေးခဲ့ကြောင်း ပြောကြားလာတာပါ။ အသက် ၃၉ နှစ်အရွယ် ပဲရစ်ဟေတန်က သူ့ရဲ့ ပရိသတ်တွေကို အနားမှာ ရှိနေစေတာဟာ အထီးကျန်မှုကို သက်သာစေကြောင်းလည်း လတ်တလောမှာပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် ပဲရစ်ဟေတန်က သူဟာ လူမှုကွန်ရက်စာမျက်နှာတွေ ပေါ်လာချိန်မှာ ပရိသတ်တွေနဲ့ ပိုမိုရင်းနှီးမှု ရရှိလာကြောင်း အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေနဲ့ တွေ့ဆုံကာ စကားတွေပြောရင်း တစ်ယောက်အကြောင်းတစ်ယောက် ပိုမိုသိရှိလာကာ တကယ့်မိသားစုဝင်တွေလို ဖြစ်လာရကြောင်းလည်း ပဲရစ်ဟေတန်က ဆိုပါတယ်။





# မကြာမီ ပရိသတ်ရှေ့အရောက်ပြန်လာမယ့် ဂျွန်ဆိုးမီ

တောင်ကိုရီးယားပေ့ါပ်တေးသံရှင်တစ်ဦးဖြစ်သူ ဂျွန်ဆိုးမီဟာ မကြာမီမှာ တေးသီချင်းသစ်တွေနဲ့အတူ ပရိသတ်ရှေ့ အရောက်ပြန်လာမှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျွန်ဆိုးမီဟာ I Am Somi ရဲ့ နောက်ဆုံးအပိုင်းမှာ သူကိုယ်တိုင်ရေးသားသီဆိုထားတဲ့ တေးသီချင်းတွေအကြောင်းကို ထည့်သွင်းဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် အကလေ့ကျင့်နေတဲ့ ဗီဒီယိုတွေ၊ အမျိုးသမီးတေးဂီတအဖွဲ့ BLACK PINK ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီဆာနဲ့အတူ ကထားတဲ့ ဗီဒီယိုတွေကို ထုတ်ဖော်ပြသခဲ့ပြီးဖြစ်တာကြောင့် မကြာမီမှာ တေးသီချင်းသစ်တွေနဲ့အတူ ပရိသတ်ရှေ့အရောက် ပြန်လာမှာ ဖြစ်ကြောင်းလည်း သိရပါတယ်။

# ဇိမ်ခံပစ္စည်းတွေကို မကြိုက်ကြောင်း HA:TFELT ပြောကြား

တောင်ကိုရီးယားရဲ့ ကျော်ကြားခဲ့တဲ့ အမျိုးသမီး တေးဂီတအဖွဲ့ Wonder Girls ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ HA:TFELT က လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ ရုပ်သံအင်တာဗျူးမှာ သူအနေနဲ့ ဇိမ်ခံပစ္စည်းတွေကို ကြိုက်နှစ်သက်မှုမရှိကြောင်းနဲ့ သူ့ဟာ လက်ကိုင်အိတ်တစ်လုံးသာ ရှိကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ HA:TFELT ဟာ SBS ရုပ်သံလိုင်းက ထုတ်လွှင့်ခဲ့တဲ့ အစီအစဉ်တစ်ခုမှာ ပါဝင်ခဲ့ပြီး သူ့ရဲ့ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို မျှဝေခဲ့ပါတယ်။ သူက အဆိုပါတေးအယ်လ်ဘမ်သစ်မှာ ပါဝင်တဲ့ အကြောင်းအရာတွေဟာ ဖြစ်ရပ်မှန်တွေဖြစ်ပြီး တကယ့်မိသားစုဝင်တွေနဲ့ သူငယ်ချင်းတွေသာ ဒီဇာတ်လမ်းတွေကို သိတာဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် HA:TFELT က သူဟာ ကြီးတဲ့ အသုံးအဆောင်တွေကို စွဲလမ်းသူတစ်ဦးမဟုတ်ကြောင်း။ သူ့ဘဝမှာ ဇိမ်ခံပစ္စည်းတွေ မရှိဘဲနဲ့ နေထိုင်နိုင်ကြောင်းနဲ့ သူ့ရဲ့ကိုယ်ပိုင်လက်ကိုင်အိတ် တစ်လုံးသာရှိကြောင်းလည်း အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။ နောက်ဆုံးပေါ် အသုံးအဆောင်တွေ အပြိုင်အဆိုင်ဝယ်ယူနေကြတဲ့ အသိုင်းအဝိုင်းမှာ HA:TFELT ကတော့ ထူးခြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

**အေးပြည့် - စုစည်းသည်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း လိုအပ်သည့်နေရာများတွင် အခြေခံစားသောက်ကုန်များ လှူဒါန်း



**မန္တလေး မေ ၃**
ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ပန်လည်အုပ်စု ဆေးခင်းကျေးရွာနေ အိမ်ထောင်စု ၂၁၆ စုအတွက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး မိသားစုက အိမ်ထောင်စုတစ်စုလျှင် ကြက်သွန်နီ နှစ်ပိဿာနှုန်းဖြင့် ကြက်သွန်နီ ၄၃၂ ပိဿာ၊ မဟာအောင်မြေမြို့နယ် စိန်ပန်းကပ်ထူရပ်နေ ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်ဝင်းမာ(သုနာပြု)၊ ဒေါ်နွယ်နွယ်စန်း(တရားလွှတ်တော်ရှေ့နေ) ညီအစ်မများက ဆန်အိတ် ခြောက်အိတ်၊ အာလူး၂၁၆ ပိဿာ၊ ပဲဆီ ၅၀ ကျပ်သားဘူး ၂၁၆ ဘူး၊ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်နေ ဦးမြတ်ထွန်းဝင်း (တရားလွှတ်တော်ရှေ့နေ) မိသားစုက ကြက်ဥ အလုံး ၂၂၀၀၊ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)နေ မိုးနန္ဒကားပစ္စည်းဆိုင် မိသားစုက ဆန်အိတ် ၂၀၊ ဦးဝင်းမြင့် မိသားစုက ကြက်ဥအလုံး ၁၂၀၀၊ ဦးမြင့်သိန်း (နဂါးနီလျှပ်စစ်)မိသားစုက ဆန် ၁၀ အိတ်တို့ကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးသို့ ယမန်နေ့ မွန်းလွဲ ၁ နာရီက လာရောက်လှူဒါန်းရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးလွှတ်တော်က ငါန်းဇွန်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သဲစုဝေထံသို့ ငါန်းဇွန်မြို့နယ် ပန်လည်အုပ်စု ဆေးခင်းကျေးရွာနေ အိမ်ထောင်စု ၂၁၆ စုအတွက် စားသောက်ကုန်ပစ္စည်းများ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

■

## ကျောက်တလုံးကြီး မြို့သူမြို့သားများ စုပေါင်း၍ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ကျန်းမာရေးအထောက်အကူပြုပစ္စည်း လှူဒါန်း



**ကျောက်တလုံးကြီး မေ ၃**
ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ တိုက်နယ်ပြည်သူ့ဆေးရုံတွင် လိုအပ်လျက်ရှိသည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းစက် ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါဆေးရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကျောက်တလုံးကြီး မြို့သူမြို့သားများ စုပေါင်း၍ ငွေကျပ် ခြောက်သိန်းတန်ဖိုးရှိ ကျန်းမာရေးအထောက်အကူပြုပစ္စည်း Oxygen Concertrator စက်ကို မြို့မိမြို့ဖများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက တိုက်နယ်ပြည်သူ့ဆေးရုံတာဝန်ခံ ဒေါက်တာကြည်ကြည်ဟန်ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့သူမြို့သားတွေအနေနဲ့ ဆေးရုံမှာ လိုအပ်တဲ့ ကျန်းမာရေးအထောက်အကူပြုပစ္စည်းကို လှူဒါန်းခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ တိုက်နယ်ပြည်သူ့ဆေးရုံကြီးကို တက်ရောက်လာတဲ့ ဝေဒနာရှင်တွေ အခက်အခဲမဖြစ်ပေါ်စေရေးအတွက် လှူဒါန်းတာဖြစ်ပြီး အချိန်မီကုသမှုတွေပေးနိုင်ဖို့အတွက် လိုအပ်လျက်ရှိတဲ့ ကျန်းမာရေး အထောက်အကူပြုပစ္စည်းတွေကိုလည်း ထပ်မံလှူဒါန်းသွားမှာဖြစ်ပါတယ်။ အနယ်နယ်အရပ်ရပ်က ကျောက်တလုံးကြီး တိုက်နယ်ပြည်သူ့ဆေးရုံကြီးအတွက် လှူဒါန်း ချင်တယ်ဆိုရင်လည်း ကျောက်တလုံးကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ပါတယ်"ဟု ကျောက်တလုံးကြီး မြို့မိမြို့ဖ ဦးခွန်မောင်ညာက ပြောသည်။

**ခွန်အာကာ(ကျောက်တလုံး)**

## ခမောက်ကြီးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သံကူကွန်ကရစ်တံတား တည်ဆောက်

**ခမောက်ကြီး မေ ၃**
လမ်းပန်းဆက်သွယ်ရေး လွယ်ကူကောင်းမွန်ခြင်းသည် ဒေသတစ်ခု၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍများ ဖွံ့ဖြိုးလာသည်နှင့်အမျှ လူမှုစီးပွားဘဝလည်း တိုးတက်မြင့်မားလာမည်ဖြစ်ပါသည်။ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အမှတ်(၄)ရပ်ကွက်ရှိ ဖောင်ဆိပ်တွင် နယ်စပ်ဒေသကျေးရွာများသို့ လွယ်ကူစွာသွားလာနိုင်ရေးအတွက် သံကူကွန်ကရစ်တံတားတည်ဆောက်ရေးကို တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)မှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားတည်ဆောက်ရေးကို ဇန်နဝါရီ ၁၈ ရက်မှစ၍ ဆောင်ရွက်ခြင်းဖြစ်ပြီး တံတားအရှည်ပေ ၃၅၀၊ ယာဉ်သွားလမ်းအကျယ် ၁၈ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၆၀၊ ခွင့်ပြုယာဉ်အလေးချိန် ၇၅ တန်ဖြစ်ကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ကျေးလက်လမ်းဦးစီးဌာန ရန်ပုံငွေ တံတားစီမံကိန်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၆၅ သန်းဖြင့် လည်းကောင်း၊ ချဉ်းကပ်လမ်းအတွက် ငွေကျပ်သန်း ၅၀ ဖြင့် လည်းကောင်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဖောင်ဆိပ်တံတားသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သန်း ၁၃၅၀ ဖြင့် အရှည်ပေ ၃၁၀ ကိုတည်ဆောက်ခဲ့ရာ ၁၀ ခွင်မြောက် အောက်ခံတံတားတိုင် ကျွံကျခဲ့သဖြင့် တံတားကြီးပြီးစီးသွားသော်လည်း ဖြတ်သန်းအသုံးပြု၍မရခဲ့သောကြောင့် အဆိုပါတံတားဟောင်းအားဖျက်၍ အသစ်ပြန်လည်တည်ဆောက်နေခြင်းဖြစ်သည်။ ယခုအခါအသစ်တည်ဆောက်မှု ၄၂ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နန့်လေးလေး(ပြန်/ဆက်)**



## ငဖဲမြို့နယ်၌ မိုးရာသီတွင် စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၇၈၉၃၀ စိုက်ပျိုးထား

**ငဖဲ မေ ၃**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် သစ်တောဦးစီးဌာနသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်စေရေးအတွက် ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် သစ်ပင်များစိုက်ပျိုးရန်အတွက် မြို့မပျိုးဥယျာဉ်နှင့် တောင်ပေါ်ဘိနယ်ပျဉ်ဝ သစ်တောပျိုးဥယျာဉ်တို့တွင် သစ်ပင်များ ပျိုးထောင်ထားလျက်ရှိကြောင်း သိရသည်။

ငဖဲမြို့နယ်ရှိ မြို့မပျိုးဥယျာဉ်တွင် ခရေ၊ ဗာဒံ၊ ကံ့ကော်၊ ရှား၊ မဲဇလီ၊ သင်းဝင်၊ လိန်၊ ဖလံ၊ စိန်ပန်းနှင့် ကုက္ကိုပင် ၂၅၀၀၀ ကိုလည်းကောင်း၊ ပျဉ်းဝ သစ်တောပျိုးဥယျာဉ်တွင် ယူကလစ်၊ မဲဇလီနှင့် မျောက်ငိုပင် ၅၃၉၃၀ ကိုလည်းကောင်း ပျိုးထောင်ထားလျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် ပျိုးပင်ပေါင်း ၇၈၉၃၀ ကို ကျေးရွာသုံးထင်းစိုက်ခင်းဧက ၃၀ အတွက် ယူကလစ်ပင် ၃၉၉၃၀၊ သီးနှံသစ်တောရောနှောစိုက်ခင်း ၁၀ ဧကတွင် စိုက်ပျိုးရန် ယူကလစ်ပင် ၂၀၀၀၊ ရေဝေရေလဲ စိုက်ခင်းများအတွက် မဲဇလီပင် ၇၂၀၀၊ မျောက်ငိုပင် ၄၈၀၀ နှင့် မိုးရာသီလူထုလှုပ်ရှားမှုအဖြစ်ဌာနဆိုင်ရာ၊ ကပစ (၁၄) နှင့် ပြည်သူလူထုမှစိုက်ပျိုးရန် ခရေ၊ ဗာဒံ၊ ကံ့ကော်၊ ရှား၊ မဲဇလီ၊ သင်းဝင်၊ လိန်၊ ဖလံ၊ စိန်ပန်းနှင့် ကုက္ကိုပင် ၂၅၀၀၀ ကို စိုက်ပျိုးနိုင်ရေးအတွက် မိုးရွာသွန်းမှုအခြေအနေအပေါ်မူတည်၍ စိုက်ပျိုးဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း မြို့နယ်သစ်တောဦးစီးမှူး ဦးမိုးအာကာကျော်ထံမှ သိရသည်။

**မယု(ငဖဲ)**



## ဒေးဒရဲမြို့၌ အနေ့းယာဉ်လုပ်သား ၃၀၀ အား အခြေခံစားသောက်ကုန်များနှင့် နှာခေါင်းစည်းများ လှူဒါန်း

**ဒေးဒရဲ မေ ၃**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း မြို့ပေါ်ရှိ အခြေခံလူတန်းစားများဖြစ်သည့် အနေ့းယာဉ်လုပ်သားများ၏ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ ဒေးဒရဲမြို့ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အထောက်အကူပြုကော်မတီတို့ ပူးပေါင်း၍ ယနေ့ နံနက် ၁၀နာရီက အနေ့းယာဉ်လုပ်သားများအား အခြေခံစားသောက်ကုန်များနှင့် နှာခေါင်းစည်းများ ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းမှုတွင် ဒေးဒရဲမြို့ရှိ ဆန်စက်လုပ်ငန်းရှင်များဖြစ်သည့် ဦးတင်ဝင်း(ဝန်းရံခ)၊ ဦးမင်းအောင်(တော်ဝင်)၊ ဦးကျော်ထွန်း(ရွှေလဝင်း)၊ ဦးထွန်းမြင့်အောင်(အမေ့သားဂုဏ်ရောင်)၊ ဦးဉာဏ်လင်းအောင်(ရွှေရော)၊ ဦးကျော်ညွန့်(နုရတနာ)နှင့် မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အထောက်အကူပြုကော်မတီတို့ ပူးပေါင်း၍ အနေ့းယာဉ် လုပ်သား ၃၀၀ နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရှိ နေ့စားဝန်ထမ်း ၁၂ ဦးတို့အား (၁) ဦးလျှင် ဆန် (၅) ပြည်၊ ပဲ (၅) ဘူး၊ ဆီ (၅၀) ကျပ်သားနှင့် နှာခေါင်းစည်း (၁)ခုတို့ ပေးအပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြင့်ခိုင်(ပြန်/ဆက်)**

# ချန်ပီယံ MIU ဖူဆယ်အသင်း နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ခွင့်ရရှိထား

ရန်ကုန် မေ ၃

မြန်မာဖူဆယ်ကလပ် MIU အသင်းသည် ၂၀၁၉ MFF Open Cup ဖူဆယ်ပြိုင်ပွဲနှင့် ၂၀၁၉-၂၀၂၀ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲတို့တွင် ဗိုလ်စွဲခဲ့သောကြောင့် ယခုနှစ်အတွင်း ကျင်းပမည့် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲနှင့် အာရှဖူဆယ်ကလပ်ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသည်။

**ပြိုင်ပွဲတစ်ခုသာ ယှဉ်ပြိုင်ဖွယ်ရှိနေ**

MIU အသင်းသည် ပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ခွင့်ရထားသော်လည်း ပြိုင်ပွဲတစ်ခုသာ ယှဉ်ပြိုင်ရန်ရှိနေပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့်ညှိနှိုင်းကာ ယှဉ်ပြိုင်မည့်ပြိုင်ပွဲကို ရွေးချယ်သွားမည်ဖြစ်သော်လည်း ပုံမှန်ယှဉ်ပြိုင်နေသည့် အာဆီယံကလပ်ပြိုင်ပွဲကိုသာ ဦးစားပေးယှဉ်ပြိုင်လိုနေကြောင်း သိရသည်။ MIU အသင်းသည် ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တွင် ယခုကဲ့သို့ ပြိုင်ပွဲနှစ်ခုစလုံး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကိုသာ ယှဉ်ပြိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ပြိုင်ပွဲတစ်ခုသာ ယှဉ်ပြိုင်ဖွယ်ရှိနေသည်။

၂၀၂၀ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲကို ထိုင်းနိုင်ငံနှင့် ၂၀၂၀ အာရှဖူဆယ်ကလပ်ပြိုင်ပွဲကို ယူအေအီးနိုင်ငံတို့တွင် ကျင်းပမည်ဖြစ်သော်လည်း ကိုရိုနာဗိုင်းရပ်စ်အခြေအနေကြောင့် ကျင်းပမည့်ရက် ပြန်လည်အတည်ပြုမည်ဖြစ်သည်။ MIU ဖူဆယ်အသင်းသည် ၂၀၁၉ MFF Open Cup ဖူဆယ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောကြောင့် ၂၀၂၀ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သလို ၂၀၁၉-၂၀၂၀ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောကြောင့် ၂၀၂၀ အာရှကလပ်ဖူဆယ်ပြိုင်ပွဲ၌ ယှဉ်ပြိုင်ခွင့်ရရှိထားခြင်းဖြစ်သည်။ MIU ဖူဆယ်အသင်းသည် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ၌ ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တို့တွင် ဝင်ရောက်ယှဉ်ပြိုင်ဖူးပြီး လေးကြိမ်စလုံး တတိယဆုရရှိခဲ့သည်။

**အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေ**

အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကို ၂၀၁၅ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ငါးကြိမ်ကျင်းပပြီးစီးခဲ့ကာ ၂၀၁၇ ပြိုင်ပွဲတွင် PU အသင်း ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ အာရှကလပ်ပြိုင်ပွဲကိုမူ မြန်မာဖူဆယ်ကလပ်အသင်းများအနေဖြင့် ၂၀၁၈ ခုနှစ်မှ စတင်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ၂၀၁၈ နှင့် ၂၀၁၉ နှစ်ကြိမ်စလုံးတွင် MIU အသင်း ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိသောကြောင့် VUC အသင်းက အစားထိုးယှဉ်ပြိုင်ခဲ့သည်။ MIU အသင်းသည် ပြည်တွင်းဖူဆယ်လိဂ်ပြိုင်ပွဲတွင် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသလို နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၉-၂၀၂၀ ရာသီတွင်လည်း ဗိုလ်စွဲထားသည်။

ရှိုင်းထက်ဇော်

# မန်ယူကွင်းလယ်လူ ပေါ့ဘာကို ပေါင်သန်း ၇၀ နဲ့ ခေါ်ယူရန် ရီးယဲလ်မက်ဒရစ်အသင်း ပြင်ဆင်လျက်ရှိ

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းဟာ မန်ယူအသင်းမှ အသက် ၂၇ နှစ်အရွယ်ရှိ ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာကို ပြောင်းရွှေ့ကြေးပေါင် သန်း ၇၀ နဲ့ ခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။

ကွင်းလယ်ကစားသမား ပေါ့ဘာကလည်း ၎င်းအနေဖြင့် မန်ယူအသင်းနဲ့ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုမှာမဟုတ်ကြောင်း ပြောကြားလာခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူဖို့ ပြင်ဆင်လာခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ပြီးခဲ့တဲ့နွေရာသီ ဈေးကွက်အတွင်းက ပေါ့ဘာကို ခေါ်ယူဖို့ နီးစပ်မှုရှိခဲ့တာဖြစ်ပြီး ပေါဘာ့အနေနဲ့ လာမယ့်ဘောလုံးရာသီမစတင်မီအချိန်အတွင်း ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေတယ်လို့လည်း ပြောကြားခဲ့ပါတယ်။

ကွင်းလယ်ကစားသမား ပေါ့ဘာကို လွန်ခဲ့တဲ့လေးနှစ်တာကာလအတွင်းက ဂျူဗင်တပ်အသင်းဆီကနေ မန်ယူအသင်းက ပြောင်းရွှေ့ကြေးပေါင် ၈၉ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး လက်ရှိမှာ ရီးယဲလ်မက်ဒရစ်အသင်းအပြင် ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းကလည်း ပေါ့ဘာကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

ပေါ့ဘာဟာ မန်ယူအသင်းကို ရောက်ရှိလာပြီးနောက်ပိုင်း စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ထိုက်တန်တဲ့ခြေစွမ်းကိုပြသနိုင်ဖို့ ရုန်းကန်ခဲ့ရတာလည်းဖြစ်ပါတယ်။ ယခုနှစ်ဘောလုံးရာသီမှာလည်း ဒဏ်ရာပြဿနာကြောင့် မန်ယူအသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်မှာ ရှစ်ပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး လက်ရှိမှာ ဒဏ်ရာပြန်လည်သက်သာလာပြီဖြစ်လို့ ဇွန်လအတွင်းမှာ ပြန်လည်စတင်မယ့် ပရီမီယာလိဂ်ပြိုင်ပွဲအတွက် အသင့်အနေအထားဖြစ်နေပြီလို့ သိရပါတယ်။



# မန်စီးတီးအသင်း ချန်ပီယံလိဂ်ယှဉ်ပြိုင်ကစားခွင့် ပိတ်ပင်ခံရပါက အီတီဟက်ဒ်တွင် ဆက်နေရေးနှင့်စပ်လျဉ်း၍ စဉ်းစားမည်ဟု ဒီဘရိုင်းပြောကြား



မန်စီးတီးအသင်းကို ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ) က ချန်ပီယံလိဂ်ယှဉ်ပြိုင်ကစားခွင့် ပိတ်ပင်တားမြစ်ဖို့ စီစဉ်ထားပြီး အဲဒီလိုပိတ်ပင်ခံရမယ်ဆိုပါက အီတီဟက်ဒ်မှာ ဆက်ရှိနေရေးနဲ့ပတ်သက်ပြီး စဉ်းစားသွားမယ်လို့ ကီဗင်ဒီဘရိုင်းက ပြောကြားခဲ့ပါတယ်။

**ထင်ကြေးပေးနေ**

ယူအီးအက်ဖ်အေက ချမှတ်ထားတဲ့ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေ ချိုးဖောက်ခဲ့တဲ့အတွက် မန်စီးတီးအသင်းကို ဖေဖော်ဝါရီလအတွင်းက ဥရောပပြိုင်ပွဲဝင်ရောက်ကစားခွင့် နှစ်ရာသီကြာ ပိတ်ပင်တားမြစ်ဖို့ ဆုံးဖြတ်ထားခဲ့တာဖြစ်ပါတယ်။

ကီဗင်ဒီဘရိုင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ မန်စီးတီးအသင်း ချန်ပီယံဖြစ်ဖို့ ရည်ရွယ်ထားခဲ့တာဖြစ်ပြီး မန်စီးတီးအသင်း ချန်ပီယံလိဂ် မကစားရပါက ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ကီဗင်ဒီဘရိုင်းအနေနဲ့ မန်စီးတီးအသင်းကနေ ထွက်ခွာလိမ့်မယ်လို့ ပရိသတ်တွေကလည်း ထင်ကြေးပေးနေတာ ဖြစ်ပါတယ်။

ဒီဘရိုင်းအနေနဲ့ မန်စီးတီးအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းက ၂၀၂၃ ခုနှစ် ဇွန်လမှာ ကုန်ဆုံးမှာဖြစ်ပြီး အနာဂတ်ကာလမှာ မန်စီးတီးအသင်းနဲ့အတူ ဆက်ရှိရေး ဒါမှမဟုတ် ထွက်ခွာရေးဟာ အီတီဟက်ဒ်မှာ နည်းပြ ဂွါဒီယိုလာ ဆက်ရှိနေခြင်းနဲ့ သက်ဆိုင်မှာ မဟုတ်ဘူးလို့လည်း ဒီဘရိုင်းက ပြောကြားထားပါတယ်။

ဒီဘရိုင်းဟာ မန်စီးတီးအသင်းကို ၂၀၁၅ ခုနှစ်ကတည်းက ရောက်ရှိနေတာဖြစ်ပြီး လက်ရှိအချိန်အထိ ၁၄၃ ပွဲ ကစားပေးထားကာ သွင်းဂိုး ၃၁ ဂိုးအထိ သွင်းယူပေးထားတာ ဖြစ်ပါတယ်။ ဘယ်လ်ဂျီယံနိုင်ငံအသင်းအတွက်တော့ ၇၄ ပွဲမှာ ၁၉ ဂိုး သွင်းယူပေးထားတာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုတွေကြောင့် ရပ်နားထားခဲ့ရချိန်မှာ ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ အဆင့် ၂ နေရာမှာ ရပ်တည်နေတာဖြစ်ပြီး မန်စီးတီးအသင်း ချန်ပီယံလိဂ်ဝင်ခွင့်ပိတ်ပင်ခံရပါက အမှတ်ပေးဇယားရဲ့ အဆင့် ၅ နေရာကို အသင်းက ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမှာလည်း ဖြစ်ပါတယ်။

# ဘာစီလိုနာအသင်းက ဂိုးသမား တာစတီဂန်ကို စာချုပ်သစ်ချုပ်ဆိုရန် စီစဉ်နေ

ဂိုးသမား တာစတီဂန်ဟာ ဘာစီလိုနာအသင်းနဲ့ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုဖို့ ဆန္ဒရှိနေတာကြောင့် ဘာစီလိုနာအသင်းကလည်း တာစတီဂန်ကို စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ဂျာမနီကြယ်ပွင့်ဂိုးသမား တာစတီဂန်ဟာ နူးကမ့်နဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေပြီး လက်ရှိမှာ စာချုပ်သစ်အတွက် ဆွေးနွေးမှုတွေပြုလုပ်နေတာ ဖြစ်ပါတယ်။

အသက် ၂၈ နှစ်အရွယ်ရှိ ဂိုးသမားတာစတီဂန်ဟာ ၂၀၁၄ ခုနှစ်က ဂျာမန်ဘွန်ဒက်လီဂါကလပ် မိုချန်ဂလာဘတ်ချ်အသင်းကနေ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိကလပ် ဘာစီလိုနာအသင်းနဲ့ ၂၀၁၇ ခုနှစ်က စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုခဲ့သူလည်း ဖြစ်ပါတယ်။

တာစတီဂန်ဟာ ကမ္ဘာ့အကောင်းဆုံး ဂိုးသမားတစ်ဦးဖြစ်လာဖို့ ဆန္ဒရှိနေတဲ့အပြင် ယခုနှစ်နွေရာသီဈေးကွက်အတွင်းမှာ ပရီမီယာလိဂ်ကလပ်အသင်းအများစုက ခေါ်ယူဖို့ ပစ်မှတ်ထားနေတာကြောင့် တာစတီဂန်ကို စာချုပ်သစ်ချုပ်ဆိုဖို့ ဘာစီလိုနာအသင်းက ပြင်ဆင်နေတာလည်းဖြစ်ပါတယ်။

တာစတီဂန်ဟာ ဘိုင်ယန်မြူးနစ်အသင်းက ဂိုးသမားနျူအာရဲ့ နေရာမှာ အစားထိုးဖို့ ဂိုးသမားသစ်ခေါ်ယူမယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေတာကြောင့် ဇာတိမြေဖြစ်တဲ့ ဂျာမနီနိုင်ငံကို သွားရောက်ကစားဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်နေတယ်လို့လည်း သတင်းတွေ ထွက်ပေါ်လျက်ရှိပါတယ်။

# ဂရစ်ဇ်မန်းအပါအဝင် နာမည်ကြီးကစားသမားတချို့ကို ဘာစီလိုနာအသင်း ရောင်းချရန် စီစဉ်နေ



ဘာစီလိုနာအသင်းဟာ တိုက်စစ်မှူး ဂရစ်ဇ်မန်းအပါအဝင် နာမည်ကြီးကစားသမားတချို့ကို ရောင်းချဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။ တိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ မန်ယူအသင်းဆီ ပြောင်းရွှေ့မယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်နေပြီး မန်ယူအသင်းအနေနဲ့ ဘာစီလိုနာအသင်းဆီ ဂရစ်ဇ်မန်းမပြောင်းရွှေ့မီကတည်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတာလည်း ဖြစ်ပါတယ်။

မန်ယူအသင်းအပါအဝင် ပရီမီယာလိဂ်ကလပ်အသင်းအတော်များများက ဘာစီလိုနာအသင်းမှ ကစားသမားရှစ်ဦးအထိကို အမြဲတမ်းစာချုပ် ဒါမှမဟုတ် အငှားစာချုပ်နဲ့ အသီးသီးခေါ်ယူဖို့ ရှိနေတာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းက ရောင်းချဖို့ စီစဉ်နေတဲ့ကစားသမားတွေထဲမှာ တိုက်စစ်မှူး ဆွာရတ်ဇ်နဲ့ တိုက်စစ်မှူး အောက်စမာနေဒမ်ဘီလီတို့လည်း ပါဝင်တယ်လို့ သိရပါတယ်။

ဘာစီလိုနာအသင်းအနေနဲ့ ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ရာကီတစ်နဲ့ ဗီဒယ်တို့ကိုလည်း အသင်းကနေ ထွက်ခွာခွင့်ပြုဖို့ရှိနေတဲ့အပြင် နောက်တန်းကစားသမားတွေဖြစ်တဲ့ အမ်တီတီ၊ ဆီမီဒိုနဲ့ ရောဘတ်တိုတို့ကိုလည်း ရောင်းချဖို့ရှိနေတာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ လက်ရှိဘိုင်ယန်မြူးနစ်အသင်းမှာ အငှားချထားတဲ့ ဘရာဇီးကွင်းလယ်ကစားသမား ကော်တင်ဟိုကိုလည်း ပြန်လည်ရောင်းချဖို့ စီစဉ်နေပြီး ကော်တင်ဟိုကို ချယ်လ်ဆီးအသင်း၊ စပါးအသင်းနဲ့ အဲဗာတန်အသင်းတို့က ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**



# ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကြောင့် ရိုက်ခတ်လာမည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် နိုင်ငံရေးအကျိုးဆက်များ

တက္ကသိုလ်ဟန်စိုးဦး

(ဧပြီ ၂၉ ရက်မှအဆက်)

ကိုဗစ်-၁၉ ရောဂါကြောင့် မူဝါဒချမှတ်သူတွေ အတွက်လည်း အခက်အခဲတွေ ကြုံတွေ့လာရပါတယ်။ အစိုးရအဖွဲ့တွေ၊ ဗဟိုဘဏ်တွေအနေနဲ့ စီးပွားရေးကို အရင် ကုစားမလား၊ ပြည်သူတွေရဲ့အသက်ကို ဦးစားပေး ကယ်ဆယ်မလားဆိုတဲ့ ဆုံးဖြတ်ချက် နှစ်ရပ်အပေါ် တစ်ခုခုကို ရွေးချယ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ပြည်သူတွေရဲ့အသက်ကို ဦးစားပေးကယ်တင်နိုင်ဖို့ အတွက်၊ ဗိုင်းရပ်စ်ပြန့်ပွားမှု လျော့နည်းစေဖို့အတွက် ပြည်သူတွေ မိမိအိမ်တွင်းမှာပင် နေထိုင်ကြဖို့၊ လူမှုရေး အရ ခပ်ခွာခွာနေကြဖို့ တိုက်တွန်းဆောင်ရွက်ရမှာဖြစ်တဲ့ အတွက် စီးပွားရေးလုပ်ငန်းတွေအပေါ် ထိခိုက်မှု မလွဲမသွေကြုံတွေ့ရမှာဖြစ်ပြီး နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုကိုလည်း လျော့နည်းကျဆင်းစေမှာ ဖြစ်ပါ တယ်။ ကမ္ဘာ့နိုင်ငံအားလုံးကတော့ ပြည်သူတွေရဲ့ အသက်ကို ဦးစားပေးကယ်ဆယ်ဖို့ ဆုံးဖြတ်ခဲ့ကြတာ ကြောင့် စီးပွားရေးအရထိခိုက်မှုတွေ ရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ အချိန်ကာလ အတိုင်းအတာ ကြာရှည်ဖြစ်ပွားတာနဲ့အမျှ စီးပွားရေး အပေါ် ပိုမိုထိခိုက်မှုရှိလာစေမှာ ဖြစ်ပါတယ်။

အခုအချိန်မှာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးနဲ့ပတ်သက်ပြီး သူ့ရဲ့သဘောသဘာဝ၊ ကူးစက်မှုနှုန်းထား၊ ဘယ်လောက် အတိုင်းအတာအထိ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့ သွားနိုင် မယ်ဆိုတဲ့အနေအထားနဲ့ အမှန်တကယ် ကုသပေးနိုင်မယ့် ဆေးဝါး စတာတွေကို ဆေးပညာရှင်များက လေ့လာ ဆန်းစစ်နေကြဆဲ အနေအထားမှာပဲ ရှိနေပါသေးတယ်။ တစ်နည်းအားဖြင့် လောလောဆယ်အနေအထားကနေ အနာဂတ်ကို မျှော်ကြည့်မယ်ဆိုရင် သေချာရေရာမှု မရှိသေးတာကို တွေ့မြင်နိုင်ပါတယ်။ ဒါကြောင့် နိုင်ငံတွေ အကြား စုစုစည်းစည်း ညှိညှိနှိုင်းနှိုင်းနဲ့ သင့်လျော် မှန်ကန်မယ့် မူဝါဒတွေ၊ ပေါင်းစပ်ဆောင်ရွက်မှုတွေ လုပ်သွားနိုင်မှသာလျှင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာမယ့် စီးပွားရေးအကျိုးဆက်တွေ နည်းနိုင်သမျှ နည်းစေဖို့ ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ သို့သော် လည်း လက်ရှိဖြစ်ပျက်နေတဲ့ အခြေအနေကိုကြည့်ရင် နိုင်ငံကြီးတချို့ရဲ့ ကိုဗစ်-၁၉ ကူးစက်ရောဂါနဲ့ ပတ်သက်ပြီး သီးခြားလွတ်လပ်စွာ ကိုင်တွယ်ဆောင်ရွက် လိုမှု၊ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်နေမှုတွေကို လည်း တွေ့မြင်နေရပါတယ်။ နိုင်ငံခေါင်းဆောင်တွေရဲ့ နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်ဖို့ စိတ်ဆန္ဒ (political will) မရှိတဲ့အခါ ကျန်နိုင်ငံငယ်တွေ စုပေါင်းပြီး ဆောင်ရွက်လာတာမျိုးတွေလည်း ရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားမှုဟာ ကမ္ဘာ့နိုင်ငံရေးမှာ ပူးပေါင်းဆောင်ရွက်မှု ပုံစံအနေအထား အပြောင်းအလဲတွေ ဖြစ်လာစေနိုင်မယ်လို့လည်း နိုင်ငံရေး လေ့လာသူတွေက သုံးသပ်နေကြတာ ဖြစ်ပါတယ်။




အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် နိုင်ငံတွင်း အမျိုးသားအရေးပေါ် အခြေအနေ အဖြစ် သမ္မတ ဒေါ်နယ်ထရမ့်က မတ် ၁၃ ရက်တွင် ကြေညာခဲ့သည်။

## နိုင်ငံရေးအရ အကျိုးသက်ရောက်မှုများ

ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် အခုဆိုရင် တစ်ကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံတွေဟာ ဒီကူးစက်ရောဂါ မပြန့်ပွားရေး၊ တိုက်ဖျက်ရေးအတွက် ပြည်ဝင်ခွင့် တားဆီး ပိတ်ပင်မှုတွေ၊ လေကြောင်းလိုင်းတွေ ပြေးဆွဲမှုရပ်နားခြင်း တွေ၊ ပြည်သူတွေ မိမိအိမ်တွင်းမှာပင် နေထိုင်ကြဖို့ တိုက်တွန်းမှုတွေ၊ တိုကျိုအိုလံပစ်အပါအဝင် ကမ္ဘာ့ အားကစားပွဲတွေရပ်နားပြီး အချိန်ရွှေ့ဆိုင်းရတာတွေ၊ လူစုလူဝေးမဖြစ်စေဖို့ အခမ်းအနားတွေ၊ ပွဲလမ်းသဘင်တွေ မပြုလုပ်ဖို့ တားမြစ်တာတွေ စသည်ဖြင့် ကိုယ့်နိုင်ငံအလိုက် အရေးယူဆောင်ရွက်မှုတွေ လုပ်နေကြရပြီဖြစ်တာကို ကြည့်ရင် ဒီ ကိုဗစ်-၁၉ ကူးစက်ရောဂါဟာ တစ်ကမ္ဘာလုံး မှာရှိတဲ့ လူသားတွေရဲ့ နေ့စဉ်နေထိုင်မှုဘဝတွေကိုပါ ရိုက်ခတ်ခဲ့ပြီး တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ ကပ်ဆိုးကြီးတစ်ခု ဖြစ်နေပြီဆိုတာ ပေါ်လွင်ထင်ရှားနေပါတယ်။

အခုလောလောဆယ်အချိန်မှာတော့ နိုင်ငံတိုင်း အနေနဲ့ ရောဂါမပြန့်ပွားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးရေး၊ စီးပွားရေးအရ ထိခိုက်နစ်နာကြတဲ့ စီးပွားရေး လုပ်ငန်းတွေကို ငွေကြေးအထောက်အကူပေးရေး စတဲ့ အရေးကြီးလုပ်ဆောင်ရမယ့်အရာတွေကို ဆောင်ရွက်နေ ကြရပေမယ့် ဒီ ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ရေရှည်မှာ ပေါ်ထွက်လာမယ့် ကမ္ဘာ့နိုင်ငံရေးအနေအထား အပြောင်း အလဲကိုလည်း တွေ့မြင်လာနိုင်မယ်လို့ နိုင်ငံရေးလေ့လာ သူတွေက သုံးသပ်ကြပါတယ်။ အထူးသဖြင့် အမေရိကန် ပြည်ထောင်စုရဲ့ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်အနေအထား အပေါ်မှာ ရိုက်ခတ်မှုတွေ ရှိလာနိုင်ပါတယ်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှာ အမေရိကန်တာဝန်ရှိသူတွေရဲ့ ကိုင်တွယ်ဆောင်ရွက်ခဲ့မှု အပေါ် အမေရိကန်နိုင်ငံသားတွေသာမက တစ်ကမ္ဘာလုံး ကပါ အားမလိုအားမရဖြစ်ခဲ့ကြတာကိုလည်း တွေ့မြင်ခဲ့ကြ ရပြီ ဖြစ်ပါတယ်။ အမေရိကန်ရဲ့ အဓိကအရေးပါတဲ့ ဌာန၊ အဖွဲ့အစည်းတွေဖြစ်တဲ့ သမ္မတ အိမ်ဖြူတော်၊ အမိမြေ လုံခြုံရေးဝန်ကြီးဌာနနဲ့ ရောဂါထိန်းချုပ်ရေးနဲ့ တားဆီး ကာကွယ်ရေးစင်တာ (Centers for Disease Control and Prevention–CDC) တို့ရဲ့ ကိုင်တွယ်ဆောင်ရွက်မှု အားနည်း ချက်တွေဟာ အမေရိကန်အစိုးရရဲ့ စွမ်းဆောင်ရည်နဲ့ လုပ်ကိုင်နိုင်စွမ်းအပေါ် ယုံကြည်မှုကို ထိခိုက်စေခဲ့လို့ သုံးသပ်ကြပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ သတင်းစာရှင်းလင်းပွဲတွေ၊ Twitter ကတစ်ဆင့် အများ ပြည်သူကို ထုတ်ပြန်ချက်တွေကိုလေ့လာကြည့်ရင် စိတ်ရှုပ် ထွေးစရာပြောကြားချက်တွေကိုသာ တွေ့ရတဲ့အတွက် မသေချာ မရေရာမှုတွေသာ ပိုမိုကြီးထွားလာစေခဲ့တယ်လို့ လည်း ရေးသားကြပါတယ်။

အလားတူ အစိုးရပိုင်းရော ပုဂ္ဂလိကပိုင်းမှာပါ ကိုဗစ်-၁၉ ကူးစက်ရောဂါနဲ့ပတ်သက်ပြီး စမ်းသပ်မှုတွေ ပြုလုပ်ဖို့၊ တုံ့ပြန်ကိုင်တွယ်ဆောင်ရွက်မှုတွေပြုလုပ်ဖို့ ကြိုတင်ပြင်ဆင်မှုမှာ အားနည်းခဲ့တာကိုလည်း တွေ့မြင် ခဲ့ကြရပါတယ်။ အခုဆိုရင် အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်နေသူပေါင်း ၁၁၆၄၀၀၇ ဦး (၃-၅-၂၀၂၀ စာရင်း)ရှိနေပြီး အသက်ဆုံးရှုံးရသူပေါင်းက ၆၇၅၅၂ ဦးရှိပြီ ဖြစ်ပါတယ်။ ဧပြီ ၁၁ ရက်ကဆိုရင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် တစ်ရက်အတွင်း သေဆုံးသူ ၂၁၀၈ ဦးရှိခဲ့တာကြောင့် စံချိန်တင် အသက်ဆုံးရှုံးမှု ဖြစ်ခဲ့ ပါတယ်။ ဒီကိန်းဂဏန်းတွေကို ကြည့်ခြင်းအားဖြင့် ကမ္ဘာပေါ်မှာ ကိုဗစ်-၁၉ ကူးစက်ရောဂါရဲ့ ဗဟိုချက်ဟာ အမေရိကန်ဖြစ်နေပြီဆိုတာကို ပြသလျက်ရှိပါတယ်။ အမေရိကန်သမ္မတအနေနဲ့ ဒီကပ်ရောဂါနဲ့ပတ်သက်ပြီး တစ်နိုင်ငံချင်းအလိုက်သာ ဖြေရှင်းဖို့ စိတ်ဆန္ဒပြသနေခြင်း ဖြင့် ကမ္ဘာလုံးဆိုင်ရာ ပူးတွဲတိုက်ဖျက်ဆောင်ရွက်ရမယ့် ကိစ္စအပေါ် အမေရိကန်အနေနဲ့ ပြင်ဆင်မထားဘူး ဆိုတာကို ပေါ်လွင်ထင်ရှားစေခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုအနေနဲ့ ကမ္ဘာ့နိုင်ငံရေး မျက်နှာစာမှာ အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် နှစ်ပေါင်း ၇၀ ကျော် ရှေ့တန်းက ပါဝင်ဆောင်ရွက်နိုင်ခဲ့တာဟာ သူ့ရဲ့ငွေကြေးခနအင်အား၊ ကာကွယ်ရေးဆိုင်ရာ စွမ်းအား သက်သက်ကြောင့်သာမဟုတ်ဘဲ အမေရိကန်နိုင်ငံရဲ့ ပြည်တွင်းနိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကမ္ဘာ့နိုင်ငံတွေရဲ့ ကောင်းကျိုးအတွက် ပါဝင်ဆောင်ရွက်မှု၊ ကမ္ဘာ့ပဋိပက္ခ ဖြစ်စဉ်တွေမှာ နိုင်ငံများအကြား ညှိနှိုင်းဆောင်ရွက်လို စိတ်ရှိမှုနဲ့ ဆောင်ရွက်နိုင်စွမ်းရှိမှုတွေအပေါ်မှာလည်း တည်ဆောက်ခဲ့ရတာ ဖြစ်ပါတယ်။ အခု ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်စဉ်ဟာ အမေရိကန်ပြည်ထောင်စုရဲ့ ဦးဆောင်မှုနဲ့ပတ်သက်တဲ့ အချက် (၃) ချက်အပေါ်မှာ စမ်းသပ်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ အခုအချိန် အထိအရတော့ အမေရိကန်အပေါ် စမ်းသပ်မှု တွေဟာ ဆုံးရှုံးမှုတွေပြနေတာကို တွေ့မြင်နေရ ပါတယ်။

အမေရိကန်နိုင်ငံဟာ ကိုယ့်နိုင်ငံတွင်းမှာဖြစ်နေတဲ့ ကိုဗစ်-၁၉ ကူးစက်ရောဂါကို ထိန်းချုပ်နိုင်ဖို့ကိုတောင် ကြိုးပမ်းအားထုတ်နေရတဲ့အချိန်မှာ တရုတ်နိုင်ငံဟာ အမေရိကန်ရဲ့ အားနည်းချက်တွေကို အခွင့်ကောင်းယူပြီး ကူးစက်ရောဂါတိုက်ဖျက်ရေးမှာ ဦးဆောင်နိုင်ငံတစ်နိုင်ငံ အဖြစ် ကမ္ဘာ့မျက်နှာစာမှာ လျင်လျင်မြန်မြန်နဲ့ ကျွမ်းကျင် လိမ္မာစွာပဲ ပေါ်ထွက်လာခဲ့ပါတယ်။ ကူးစက်ရောဂါ တိုက်ဖျက်ရေးမှာ သူ့ရဲ့အတွေ့အကြုံတွေအပေါ် အခြေခံပြီး အခြားနိုင်ငံတွေကို အတွေ့အကြုံမျှဝေခြင်းနဲ့ လိုအပ်တဲ့ ဆေးဘက်ဆိုင်ရာ အထောက်အကူပစ္စည်းတွေ ကူညီခြင်းတွေကို ဆောင်ရွက်လာခဲ့ပါတယ်။ တရုတ်နိုင်ငံ ဟာ ကိုဗစ်-၁၉ ကူးစက်ရောဂါ စတင်ဖြစ်ပွားချိန်မှာ ရောဂါရဲ့အရေးပါမှုအတိမ်အနက်သတင်းကို ထိမ်ချန် ထားခဲ့မှုဟာ ဒီရောဂါ ကမ္ဘာအနှံ့ ပြန့်ပွားဖို့အနေအထားကို ဖြစ်ပေါ်စေခဲ့တယ်လို့ စွပ်စွဲခဲ့ကြပါတယ်။ ဒီကူးစက်ရောဂါ ကမ္ဘာအနှံ့တိုက်ဖျက်ရေးလုပ်ငန်းစဉ်မှာ အမေရိကန် ပြည်ထောင်စုအနေနဲ့ ပါဝင်လိုစိတ်မရှိမှု ဒါမှမဟုတ် ပါဝင်နိုင်စွမ်းမရှိမှုနဲ့ တရုတ်နိုင်ငံရဲ့ ဦးဆောင်အခန်းကဏ္ဍ က ပါဝင်လာမှုအနေအထားတွေဟာ အမေရိကန် ပြည်ထောင်စုရဲ့ ကမ္ဘာ့နိုင်ငံရေးမှာ ဦးဆောင်အခန်းကဏ္ဍနဲ့ ၂၁-ရာစု နိုင်ငံရေးအရ အားပြိုင်မှုတွေအပေါ် အခြေခံ အားဖြင့် အပြောင်းအလဲတွေ၊ သက်ရောက်မှုတွေ ရှိလာ စေမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ❖



တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ကိုရိုနာဗိုင်းရပ်စ် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် နှစ်လကြာ lockdown ပြုလုပ်ထားမှုအား မတ်လကုန်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

**အခုလောလောဆယ်အချိန်မှာတော့ နိုင်ငံတိုင်းအနေနဲ့ ရောဂါမပြန့်ပွားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ စီးပွားရေးအရ ထိခိုက်နစ်နာကြတဲ့ စီးပွားရေးလုပ်ငန်းတွေကို ငွေကြေးအထောက်အကူပေးရေး စတဲ့အရေးကြီးလုပ်ဆောင်ရမယ့်အရာတွေကို ဆောင်ရွက်နေကြရပေမယ့် ဒီ ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ရေရှည်မှာ ပေါ်ထွက်လာမယ့် ကမ္ဘာ့နိုင်ငံရေးအနေအထားအပြောင်းအလဲကိုလည်း တွေ့မြင်လာနိုင်မယ်လို့ နိုင်ငံရေးလေ့လာသူတွေက သုံးသပ်**

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာငွေးကြွယ်

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

**အသက်(၆၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာငွေးကြွယ် အသက်(၆၉)နှစ်သည် ၂-၅-၂၀၂၀ ရက် နံနက် ၇:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး ဒေါ်ရင်မေ**

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ဇနီး ပါမောက္ခဒေါက်တာစိန်စိန်သိန်း**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီးအောင်ကြည် (ငြိမ်း)

ကြည်း-၉၇၉၅ OTS-29

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဘုရင့်နောင် (၀)ရပ်ကွက်၊ ရွှေဥဒေါင်းလမ်း၊ အမှတ်(၂၁)နေ ဒေါ်သန်းသန်းအောင်၏ခင်ပွန်း ဗိုလ်မှူးကြီးအောင်ကြည်(ငြိမ်း)သည် ၂-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS-29 မှ သူငယ်ချင်းများနှင့် မိသားစုများ**

# နာရေး

ခရစ်တော်၌ အိပ်ပျော်ခြင်း

## လင်ရှုတ်လွမ်(ခ)ဒေါ်မြ

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၃၀)၊ (၁၉)လမ်း၊ (၂)ထပ်နေ [ရှာဖြန်ဗိုး(ခ)ဦးမောင်တင်]၏ဇနီး၊ ဒေါ်ခင်လှကြည်(USA)-ဦးလှထွန်း၊ ဒေါ်ခင်လှအေး(USA)၊ ဒေါ်ခင်ခင်မြင့် (အထက-ပြ-ငြိမ်း)-ဦးတင်မောင်ဝင်း၊ ဒေါ်ခင်ခင်မျိုး၊ (ခင်မောင်အေး)-ဒေါ်ရင်ကြည်၊ ဒေါ်ခင်ခင်ဝင်း-ဦးမျိုးမြင့်၊ ဦးအောင်စိန်-ဒေါ်လေကြောင်း(USA)၊ ဒေါ်ခင်စန္ဒာဝင်း(ခ)ရှာဝိုရောင်း-Eric Wong (Singapore) တို့၏ချစ်လှစွာသောမွေးသမိခင်၊ သက်ထွန်းဦး၊ Dr.သက်ထွန်းအောင်-မေသင်းသင်းထွန်း (Singapore)၊ Dr.ဖြိုးဖြိုးအောင်-Chih Tan (USA)၊ ကိုဆန်းထွန်းဦး-တင်တင်လှ၊ မျိုးထွန်းဦး-ဖြိုင်ဖြိုင်ဖြိုးဇေ၊ Dr.ချမ်းမြေ့ထွန်း(သွား)၊ Stephen Wong၊ Cynthia Wong၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၃၀-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇:၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၉ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီး ထိန်ပင်ခရစ်ယာန်ဂိုဏ်းပေါင်းစုံ၌ ဝတ်ပြုပြီး ဂူသွင်းပါမည်။

ကျန်ရစ်သူမိသားစု

# ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ငြိမ်းကြည် (ခ) ဒေါ်နိမ်း

**အသက် (၈၉) နှစ်**

မုဒုံမြို့နယ်၊ ညောင်ကုန်းကျေးရွာနေ (ဦးထဲ-ဒေါ်ချွတ်)တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ်(၁၁၉)၊ ဝဲ-ပထမထပ်၊ (၉၂)လမ်း၊ ကန်ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးချယ်ရီ)၏ဇနီး၊ ဦးမြဝင်း-ဒေါ်ကြည်ကြည်ဝင်း၊ ဦးချစ်ဆန်း-ဒေါ်ပိမွန်းတို့၏မိခင်၊ ဦးကေတုသီရိ(ကန်ကလေးကျောင်းသစ်၊ ကျုံဖိုက်ကျေးရွာ မုဒုံမြို့နယ်)၏ မယ်တော်၊ ဦးယဉ်ထွေး-(ဒေါ်တင်မြင့်)၊ ဦးထွေးဦး-ဒေါ်ခင်လေးနွယ်၊ ဒေါ်ခင်အေးသွယ်၊ (ဦးမင်းကျော်သူ)တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၂ ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၁-၅-၂၀၂၀ (သောကြာနေ့) ည ၈ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၅-၅-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)

## ဦးစိုးနိုင်

**အသက်(၈၀)**

**အသင်းနာယကကြီး၊ သက်ကြီးကန်တော့ခံ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆) ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ်(၁၁၈၂)နေ ဦးစိုးနိုင်သည် ၃၀-၄-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

# ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်မြ(ခ)ဒေါ်ဝါနု

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ပုလဲရတနာလမ်း၊ အမှတ်(၄၁)နေ (ဦးသောင်းထွန်း)၏ ဇနီး၊ (ဦးနိုင်လင်း)-ဒေါ်ခင်အေးဝင်း၊ ဦးစောလွင်-ဒေါ်လှလှဝင်း၊ ဒေါ်မီမီထွန်း၊ (ဦးကိုကိုနိုင်)၊ ဦးကျော်စွာထွန်း၊ ဒေါ်တီပိုးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ကိုဝင်းဟိန်းထွန်း၊ ကိုမင်းသိန်းထွန်း၊ မရတနာဆုမွန်၊ မအိန္ဒြေခင်၊ မဆုပိုလွင်၊ မဖြူဖြူသန့်တို့၏အဘွား ဒေါ်ကျင်မြ(ခ)ဒေါ်ဝါနုသည် ၃-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၄:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၂၀ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း

## သူရဦးထွန်းတင်(နိုင်ငံတော်ဝန်ကြီးချုပ်-ငြိမ်း)

**အသက်(၁၀၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပါရမီရိပ်သာ၊ မြစပယ်လမ်းနေ ဒေါ်မြင့်မြင့်သိန်း၏ခင်ပွန်း၊ Capt:ကျော်မြင့်ထွန်း-(ဒေါ်ခင်မမလွင်)၊ Capt: ရဲမြင့်ထွန်း-ဒေါ်မေမေသက်၊ ဦးဇော်မြင့်ထွန်း-ဒေါ်ခင်မေသက်တို့၏ဖခင် သူရဦးထွန်းတင်သည် ၁-၅-၂၀၂၀ (သောကြာနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှမောင်-(ဒေါက်တာဒေါ်ခင်ရီ)**
**ဦးစိုးလင်း-ဒေါ်မာလာမောင်**
**မိသားစု**

## ဦးညီညီစိုး

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးထွန်းရှိန်လမ်း၊ အမှတ်(၅၄၄)နေ [ဦးခင်မောင် (M.E.C.E-ငြိမ်း)]-ဒေါ်ခင်လှိုင် (စက်မှု-လယ်ယာငြိမ်း)တို့၏ သားငယ်၊ (စန္ဒရားဦးချစ်မောင်)-ဒေါ်နီနီ (M.E.I.C-ငြိမ်း)၊ ဒေါ်အေးလှိုင်(AE ဆည်မြောင်း-ငြိမ်း)တို့၏ တူ၊ (ဦးကြည်သာစိုး)၏ညီ၊ ဒေါ်အေးအေးမာ၏ခင်ပွန်း၊ ကိုဝမ်းထက်အောင်-မဇင်မာ၊ ကိုသာထက်အောင်-မသင်းသင်း၊ မောင်ဝေယံထက်အောင်တို့၏ဖခင် ဦးညီညီစိုးသည် ၂-၅-၂၀၂၀ (စနေနေ့) ညနေ ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မူးယစ်ကို ပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ဒေါ်ခင်မေမြင့် (၇၅)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပိတောက်အိမ်ရာ၊ တိုက်(၇၀၁)၊ အခန်း(၃၃)နေ (ဦးလွန်းမောင်-ဒေါ်ခင်ငြိမ်း)တို့၏ သမီး၊ (ဦးမောင်မောင်လှကြိုင်)၏ဇနီး၊ (ဦးလင်းမောင်မောင်)-ဒေါ်မွန်မွန်သိန်းမြင့်၊ ဦးဇင်မောင်မောင်-ဒေါ်နန်းအိအိခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်ခင်မေမြင့် အသက်(၇၅)နှစ်သည် ၂-၅-၂၀၂၀ ရက် ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၂၀ (သောကြာနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီးစိန်သန်း(ငြိမ်း)

OTS(36)၊ ကြည်း-၁၁၁၉၀

**အသက် (၇၉)နှစ်**

မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ လက်ပန်လှကျေးရွာအုပ်စုနေ ဗိုလ်ကြီးစိန်သန်း(ငြိမ်း)သည် ၃၀-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**OTS-36 မှ သူငယ်ချင်းများ**

# ဝမ်းနည်းကြေကွဲခြင်း

နတ်မောက်မြို့၊ ဈေးရပ်ကွက်နေ (ဦးတင်ရွှေ)-ဒေါ်သောင်းတို့၏သား၊ ရန်ကုန်မြို့နေ (ဦးမျိုးညွန့်)-ဒေါ်အေးအေးတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၂၀)၊ လေးလွှာ၊ ဗိုလ်မိုးလမ်းမြေနီကုန်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်မာမာနွယ်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစည်သူအောင် (M.O.G.E-CNG)-ဒေါ်ပြည့်ပြည့်ဖြိုး၊ (မဇင်နွယ်ဝင်း)၊ ဦးချမ်းဇော်ငြိမ်း-ဒေါ်နှင်းတို့၏ ချစ်လှစွာသောဖခင်၊ မဇမ္ဗူမေမောင်၊ မင်းမြတ်ကြယ်စင်တို့၏ ချစ်လှစွာသောအဘိုး ဦးဝင်းဇော် အသက်(၆၇)နှစ်သည် ၃-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၆:၃၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့် အမှုဆောင်များ**
**နတ်မောက်မြို့နယ်အသင်း (ရန်ကုန်)**

## ဦးဝင်းဇော် (နတ်မောက်)

**အသက်(၆၇)နှစ်**

**(အင်ဂျင်နီယာမှူး-ငြိမ်း) M.O.G.E**

**B.E Petroleum (1969–1975)**

နတ်မောက်မြို့၊ ဈေးရပ်ကွက်နေ (ဦးတင်ရွှေ)-ဒေါ်သောင်းတို့၏သား၊ ရန်ကုန်မြို့နေ (ဦးမျိုးညွန့်)-ဒေါ်အေးအေးတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၂၀)၊ လေးလွှာ၊ ဗိုလ်မိုးလမ်းမြေနီကုန်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်မာမာနွယ်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးစည်သူအောင်(M.O.G.E-CNG)-ဒေါ်ပြည့်ပြည့်ဖြိုး၊ (မဇင်နွယ်ဝင်း)၊ ဦးချမ်းဇော်ငြိမ်း-ဒေါ်နှင်းတို့၏ ချစ်လှစွာသောဖခင်၊ မဇမ္ဗူမေမောင်၊ မင်းမြတ်ကြယ်စင်တို့၏ ချစ်လှစွာသောအဘိုးသည် ၃-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၆:၃၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၀ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# COVID-19 ရောဂါ တုံ့ပြန်ဆောင်ရွက်ရာတွင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့၏ စေတနာ့ဝန်ထမ်း (Volunteer) အစီအစဉ်တွင် ပါဝင်ဆောင်ရွက်လိုသူများသို့ အသိပေးနှိုးဆော်ခြင်း

COVID-19 ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရာတွင် အရေးကြီးသည့်လုပ်ငန်းစဉ်တစ်ရပ်မှာ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် (Community Based Facility Quarantine) ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ရောဂါပိုးကူးစက်သူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများသည် Community Based Facility Quarantine ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ရမည့်သူများဖြစ်ပါသည်။ မိမိတို့တွင် ရောဂါလက္ခဏာပြသခြင်းမရှိသော်လည်း ရောဂါပိုးကို သယ်ဆောင်သူဖြစ်နေနိုင်ခြင်းကြောင့် အခြားသူများသို့ ပြန့်ပွားခြင်းမရှိစေရန် ရောဂါပျိုးချိန် (၂၈)ရက်တာ ကာလအတွင်း စောင့်ကြည့်စောင့်ရှောက်မှုခံယူရခြင်း ဖြစ်ပါသည်။ ဤအစီအစဉ်တွင် (၂၁)ရက်ပြီးမြောက်ပါက မိမိ၏နေအိမ်တွင် (၇)ရက်ထပ်မံ၍ Home Quarantine ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

Community Based Facility Quarantine လုပ်ငန်းစဉ်အတွင်း ပါဝင်သူများအတွက် လိုအပ်သောစောင့်ရှောက်ကူညီမှုများကို စနစ်တကျလေ့ကျင့်ထားသော စေတနာ့ဝန်ထမ်း (Volunteer) များက ပံ့ပိုးကူညီရမည်ဖြစ်ပါသည်။ အစီအစဉ်တွင် သတ်မှတ်လုပ်ငန်းစဉ်နှင့် သတ်မှတ်ကာလအရ ပါဝင်ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းသည် မိမိဒေသရှိ Community Based Facility Quarantine Center တွင် လိုအပ်ချက်အလိုက်၊ မိမိပါဝင်ဆောင်ရွက်နိုင်သည့် အတိုင်းအတာအလိုက် အတွင်းစည်း(သို့မဟုတ်) အပြင်စည်းတွင် နေ့စဉ်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် သတ်မှတ်ကာလ (၂၁)ရက်ပြည့်အောင် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ပြီး ထပ်မံ၍ (၇)ရက်ကို သတ်မှတ်ပေးထားသော နားနေရန်နေရာတွင် အနားယူအပန်းဖြေနေထိုင်ခြင်းပြုရမည်ဖြစ်ပြီး စုစုပေါင်း (၂၈)ရက်အပြည့် အနည်းဆုံး (၁)ကြိမ် ဆောင်ရွက်ရန်ဖြစ်သည်။ မိမိ၏ဆန္ဒအရ တစ်ကြိမ်ထက်ပိုပြီး ဆက်လက်၍ပါဝင်ဆောင်ရွက်နိုင်ပါသည်။

စေတနာ့ဝန်ထမ်း(Volunteer) အဖြစ် မိမိ၏အချိန်၊ လုပ်အား၊ ကျွမ်းကျင်မှု၊ အကြံဉာဏ်စသည်များကို အခကြေးငွေမယူဘဲ ဤလုပ်ငန်းစဉ်တွင် သတ်မှတ်အချိန်ကာလအပြည့် မိမိတစ်ဦးချင်းအနေဖြင့် ဆန္ဒအရပါဝင်ရန် ကြိုဆိုဖိတ်ခေါ်အပ်ပါသည်။ လက်ရှိသက်ဆိုင်ရာ ဒေသအလိုက် Community Based Facility Quarantine Center များ၌ စေတနာ့ဝန်ထမ်း(Volunteer) များအဖြစ် ဆောင်ရွက်လျက်ရှိသူများကိုလည်း စာရင်းကောက်ယူမှတ်တမ်းတင်လျက်ရှိပါသည်။

ပါဝင်ဆောင်ရွက်ကြမည့် စေတနာ့ဝန်ထမ်းများအတွက် လိုအပ်သော သင်တန်းများပေးခြင်း၊ လုံခြုံရေးအကာအကွယ်များဆောင်ရွက်ပေးခြင်း၊ အနေအထိုင်၊ အစားအသောက်၊ အသွားအလာကိစ္စများအတွက် စနစ်တကျ ပံ့ပိုးကူညီခြင်း၊ လုံလောက်သော အနားယူအပန်းဖြေမှုရရှိစေခြင်းနှင့် နိုင်ငံတော်က အသိအမှတ်ပြုခြင်းများ ဆောင်ရွက်ပေးလို၍ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ (National Volunteer Steering Unit)ကို ဖွဲ့စည်းဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

ဤစေတနာ့ဝန်ထမ်း(Volunteer)အစီအစဉ်တွင် သတ်မှတ်လုပ်ငန်းစဉ်နှင့် သတ်မှတ်ကာလအတွင်း ပါဝင်လိုသူများအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ Facebook စာမျက်နှာဖြစ်သော Ministry of Social Welfare, Relief and Resettlement Myanmar သို့ ဝင်ရောက်၍ သတ်မှတ်ထားသော Volunteer Registration ပုံစံကို ဖြည့်စွက်ပြီး (၅.၅.၂၀၂၀) ရက်နေ့ ညနေ (၆) နာရီ နောက်ဆုံးထား စာရင်းပေးသွင်းကြရန် နှိုးဆော်အပ်ပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပြည်သူလူထုအတွက် ယခု COVID-19 ကာလအတွင်း ထိရောက်စွာ ကူညီပံ့ပိုးဆောင်ရွက်ပေးနေကြသော ပရဟိတအသင်းများ၊ ပရဟိတသမားများအားလုံးကိုလည်း အထူးကျေးဇူးတင်ဂုဏ်ယူပါသည်။ ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# Coronavirus Disease 2019 (COVID-19)နှင့် စပ်လျဉ်း၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ လိုက်နာဆောင်ရွက်ရန် ဖြည့်စွက်အသိပေးထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**Coronavirus Disease 2019 (COVID–19)နှင့် စပ်လျဉ်း၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ လိုက်နာဆောင်ရွက်ရန် ဖြည့်စွက်အသိပေးထုတ်ပြန်ကြေညာခြင်း**

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၃ ရက်)

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19)အား ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြန်မာတစ်နိုင်ငံလုံးရှိစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီးမှသာ ဖွင့်လှစ်ကြရန်နှင့် ၂၀-၄-၂၀၂၀ ရက်မှ ၃၀-၄-၂၀၂၀ ရက်ကာလအတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ စစ်ဆေးမှုများကို ခံယူပြီး ယင်းအဖွဲ့များ၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့် ကိုက်ညီမှသာ ပြန်လည်ဖွင့်လှစ်ရန်ဖြစ်ကြောင်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ၁၉-၄-၂၀၂၀ ရက်နေ့တွင် အသိပေးထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ယင်းအသိပေးထုတ်ပြန်ကြေညာချက်ပါ စက်ရုံ၊ အလုပ်ရုံများနှင့် အလုပ်ဌာနများအနက် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ(Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19)ကို ကာကွယ်ထိန်းချုပ်နေသည့် ကာလအတွင်း အောက်ဖော်ပြပါလုပ်ငန်းများကို မရှိမဖြစ်လိုအပ်သည့်လုပ်ငန်းများ၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အများပြည်သူအတွက် လိုအပ်သော လုပ်ငန်းများအဖြစ် သတ်မှတ်လိုက်သည်-

(က) မရှိမဖြစ်လိုအပ်သည့်လုပ်ငန်းများ
- (၁) နိုင်ငံတော်ပိုင် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်း၊
- (၂) ရေပေးဝေရေးလုပ်ငန်း၊
- (၃) လျှပ်စစ်ဓာတ်အားနှင့် လောင်စာစွမ်းအင်ထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးသည့်လုပ်ငန်း၊
- (၄) မီးသတ်လုပ်ငန်း၊
- (၅) ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊
- (၆) ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ လုပ်ငန်း။

(ခ) အများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ
- (၁) သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရုံနှင့် ပွဲရုံလုပ်ငန်း၊
- (၂) ဆိပ်ကမ်းလုပ်ငန်း၊ ကုန်ပစ္စည်းပို့ဆောင်ရေးနှင့် ကုန်တင်ကုန်ချလုပ်ငန်း၊
- (၃) ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်း၊
- (၄) စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်း၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻

## ပင်လောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ပင်လောင်း မေ ၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ပင်လောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် စည်ပင်သာယာရေးဌာနတို့ ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက အထက(၁)နှင့် ပျံကျဈေးတို့တွင် ပြုလုပ်ခဲ့သည်။

**အသိပေးကြေညာ**

အထက(၁)တွင် ဖွင့်လှစ်ထားသော စောင့်ကြည့်ရေးစခန်း၌ ၂၁ ရက်တာကာလ စောင့်ကြပ်ကြည့်ရှုခြင်းပြုလုပ်ထားသည့် ပြည်ပနိုင်ငံများနှင့် ပြည်တွင်းမြို့နယ်အသီးသီးမှ နေရပ်သို့ ပြန်လာသော ပြည်သူ ၁၇ ဦးတို့အား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းဝေငှခြင်းလုပ်ငန်းနှင့် ပြည်သူ့အားကစားကွင်းတွင် ဖွင့်လှစ်ထားသည့် ပျံကျဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်သူများ လိုက်နာရမည့် စည်းကမ်းချက်များကို လက်ကိုင်စပီကာဖြင့် အသိပေးကြေညာခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## ပင်းတယ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရန် စက်ကြီးများဖြင့် ပိုးသတ်ဆေးဖျန်း

**ပင်းတယ မေ ၃**

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ လမ်းမကြီးတစ်လျှောက်နှင့် ရပ်ကွက်အတွင်းရှိ လမ်းများအား စက်ကြီးများဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ပင်းတယမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကော်မတီက တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်တို့က ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းမိသားစုက လှူဒါန်းထားသည့် High Pressure Fog Cannon နှင့် Diesel Generator ပါ ဆေးမှုတ်စက်ကြီးအပြင် မီးသတ်တပ်ဖွဲ့က မီးသတ်ယာဉ်ကြီးများဖြင့် မြို့ပေါ်ဘုန်းတော်ကြီးကျောင်း ၁၆ ကျောင်း၊ လမ်းမကြီးတစ်လျှောက်နှင့် မြို့ပေါ်ရပ်ကွက်များရှိလမ်းများကို ဆေးဖျန်းပေးခဲ့ကြသည်။

**ခင်မျိုးနွယ်(ပင်းတယ)**





**ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။



## ကြေးမုံ ယနေ့ ဖတ်စရာ


ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုက အရှေ့အလယ်ပိုင်းဒေသနှင့် မြောက်အာဖရိကမှ ကလေးငယ်များအား ကာကွယ်ဆေးတိုက်ကျွေးရေးအစီအစဉ်ကို အနှောင့်အယှက်ဖြစ်စေသည်ဟု ကုလသမဂ္ဂ ပြောကြား
စာမျက်နှာ » ၁၁

လာအိုနိုင်ငံ၌ ၂၁ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ထပ်မံတွေ့ရှိခြင်းမရှိ

စာမျက်နှာ » ၁၂

ကိုရိုနာဗိုင်းရပ်စ် ကုသဆေးနှင့် ကာကွယ်ဆေး သုတေသနအတွက် ငွေကြေးထောက်ပံ့ရန် အစီအစဉ်ကို ဥရောပခေါင်းဆောင်များက ထောက်ခံ
စာမျက်နှာ » ၁၃

မန်ယူကွင်းလယ်လူ ပေါ့ဘာကို ပေါင်သန်း ၇၀ နဲ့ ခေါ်ယူရန် ရီးယဲလ်မက်ဒရစ်အသင်း ပြင်ဆင်လျက်ရှိ

စာမျက်နှာ » ၂၇

# တရားမျှတမှုကို အားလုံးလက်လှမ်းမီရေးဆောင်ရွက်နေသည့် ပြည်ထောင်စုရှေ့နေချုပ်ရုံး

**—• တွေ့ဆုံမေးမြန်း - နိုင်လင်းကြည်၊ ဓာတ်ပုံ - သော်ဖုန်းခန့် •—**

ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ပြည်သူများ ဥပဒေ၏ကာကွယ်စောင့်ရှောက်မှုကို ရရှိခံစားနိုင်ရေး၊ တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်ရေးနှင့် တရားမျှတမှုကို အားလုံးလက်လှမ်းမီရေးတို့ကို အဓိကရည်မှန်းချက်အဖြစ်ထားရှိကာ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်နေမှုများအနက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည် -


ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး

**ဦးထွန်းထွန်းဦး (ပြည်ထောင်စုရှေ့နေချုပ်)**

**မေး။** ။ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ ရည်မှန်းချက်နဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်မှုတွေကို သိပါရစေခင်ဗျာ။

**ဖြေ။** ။ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အဓိက ရည်မှန်းချက်က အများပြည်သူအနေနဲ့ ဥပဒေရဲ့ ကာကွယ်စောင့်ရှောက်မှုကို ရရှိခံစားနိုင်ရေး၊ တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်ရေးနဲ့ တရားမျှတမှုကို အားလုံးလက်လှမ်းမီရေးတို့ ဖြစ်ပါတယ်။ စတုတ္ထ (၁)နှစ်တာကာလအတွင်း ဥပဒေပြုကဏ္ဍမှာ ဝန်ကြီးဌာနတွေက ပေးပို့လာတဲ့ ဥပဒေ ၁၃၀၊ နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်း ၂၉၆ ခုကို စိစစ်အကြံပြုပေးနိုင်ခဲ့ပါတယ်။

အစိုးရဌာနအဖွဲ့အစည်းတွေရဲ့ စာချုပ်စာတမ်းကိစ္စတွေ၊ ဥပဒေအကြံဉာဏ်တောင်းမှုတွေနဲ့စပ်လျဉ်းလို့ စာချုပ်စာတမ်း ၁၄၇၃ ခုနဲ့ အထွေထွေ ၅၄၀ ကို စိစစ်အကြံပြု ပြန်ကြားနိုင်ခဲ့ပါတယ်။ တရားစီရင်ရေးလုပ်ငန်းမှာ ရာဇဝတ်မှုတွေကို တရားမစွဲမီ ဥပဒေအကြံပေးခြင်းနဲ့ နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ကြီးဌာနတွေက ဥပဒေအကြံဉာဏ်တောင်းခံတဲ့ ရာဇဝတ်မှုနဲ့ တရားမမှုတွေကို အကြံပြုပြန်ကြားခဲ့ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ရာဇဝတ်မှု/တရားမမှုတွေနဲ့ပတ်သက်လို့ အယူခံမှု၊ ပြင်ဆင်မှုနဲ့ အထူးအယူခံမှုတွေကို လိုက်ပါဆောင်ရွက်ခဲ့ပါတယ်။

**မေး။** ။တရားမျှတမှုကဏ္ဍ တိုးတက်ကောင်းမွန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုတွေကို သိပါရစေ။

**ဖြေ။** ။တရားဥပဒေစိုးမိုးရေးဟာ ဒီမိုကရေစီစနစ်တစ်ခုအတွက် အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့က တရားဥပဒေစိုးမိုးရေးဌာနနဲ့ တရားမျှတမှုဆိုင်ရာလုပ်ငန်းတွေ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ၂၀၁၇ ခုနှစ်မှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ရဲ့ **“ပြည်သူ့အတွက် တရားမျှတမှု”** ဆိုတဲ့ မဟာဗျူဟာစီမံကိန်း ၂၀၁၉ - ၂၀၂၃ ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်နိုင်ခဲ့ပါတယ်။

ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နဲ့ တိုင်းဒေသကြီး/ပြည်နယ် အဖွဲ့ခွဲတွေဆီ တင်ပြစာ/တိုင်ကြားစာတွေပေးပို့လာတဲ့အတွက် ညှိနှိုင်းဆောင်ရွက်ပေးနိုင်တဲ့ အမှုပေါင်း ၁၇၉ မှုရှိပါတယ်။ အဖွဲ့ခွဲတွေက အသိပညာပေးဆွေးနွေးပွဲ ၃၄ ကြိမ်ခန့် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ “တရားဥပဒေစိုးမိုးရေးဆီသို့” ဆိုတဲ့ မဟာဗျူဟာစီမံကိန်းတစ်ရပ်ကို ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ၅ နှစ်စီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းကာလအတွင်း ဆောင်ရွက်မှုတွေကို ပြန်သုံးသပ်ပြီး ပိုမိုကောင်းမွန်တဲ့ ဥပဒေဝန်ဆောင်မှုတွေ ပေးနိုင်ရန် ဒုတိယ ၅ နှစ်စီမံကိန်း ၂၀၂၀ - ၂၀၂၄ ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။** ။တရားလွှတ်တော်ရှေ့နေများ ကောင်စီဥက္ကဋ္ဌ အနေနဲ့ ဆောင်ရွက်မှုတွေကို သိပါရစေ။

**ဖြေ။** ။တရားလွှတ်တော်ရှေ့နေများကောင်စီက တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားသူတွေကို စိစစ်ခြင်းနဲ့ တရားလွှတ်တော်ရှေ့နေတွေရဲ့ ကျင့်ဝတ်သိက္ခာဖောက်ဖျက်မှုတွေနဲ့ပတ်သက်ပြီး အရေးယူဆောင်ရွက်ဖို့ သင့်/မသင့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို သဘောထားပေးပို့ခြင်းတွေ အဓိကဆောင်ရွက်နေပါတယ်။ ပုံမှန်အစည်းအဝေးတွေ ကျင်းပဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၉ ဇွန်လမှာ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေပြဋ္ဌာန်းခဲ့ပါတယ်။ ဥပဒေသစ်အရ အဖွဲ့ဝင် ၁၅ ဦးအနက် ရွေးကောက်တင်မြှောက်ခံရတဲ့ တရားလွှတ်တော်ရှေ့နေ ၁၁ ဦး ပါဝင်မှာ ဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရွေးကောက်တင်မြှောက်ရမယ့် နည်းလမ်း၊ နည်းဥပဒေရေးဆွဲပြီး လွှတ်တော်ကို ပေးပို့တင်ပြထားပါတယ်။

ဇန်နဝါရီလကုန်မှာ ရှေ့နေများကောင်စီနဲ့ ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းပြီး လွှတ်တော်က လက်ခံဆွေးနွေးဖို့ အတည်ပြုထားပါတယ်။ လွှတ်တော်ရဲ့ ပြဋ္ဌာန်းချက်အပေါ်မူတည်ပြီး တရားလွှတ်တော်ရှေ့နေများကောင်စီကို ပြင်ဆင်ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။

**မေး။** ။ဥပဒေအသိပညာ ပြန့်ပွားရေးအတွက် ဆောင်ရွက်နေမှုတွေကို ပြောကြားပေးပါဦးခင်ဗျာ။

**ဖြေ။** ။ဥပဒေအသိပညာပြန့်ပွားရေးအတွက် ကျွန်တော်တို့ရုံးအနေနဲ့ နှစ်အလိုက် ဥပဒေစာအုပ်၊ နည်းဥပဒေစာအုပ်၊ ဘာသာပြန်ဥပဒေစာအုပ်၊ ဥပဒေလက်စွဲ၊ ဥပဒေရည်ညွှန်းစာစောင်၊ ဥပဒေပညာဂျာနယ်နဲ့ အခြားဥပဒေစာအုပ်စာတမ်းတွေ ပြုစုထုတ်ဝေလျက်ရှိပါတယ်။

ဒ့ါပြင် ဥပဒေတွေ၊ တစ်ဆင့်ခံ ဥပဒေတွေကို လွယ်ကူစွာရှာဖွေကြည့်ရှုနိုင်မယ့် မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ အများပြည်သူအနေနဲ့ တယ်လီဖုန်းကတစ်ဆင့် လွယ်ကူစွာ ရှာဖွေဖတ်ရှုနိုင်ပြီ ဖြစ်ပါတယ်။ MLIS Website ကို အရေအတွက် ၅၁၀၀၀၀ ကျော် ဝင်ရောက်ကြည့်ရှုခဲ့တာကို တွေ့ရပါတယ်။

အခြားဆောင်ရွက်ချက်က အရင်အင်္ဂလိပ်ဘာသာနဲ့ ပြဋ္ဌာန်းခဲ့တဲ့ တည်ဆဲဥပဒေတွေကို မြန်မာဘာသာပြန်ဆိုခြင်း ဖြစ်ပါတယ်။ ဥပဒေဘာသာပြန်ကော်မရှင်အနေနဲ့ ဘာသာပြန်ဆိုရမယ့် ဥပဒေ ၈၁ ခုရှိတဲ့အနက် ဥပဒေ ၂၀ ကို ဘာသာပြန်ဆိုကာ ဥပဒေစာအုပ်အမှတ်စဉ်(၆)အထိ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ နောက်ထပ် ဥပဒေလေးခုကို အမှတ်စဉ်(၇)အဖြစ် ထုတ်ဝေဖို့ စီစဉ်ထားပါတယ်။

**မေး။** ။လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်(ICOE)ရဲ့ အစီရင်ခံစာနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ ဆောင်ရွက်မှုတွေကို သိပါရစေ။

**ဖြေ။** ။ICOE အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံ ၂၀-၁-၂၀၂၀ ရက်မှာ တင်ပြခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရုံးက ၂၁-၁-၂၀၂၀ ရက်စွဲနဲ့ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုတွေ ဆက်လက်ပြုလုပ်သွားဖို့နဲ့ အထောက်အထားခိုင်လုံရင် တရားစွဲဆိုမှုတွေ ပြုလုပ်သွားဖို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ညွှန်ကြားခဲ့ပါတယ်။ ဒီလုပ်ငန်းတာဝန်တွေကို ဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်သမ္မတရုံးက ဇန်နဝါရီလ ၂၄ ရက်မှာ ပြည်ထောင်စုရှေ့နေချုပ်ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး အဖွဲ့ဝင် ၁၀ ဦးနဲ့ **“ရာဇဝတ်မှုဆိုင်ရာစုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ရေးအဖွဲ့”** ကို ဖွဲ့စည်းပေးခဲ့ပါတယ်။ အဖွဲ့ဝင်တွေထဲမှာ သက်ဆိုင်ရာဌာနတွေက ဒုတိယဝန်ကြီးတွေ၊ ဒုတိယစစ်ဥပဒေချုပ်၊ ညွှန်ကြားရေးမှူးချုပ်တွေနဲ့ ဒုတိယရဲချုပ်တို့ ပါဝင်ပါတယ်။ ပထမအကြိမ် အစည်းအဝေးကို ၁၄-၂-၂၀၂၀ ရက်မှာ ကျင်းပခဲ့ပြီး ဆောင်ရွက်မယ့် လုပ်ငန်းအစီအစဉ်တွေကို ဆွေးနွေးခဲ့ပါတယ်။

အထူးကဏ္ဍ [ ခ ] သို့ »»»


ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ၁၉-၁၂-၂၀၁၉ ရက်နေ့က ကျင်းပသည့် အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းစီမံချက်ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»»» အထူးကဏ္ဍ [ က ] မှ

အစီရင်ခံစာအရ တိုက်ခိုက်မှုဖြစ်စဉ်အတွင်း ရာဇဝတ်မှုတွေကို ARSA အကြမ်းဖက်အဖွဲ့ဝင်တွေနဲ့ ၎င်းတို့ရဲ့ အလိုတူ ပူးပေါင်းပါဝင်ခဲ့သူတွေ၊ လုံခြုံရေးတပ်ဖွဲ့တွေနဲ့ အရပ်သားတွေက ကျူးလွန်ခဲ့တဲ့နေရာဒေသ ၁၃ ခုမှာ အဓိကဖြစ်ပွားခဲ့တယ်လို့ တွေ့ရှိရပါတယ်။

ဒီဖြစ်စဉ် ၁၃ ခုမှာ ဖြစ်ပွားခဲ့တဲ့ ရာဇဝတ်မှုတွေအနက် ရဲတပ်ဖွဲ့က အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ဆဲအမှုတွေရှိသလို အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ထားခြင်း မရှိသေးတဲ့အမှုတွေလည်း ရှိပါတယ်။ ဒီအမှုတွေကို အသေးစိတ်စိစစ်ပြီး ဆက်လက်စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ဖြစ်စဉ်အတွင်း လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုတွေအပေါ် နိုင်ငံတကာရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်တွေနဲ့စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတရုံးက ၂၅-၁၁-၂၀၁၉ ရက်မှာ **"နိုင်ငံတကာရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာအထူးအဖွဲ့"** ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားပါတယ်။

**မေး။** ။ **Universal Periodic Review – UPR မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပါဝင်ဆောင်ရွက်နေမှုတွေကို ပြောပြပေးပါဦး။**

**ဖြေ။** ။ Universal Periodic Review – UPR ဟာ ကမ္ဘာ့နိုင်ငံအားလုံးရဲ့ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်တဲ့ လုပ်ငန်းစဉ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပထမအကြိမ်ကို ၂၀၁၁ ခုနှစ်နဲ့ ဒုတိယအကြိမ်ကို ၂၀၁၅ ခုနှစ်တို့မှာ တင်သွင်းခဲ့ပါတယ်။ ဒုတိယအကြိမ် သုံးသပ်မှုခံယူစဉ်က အဖွဲ့ဝင်နိုင်ငံပေါင်း ၉၃ နိုင်ငံက အကြံပြုတိုက်တွန်းချက် ၂၈၁ ချက်ကို လက်ခံရရှိခဲ့ပြီး အကြံပြုချက် ၁၆၆ ချက်ကို မြန်မာနိုင်ငံက လက်ခံခဲ့ပါတယ်။

လက်ခံခဲ့တဲ့အချက်တွေထဲမှ ဆောင်ရွက်ပြီးစီးမှုနဲ့ အကောင်အထည်ဖော်မှုတွေကို ပြည်ထောင်စုရှေ့နေချုပ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ စာတမ်းပြုစုရေးလုပ်ငန်းကော်မတီက အစည်းအဝေးတွေ ပြုလုပ်ပြီး တတိယမူကြမ်းကို အမျိုးသားအဆင့်ကော်မတီကို တင်ပြဖို့ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

**မေး။** ။ **ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း သိပါရစေ။**

**ဖြေ။** ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး အနေနဲ့ နိုင်ငံတော်ရဲ့ ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးကဏ္ဍတွေမှာ ဥပဒေအကြံဉာဏ်တွေ ပံ့ပိုးပေးနိုင်ခဲ့တဲ့အပြင် တရားစီရင်ရေးကဏ္ဍမှာ နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါဆောင်ရွက်ခြင်း၊ နစ်နာသူတွေအတွက် ဥပဒေအခွင့်အရေးရရှိစေဖို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ရုံးရဲ့ ရည်မှန်းချက်တစ်ရပ်အနေနဲ့ ပြည်သူ့ရှေ့ရှု ဥပဒေဝန်ဆောင်မှုစနစ်ပေါ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ၁၉-၁၁-၂၀၁၉ ရက်နေ့က ကျင်းပသည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ သတ္တမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ဦးဝင်းမြင့်(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

**မေး။** ။ **ပြည်ထောင်စုရှေ့နေချုပ်ရုံးက အစိုးရဝန်ကြီးဌာနတွေ ကနဦးရေးဆွဲတဲ့ ဥပဒေမူကြမ်းတွေရေးဆွဲရာမှာ ပြည့်စုံကောင်းမွန်လာဖို့ ဘယ်လိုဆောင်ရွက်ပေးနေတယ်ဆိုတာ သိပါရစေ။**

**ဖြေ။** ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဥပဒေအကြံဉာဏ်ပေးခြင်း တာဝန်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ၊ အစိုးရဌာနတွေနဲ့ အဖွဲ့အစည်းတွေ ကနဦးရေးဆွဲပြီး ပေးပို့တဲ့ ဥပဒေ(မူကြမ်း) တွေကို စိစစ်အကြံပြုပေးလျက်ရှိပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှာ ဦးစီးဌာန လေးခုရှိတဲ့အနက် ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာနက ဒီလုပ်ငန်းတာဝန်ကို ဆောင်ရွက်လျက်ရှိပါတယ်။

ပြဋ္ဌာန်းမယ့်ဥပဒေတစ်ရပ်ဟာ နိုင်ငံတော်ရဲ့ လက်ရှိချမှတ်ဆောင်ရွက်လျက်ရှိတဲ့ မူဝါဒတွေနဲ့ ညီညွတ်မှုရှိဖို့၊ နိုင်ငံတော်နဲ့ အများပြည်သူရဲ့ အကျိုးစီးပွားဖြစ်ထွန်းစေဖို့နဲ့ ကာကွယ်စောင့်ရှောက်နိုင်ဖို့၊ နိုင်ငံတော်က လက်ခံထားတဲ့ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းတွေ၊ ဒေသဆိုင်ရာ သဘောတူညီချက်တွေပါတဲ့ တာဝန်အရရေးဆွဲတဲ့ဥပဒေ(မူကြမ်း) ဖြစ်ပါက ဒီကွန်ဗင်းရှင်းဆိုင်ရာ သဘောတူညီချက်တွေနဲ့ လိုက်လျောညီထွေရှိစေဖို့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးခြင်းမရှိစေဖို့နဲ့ အများပြည်သူလက်ခံနိုင်တဲ့ ဥပဒေဖြစ်ဖို့စတဲ့ အချက်တွေကို အခြေခံပြီး စိစစ်ဆောင်ရွက်ရပါတယ်။

ဥပဒေတစ်ရပ်မှာ အကြောင်းအရာပိုင်းနဲ့ ရေးထုံးရေးနည်းပိုင်းဆိုတဲ့ အဓိကအပိုင်း (၂)ပိုင်း ရှိပါတယ်။ အကြောင်းအရာပိုင်း ပြည့်စုံမှန်ကန်မှုရှိဖို့ လိုသလို ဥပဒေရေးထုံးရေးနည်းပိုင်းမှာ စနစ်တကျရှိပြီး မှန်ကန်ဖို့လိုအပ်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဥပဒေ(မူကြမ်း) တစ်ခုအပေါ် အကြောင်းအရာပိုင်းနဲ့ ရေးထုံးရေးနည်းအပိုင်းပါ စိစစ်အကြံပြုပေးပါတယ်။

> **ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ နိုင်ငံတော်ရဲ့ ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးကဏ္ဍတွေမှာ ဥပဒေ အကြံဉာဏ်တွေ ပံ့ပိုးပေးနိုင်ခဲ့တဲ့အပြင် တရားစီရင်ရေးကဏ္ဍမှာ နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါ ဆောင်ရွက်ခြင်း၊ နစ်နာသူတွေအတွက် ဥပဒေအခွင့် အရေးရရှိစေဖို့ ဆောင်ရွက်ပေးနိုင်ခဲ့**

ရေးထုံးရေးနည်းနဲ့ ရေးသားချက် ချို့ယွင်းအားနည်းမှုကြောင့် ဥပဒေရဲ့အကြောင်းအရာပိုင်းမှာ အငြင်းပွားစရာ၊ ဝိဝါဒကွဲစရာတွေ ဖြစ်ပေါ်နိုင်တာကြောင့် ရေးထုံးရေးနည်းပိုင်း မှန်ကန်စေရန်မှာလည်း ဥပဒေတစ်ရပ်အတွက် အရေးကြီးပါတယ်။ ဥပဒေရေးထုံးရေးနည်း မှန်ကန်ရှင်းလင်းတိကျရေးဟာ ဥပဒေအကြံပေးခြင်းဖြင့် ဆောင်ရွက်နိုင်တဲ့ လုပ်ငန်းသဘာဝမဟုတ်ဘဲ လက်တွေ့ရေးသားခြင်းဖြင့်သာ ဆောင်ရွက်နိုင်တဲ့လုပ်ငန်းဖြစ်ပါတယ်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဥပဒေ(မူကြမ်း)တွေကို စိစစ်အကြံပြုတဲ့နေရာမှာ ဥပဒေ(မူကြမ်း)တွေသာမက နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းစတဲ့ တစ်ဆင့်ခံဥပဒေတွေရဲ့ မူကြမ်းတွေကို သက်ဆိုင်ရာ အစိုးရဌာနတွေနဲ့ အဖွဲ့အစည်းတွေကို စိစစ်အကြံပြုပေးနေပါတယ်။

၂၀၁၉ ခုနှစ် နိုဝင်ဘာလမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ ဥပဒေ(မူကြမ်း) ရေးဆွဲသူတွေအတွက် အထောက်အကူပြုနိုင်မယ့် **"ဥပဒေ(မူကြမ်း) ရေးဆွဲရေးလမ်းညွှန်"** (Legislative Drafting Guidance) စာအုပ်ကို ထုတ်ဝေနိုင်ခဲ့ပါတယ်။

**မေး။** ။ **မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေရတဲ့ အပိုင်းကို ရှင်းပြပေးပါဦး။**

**ဖြေ။** ။ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဒုတိယသမ္မတ ဦးမြင့်ဆွေက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး လုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားကော်မတီက လုပ်ငန်းကော်မတီ (၈)ရပ် ဖွဲ့စည်းထားရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ တစ်ခုလည်း အပါအဝင်ဖြစ်ပါတယ်။ ဥပဒေရေးရာလုပ်ငန်း ကော်မတီကို ဒုတိယရှေ့နေချုပ်က ဥက္ကဋ္ဌ၊ အစိုးရဌာနတွေ၊ အဖွဲ့အစည်းတွေနဲ့ အစိုးရဌာန မဟုတ်တဲ့ အဖွဲ့အစည်းတွေက ကိုယ်စားလှယ် စုစုပေါင်း ၃၆ ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ဥပဒေရေးရာလုပ်ငန်းကော်မတီရဲ့ အဓိကလုပ်ငန်းတာဝန်က ကလေးအလုပ်သမား ပပျောက်ရေးအတွက် ကလေးအလုပ်သမားနဲ့ သက်ဆိုင်တဲ့ဥပဒေတွေကို ပြင်ဆင်ခြင်း၊ ရေးဆွဲခြင်းပြုရာမှာ အမျိုးသားကော်မတီကို အကြံပြုတင်ပြခြင်းဖြစ်ပါတယ်။ အဓိကတာဝန်ကို ဆောင်ရွက်တဲ့နေရာမှာ ဆက်စပ်လုပ်ငန်းကော်မတီတွေ၊ အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ညှိနှိုင်းခြင်း၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ အစည်းအဝေးပြုလုပ်ခြင်းနဲ့ အသိပညာပေးခြင်း စတဲ့ နည်းလမ်းတွေနဲ့ ဆောင်ရွက်ရပါတယ်။

ဥပဒေရေးရာလုပ်ငန်းကော်မတီ အစည်းအဝေးကို (၃)ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ စတုတ္ထ (၁)နှစ်တာကာလအတွင်း ဇူလိုင်လမှာ တစ်ကြိမ်၊ အောက်တိုဘာလမှာ တစ်ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ ပထမအကြိမ်အစည်းအဝေးဆွေးနွေးမှုရလဒ်တွေအရ လုပ်ငန်းကော်မတီရဲ့ လုပ်ငန်းစီမံချက်ကို ရေးဆွဲနိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ် မေလမှာ အမျိုးသားကော်မတီထံ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒီစီမံချက်မှာ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့၊ သင်တန်းတွေ၊ ဆွေးနွေးပွဲတွေလုပ်ဖို့လည်း ထည့်သွင်းဖော်ပြထားပါတယ်။ ထိရောက်အောင်မြင်ဖို့အတွက် အခြားသက်ဆိုင်တဲ့ လုပ်ငန်းကော်မတီတွေ၊ ဌာနအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။** ။ **အာဆီယံနိုင်ငံ ဥပဒေပညာရှင်တွေအကြား ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဖို့ အာဆီယံဥပဒေပညာရှင်များအသင်း(ALA)မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပါဝင်ဆောင်ရွက်နေမှုတွေကို ရှင်းပြပေးပါဦး။**

**ဖြေ။** ။ အာဆီယံ ဥပဒေပညာရှင်များအသင်း (Asean Law Association – ALA)ကို ၁၉၇၉ ခုနှစ်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊

အထူးကဏ္ဍ [ ဂ ] သို့ »»»



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ၂-၈-၂၀၁၉ ရက်နေ့က ကျင်းပသည့် Universal Periodic Review–UPR အမျိုးသားအဆင့် အစီရင်ခံစာပြုစုခြင်းနှင့်စပ်လျဉ်း၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲတွင် မိန့်ခွန်းပြောကြားစဉ်။


ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်


အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦး


ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆွေဆွေအောင်


ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီသီမြင့်


ညွှန်ကြားရေးမှူးချုပ် ဒေါ်ဖြူမာဝေ

»»» အထူးကဏ္ဍ [ ခ ] မှ

ထိုင်းနဲ့ ဖိလစ်ပိုင်တို့က စတင်ဖွဲ့စည်းခဲ့ပါတယ်။

အာဆီယံနိုင်ငံတွေက ရှေ့နေတွေအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုရန်၊ ဒေသတွင်း စီးပွားရေး၊ လူမှုရေးနဲ့ ပတ်သက်တဲ့ဥပဒေတွေကို လေ့လာသုတေသနပြုရန်၊ ဥပဒေပညာဌာနတွေ၊ ရှေ့နေအဖွဲ့အစည်းတွေ၊ ဥပဒေ သုတေသနစင်တာတွေအကြား စီမံကိန်းတွေ ပူးပေါင်းဆောင်ရွက်ရန်၊ ဥပဒေစနစ်နဲ့ သတင်းအချက်အလက်တွေ ဖလှယ်နိုင်ရေးတို့အတွက် ဆွေးနွေးပွဲတွေ ကျင်းပရန်၊ အာဆီယံနိုင်ငံတွေအကြား ချုပ်ဆိုထားတဲ့ စာချုပ်တွေနဲ့စပ်လျဉ်းပြီး ဥပဒေရေးရာ အငြင်းပွားမှုတွေမှာ ခုံသမာဓိနဲ့ ဖြန်ဖြေခြင်း ဒါမှမဟုတ် ပဋိပက္ခရှောင်ရှားခြင်းတို့အတွက် ပူးပေါင်းဆောင်ရွက်ရာမှာ ALA က ကူညီဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံက ၂၀၁၂ ခုနှစ်မှာ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး အာဆီယံ ဥပဒေပညာရှင်များအသင်း(မြန်မာ)ကို ၂၀၁၃ ခုနှစ် ဇူလိုင်လမှာ ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ မြန်မာနိုင်ငံအဖွဲ့ဝင်ဖြစ်ပြီး နောက်ပိုင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးက မြန်မာ ကိုယ်စားလှယ် ဦးဆောင်ပြီး ALA အစည်းအဝေးတွေကို နှစ်စဉ်တက်ရောက် ပါဝင်ဆွေးနွေးနိုင်ခဲ့ပါတယ်။

ALA ဖွဲ့စည်းပုံစည်းမျဉ်းနဲ့အညီ မြန်မာနိုင်ငံက အမျိုးသားကော်မတီဖွဲ့စည်းရာမှာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြင်ပရှေ့နေအဖွဲ့အစည်း၊ ဥပဒေပညာဌာနမှ ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားပါတယ်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလမှာ အဖွဲ့ဝင်သစ်တွေနဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် ဧပြီလမှာ ကော်မတီကို ပြန်လည်ဖွဲ့စည်းပြီး ပထမအကြိမ် အစည်းအဝေးကို ကျင်းပနိုင်ခဲ့ပါတယ်။

အာဆီယံ ဥပဒေပညာရှင်များအသင်း(မြန်မာ)ကို ဖွဲ့စည်းပြီး အာဆီယံနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းက အနာဂတ်မှာ ဥပဒေအသိပညာတိုးတက်ရေးနဲ့ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုမြှင့်တင်လာနိုင်မယ့်အပြင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုနဲ့ တရားဥပဒေစိုးမိုးရေးကို များစွာအထောက်အကူပြုမှာဖြစ်မယ်လို့ ပြောကြားလိုပါတယ်။

**ဒေါက်တာသီတာဦး(အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

**မေး။ ။ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အနာဂတ်မှာ ဆောင်ရွက်သွားမယ့် အစီအစဉ်တွေကို ပြောပြပေးပါဦး။**

ဖြေ။ ။ပြည်ထောင်စုရှေ့နေချုပ်ရုံး အနေနဲ့ တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူတွေ တရားမျှတမှုရှိရေးဆိုတဲ့အချက်ကို အဓိကထားပြီး စဉ်းစားဆောင်ရွက်တဲ့အခါမှာ လုပ်ငန်းကိစ္စတွေကို အကောင်အထည်ဖော်နိုင်ဖို့ ပထမဆုံးမဟာဗျူဟာစီမံကိန်း ၂၀၁၅ – ၂၀၁၉ ကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ တရားဥပဒေစိုးမိုးရေးဆီသို့ (Moving forward to the Rule of Law)ဆိုတဲ့ ဆောင်ပုဒ်ချမှတ်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီမဟာဗျူဟာစီမံကိန်းကြီး ချမှတ်ဆောင်ရွက်စဉ်တုန်းက ပထမ အတွေ့အကြုံလည်းဖြစ်၊ ဗဟုသုတလည်းနည်းတဲ့အခါ စတင်တဲ့နေရာ(Baseline)ကို မသတ်မှတ်နိုင်ခဲ့ပါဘူး။

၂၀၁၉ ခုနှစ် မဟာဗျူဟာစီမံကိန်း ပြီးမြောက်သွားတဲ့အချိန် အကဲဖြတ်လေ့လာမှုတွေ ပြုလုပ်တဲ့အခါ မဟာဗျူဟာစီမံကိန်း ရေးဆွဲတဲ့အခါ မထင်မှတ်တဲ့၊ မမျှော်မှန်းထားတဲ့၊ အိပ်မက်လို့ ထင်ရတဲ့အချက်တွေတောင်မှ ပြည့်မီအောင်ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရပါတယ်။ အထူးအသိပေးပြောကြားချင်တာက Myanmar Law Information System(MLIS) က ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ ဝက်ဘ်ဆိုက်ကို ပြောတာ မဟုတ်ပါဘူး။ System တစ်ခုကို တည်ထောင်နိုင်ခဲ့ပါတယ်။ System ဆိုတာက ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတွေနဲ့ ပတ်သက်တဲ့ ဥပဒေအချက်အလက်တွေကို ပြည်သူတွေ မည်သူမဆို အင်္ဂလိပ်လိုရှာရှာ၊ မြန်မာလိုရှာရှာ လိုချင်တဲ့ ဥပဒေအချက်အလက်တွေ အကုန်ထွက်လာတဲ့ System ကြီးတစ်ခုပါ။ ဒါ အောင်မြင်တဲ့ ရလဒ်တစ်ခုလို့ ပြောလို့ရပါတယ်။ မဟာဗျူဟာစီမံကိန်း ၂၀၁၅ – ၂၀၁၉ မှာ ဥပဒေရေးဆွဲခြင်းလက်စွဲစာအုပ်၊ စီးပွားရေးစာချုပ်စာတမ်းနဲ့ ပတ်သက်တဲ့ ဖက်စပ်စာချုပ်၊ မြေငှားစာချုပ်တို့နဲ့ပတ်သက်တဲ့ လမ်းညွှန်စာအုပ်၊ မျှတတဲ့ တရားစီရင်ရေးဆိုင်ရာ စံနှုန်း၊ ဒါတွေဟာ Rule of Law နဲ့ ဆက်စပ်နေတယ်။ ဥပဒေအရာရှိတွေရဲ့ ကျင့်ဝတ်ကို ထုတ်ဝေနိုင်ခဲ့တယ်။ ကျွန်မတို့ဆီမှာ သုတေသနအသင်း တစ်ခုရှိပါတယ်။ Research Team အတွက် TOR ဆွဲနိုင်ခဲ့တယ်။ ဥပဒေအကြံအဉာဏ်ပေးတဲ့ အရည်အသွေး ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့တယ်။ ဒီမဟာဗျူဟာစီမံကိန်း ပထမနှစ်ကို ချမှတ်ပြီး အနာဂတ် အလားအလာအတွက် ဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ရေးဆွဲနေတဲ့ မဟာဗျူဟာစီမံကိန်းနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

ဖြေ။ ။ပထမစီမံကိန်းက ၂၀၁၉ ခုနှစ်မှာပြီးသွားပါပြီ။ ၂၀၂၀ – ၂၀၂၄ ကို မဟာဗျူဟာ စီမံကိန်းအသစ်အောက်မှာ ရေးဆွဲနေပါတယ်။ မကြာခင်မှာ ထုတ်လွှင့်နိုင်မှာ ဖြစ်ပါတယ်။ ဒုတိယမြောက် စီမံကိန်းကို ပြီးခဲ့တဲ့မဟာဗျူဟာစီမံကိန်းရဲ့ အောင်မြင်မှုရလဒ်တွေ၊ အတွေ့အကြုံ၊ သင်ခန်းစာတွေ၊ တစ်ဦးချင်းစီရဲ့ အကဲဖြတ်ချက်တွေကို အခြေခံပြီး ရေးဆွဲနေတာဖြစ်ပါတယ်။ အဓိက ရည်မှန်းချက်က အုပ်ချုပ်ရေးနဲ့ လုပ်ငန်းလည်ပတ်မှုတွေ ကောင်းမွန်အောင်နဲ့ ပိုမိုပြီး အရည်အသွေးပြည့်ဝတဲ့ ဥပဒေအကြံဉာဏ်တွေ ပေးဖို့၊ တရားစွဲနဲ့ အမှုလိုက်ဌာနတွေရဲ့ လုပ်ငန်းတွေ ပိုမိုကောင်းမွန်ဖို့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့လုပ်ငန်းတွေကို အများပြည်သူတွေ ပိုပြီးယုံကြည်ကိုးစားဖို့၊ တရားမျှတမှုကဏ္ဍတွေ ပြုပြင်ပြောင်းလဲတဲ့ကိစ္စမှာ အဓိကအခန်းကဏ္ဍကနေ ပါဝင်ဖို့ဆိုတဲ့ ရည်မှန်းချက် ၅ ရပ်နဲ့ ရေးဆွဲလျက်ရှိပါတယ်။

**မေး။ ။ဝန်ထမ်းတွေရဲ့ အရည်အသွေးမြင့်မားအောင် ဆောင်ရွက်နေမှုကို ပြောပြပေးပါဦး။**

ဖြေ။ ။ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ လုပ်ငန်းတွေ ထိရောက်အောင်မြင်ဖို့အတွက် ဝန်ထမ်းတွေရဲ့ အရည်အသွေးနဲ့ အရည်အချင်းမြင့်မားမှုက အရေးကြီးတာကြောင့် ဝန်ထမ်းတွေအတွက် သင်တန်းတွေ အမျိုးမျိုး ပေးနေပါတယ်။ ဥပဒေအရာရှိအဆင့် – ၄ ဝင်ပေါက်သင်တန်း၊ မွမ်းမံသင်တန်းတွေ၊ ဥပဒေရေးဆွဲတဲ့ ဘာသာရပ်ဆိုင်ရာ၊ စာချုပ်စာတမ်းစိစစ်တဲ့ ဘာသာရပ်ဆိုင်ရာ၊ ဥပဒေဘာသာပြန်စတဲ့ ဘာသာရပ်ဆိုင်ရာ သင်တန်းတွေ အမျိုးမျိုးပေးနေတဲ့ လေ့ကျင့်ရေးနှင့် သုတေသနဌာနဆိုတာ ရှိပါတယ်။

ဒုတိယမြောက် မဟာဗျူဟာစီမံကိန်းမှာ လေ့ကျင့်ရေးနှင့် သုတေသနဌာနက အရေးကြီးတဲ့အတွက် ကျယ်ပြန့်စွာဆောင်ရွက်ဖို့ စီစဉ်နေပါတယ်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးဖို့ ဌာနသစ်တစ်ခုဖွဲ့စည်းဖို့ရာ မဟာဗျူဟာ စီမံကိန်းအသစ်အောက်မှာ ရေးဆွဲနေပါတယ်။ နောက်တစ်ခုက သင်တန်းဆရာကောင်းတွေ မွေးထုတ်ဖို့၊ သင်တန်းနဲ့ပတ်သက်ပြီး ကောင်းမွန်တဲ့ သင်တန်းနည်းစနစ်တွေ လုပ်ပေးဖို့နဲ့ သင်ရိုးညွှန်းတမ်းတွေ ပြင်ဆင်ဖို့ဆောင်ရွက်နေပါတယ်။

**ဒေါက်တာဆွေဆွေအောင်(ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန)**

**မေး။ ။ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို ရှင်းပြပေးပါဦး။**

ဖြေ။ ။ဥပဒေများ စိစစ်အကြံပြုရေးဦးစီးဌာနမှာ ဥပဒေများ စိစစ်အကြံပြုရေးဌာနခွဲ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ စိစစ်အကြံပြုရေးဌာနခွဲ၊ ဥပဒေဘာသာပြန်ဌာနခွဲနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဌာနခွဲဆိုပြီး ဌာနခွဲ ၄ ခုရှိပါတယ်။ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဦးစီးဌာနအနေနဲ့ အစိုးရဌာနတွေနဲ့ အဖွဲ့အစည်းတွေရဲ့ ဥပဒေမူကြမ်းတွေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း စတဲ့တစ်ဆင့်ခံ ဥပဒေမူကြမ်းတွေကို စိစစ်အကြံပြုပြန်ကြားပေးနိုင်ခဲ့ပါတယ်။ ဒါ့ပြင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေတွေကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း၊ တစ်ဆင့်ခံဥပဒေတွေ၊ အပြည်ပြည်ဆိုင်ရာစာချုပ်၊ နှစ်နိုင်ငံသဘောတူစာချုပ်တွေရဲ့ ဘာသာပြန်ဆိုချက်တွေပါ ဥပဒေအသုံးအနှုန်း ဝေါဟာရမှန်ကန်ခြင်း ရှိ/မရှိ စိစစ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့သက်ဆိုင်တဲ့ ကိစ္စရပ်တွေအပေါ် အစိုးရဌာနတွေနဲ့ အဖွဲ့အစည်းတွေထံ အကြံပြုပြန်ကြားခြင်း၊ လွှတ်တော်မေးခွန်းနဲ့ အဆိုတွေကို ပေါင်းစပ်ဖြေကြားခြင်း စတဲ့ ကိစ္စရပ်တွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါ့ပြင် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး အတွင်းရေးမှူးအဖြစ် ဆောင်ရွက်တဲ့ ဥပဒေဘာသာပြန်ကော်မရှင်ရဲ့ အရင်က အင်္ဂလိပ်ဘာသာနဲ့ ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေကို မြန်မာဘာသာသို့ ပြန်ဆိုခြင်းတာဝန်တွေကို ဆောင်ရွက်ခဲ့ရာမှာ စတုတ္ထ (၁) နှစ်တာကာလအတွင်း ကော်မရှင်အစည်းအဝေး ၃ ကြိမ် ကျင်းပနိုင်ခဲ့ပြီး ဥပဒေ ၂၄ ခုကို တရားဝင်ဘာသာပြန်ဆိုပြီး စာအုပ်အမှတ် (၁)မှ (၆) အထိ ထုတ်ဝေနိုင်ခဲ့ပြီဖြစ်ပါတယ်။

စတုတ္ထ (၁)နှစ်တာကာလအတွင်း သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ၊ အစိုးရဌာနတွေနဲ့ အဖွဲ့အစည်းတွေက လုပ်ငန်းတာဝန်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ လိုအပ်တဲ့ ဥပဒေမူကြမ်းတွေနဲ့ တစ်ဆင့်ခံဥပဒေမူကြမ်းတွေကို စိစစ်ရေးဆွဲရာမှာ အထောက်အကူပြုနိုင်စေဖို့ ရည်ရွယ်ပြီး ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန်စာအုပ်ကို UNDP အကူအညီနဲ့ ရေးဆွဲပြုစုပြီး စာအုပ်ဖြန့်ဝေနိုင်ခဲ့ပါတယ်။

ဌာနရဲ့ ဥပဒေဘာသာပြန်ဆိုခြင်းတာဝန်ကို ထိရောက်စွာဆောင်ရွက်နိုင်ဖို့နဲ့ အရာရှိတွေရဲ့ ဘာသာပြန်စွမ်းရည်တိုးတက်စေဖို့ ဥပဒေဘာသာပြန်ဆိုခြင်းသင်တန်းကို EU အကူအညီနဲ့ British Council ရဲ့ My Justice Programme အောက်မှာ သင်တန်း ၂ ကြိမ် ဖွင့်လှစ်ခဲ့ပါတယ်။ ဒီသင်တန်းကနေရရှိတဲ့ အတွေ့အကြုံ၊ ဗဟုသုတတွေကို စုစည်းပြီး Translation Guide Book ထုတ်ဝေဖို့ ဆောင်ရွက်နေပါတယ်။

၂၀၁၆ ခုနှစ်မှာ အတည်ပြုထုတ်ပြန်ခဲ့တဲ့ အမျိုးသားမြေအသုံးချမှု မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ အမျိုးသားမြေအသုံးချမှုကောင်စီက ၂၀၁၉ ခုနှစ် ဩဂုတ်လမှာ ဖွဲ့စည်းခဲ့တဲ့ အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေတွေ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီမှာ ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ကျွန်မက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါတယ်။


ဒီလုပ်ငန်းကော်မတီက အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနဲ့ စပ်လျဉ်းတဲ့ လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ဖို့ အလုပ်ရုံဆွေးနွေးပွဲ ၂ ကြိမ် ကျင်းပခဲ့ပြီး သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ အစိုးရဌာနတွေနဲ့ အဖွဲ့အစည်းတွေက တာဝန်ရှိသူတွေ၊ တောင်သူလယ်သမားကိုယ်စားလှယ်တွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေကို ဖိတ်ကြားဆွေးနွေးခဲ့ပါတယ်။

ဒီအလုပ်ရုံဆွေးနွေးပွဲတွေရဲ့ ရလဒ်တွေကို အခြေခံပြီး အချောသတ်လုပ်ငန်းစီမံချက်ရရှိရေး ဆက်လက်ဆောင်ရွက်နေပါတယ်။ အများပြည်သူကို ချပြပြီး အကြံဉာဏ်ရယူတာတွေကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာသီသီမြင့် (ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန)**

**မေး။ ။ဥပဒေအကြံဉာဏ်ပေးရေး ဦးစီးဌာနရဲ့ လုပ်ငန်းတာဝန်တွေနဲ့ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဥပဒေအကြံဉာဏ်ပေးရာမှာ ထူးခြားတဲ့ကိစ္စရပ်တွေကို သိရှိပါရစေ။**

ဖြေ။ ။ကျွန်မတာဝန်ယူတဲ့ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာနမှာ ဌာနခွဲ ၃ ခုရှိပြီး







စတုတ္ထတစ်နှစ်တာကာလအတွင်း ဥပဒေဘာသာပြန်ကော်မရှင်မှ ထုတ်ဝေခဲ့သည့် စာအုပ်များကို တွေ့ရစဉ်။

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ၈ ] မှ



ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ကျွန်မတို့ ဌာနအနေနဲ့ အစိုးရဌာနတွေနဲ့ အဖွဲ့အစည်းတွေထံ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံ ဥပဒေရေးရာကိစ္စရပ်တွေ၊ စီးပွားရေးဆိုင်ရာစာချုပ်စာတမ်းကိစ္စရပ်တွေ၊ တရားစွဲ၊ အမှုလိုက်နဲ့ သက်ဆိုင်ခြင်းမရှိတဲ့ အထွေထွေ ဥပဒေရေးရာကိစ္စရပ်တွေအပေါ် ဥပဒေအကြံဉာဏ်ပေးခြင်းတွေကို ဆောင်ရွက်နေပါတယ်။

စတုတ္ထ (၁) နှစ်တာကာလအတွင်း ထူးခြားတဲ့ ဥပဒေအကြံဉာဏ်ပေးရေးကိစ္စရပ်က မြန်မာနိုင်ငံက စာချုပ်ဝင်ဖြစ်တဲ့ ကုလသမဂ္ဂ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ သဘောတူစာချုပ်(International Covenant on Economic, Social and Cultural Rights (ICESCR)နဲ့ ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(UN Convention on the Rights of Persons with Disabilities (UNCRPD) တွေအရ မြန်မာနိုင်ငံရဲ့ အကောင်အထည်ဖော်ဆောင်ရွက်မှုတွေကို သက်ဆိုင်ရာ ကော်မတီတွေထံ တင်သွင်းရမယ့် အမျိုးသားအဆင့် အစီရင်ခံစာတွေအတွက် အချက်အလက်ပြုစုပေးပို့ခြင်းနဲ့ သဘောထားမှတ်ချက်ပြန်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရပါတယ်။

မြန်မာနိုင်ငံရဲ့ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်တွေအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနဲ့ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုတွေကို ကာကွယ်တားဆီးရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ပြုစုရာမှာ အချက်အလက်ပေးပို့ခြင်းနဲ့ သဘောထားမှတ်ချက် ပြန်ကြားပေးခြင်းတွေကို ပြုလုပ်ပေးခဲ့ပါတယ်။

ကျွန်မတို့ စိစစ်ရတဲ့ စာချုပ်တွေထဲမှာ ကျွမ်းကျင်သူပညာရှင် ငှားရမ်းတဲ့စာချုပ် (Consultant Contract)တွေအပေါ် ဥပဒေရေးရာ သဘောထားမှတ်ချက်တွေ ပြန်ကြားပေးတာမျိုးလည်း ပါဝင်ပါတယ်။ ဒီနှစ် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေ ထိန်းသိမ်းဖို့အတွက် ပြည်ပပညာရှင်တွေ ငှားရမ်းတဲ့ကိစ္စမှာ ပုဂံဒေသရှိ နံရံဆေးရေးပန်းချီတွေပျက်စီးမှုကို ပြုပြင်ထိန်းသိမ်းဖို့ ဂွါတီမာလာနိုင်ငံမှ နံရံဆေးရေး ပန်းချီပညာရှင် ငှားရမ်းခြင်းနဲ့ ပုဂံဒေသဆိုင်ရာ အစီအစဉ်ပြင်ဆင်ရေးဆွဲခြင်း လုပ်ငန်းတွေအတွက် ယူနက်စကို အကြံပေးပညာရှင် ငှားရမ်းခြင်း၊ မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရာမှာ လိုအပ်တဲ့စာတွဲဖိုင် (Nomination Dossier) ရေးသားပြုစုခြင်းဆောင်ရွက်ဖို့ ယူနက်စကိုက ကျွမ်းကျင်ပညာရှင် ငှားရမ်းခြင်းစာချုပ်တို့ကို စိစစ်အကြံပြုပေးခဲ့ပါတယ်။

ဒါ့ပြင် မြန်မာနိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေဖြစ်တဲ့ ထားဝယ်အထူးစီးပွားရေးဇုန်နဲ့စပ်လျဉ်းပြီး ကနဦး စက်မှုနယ်မြေစီမံကိန်းအတွက် မြေငှားစာချုပ်နဲ့ ဆက်စပ်စာချုပ် မူကြမ်းတွေအပေါ် ဥပဒေရေးရာအကြံပြုချက်တွေပေးခဲ့တဲ့အပြင် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနဲ့ CITIC Consortium တို့ နှစ်ဖက် သဘောတူလက်မှတ်ရေးထိုးချုပ်ဆိုမယ့် Concession Agreement (မူကြမ်း) နဲ့ Shareholders' Agreement (မူကြမ်း) တို့အပေါ် သဘောထားမှတ်ချက်တွေ ပြန်ကြားပေးခဲ့ရပါတယ်။

**မေး။ ။တိုင်းဒေသကြီး/ပြည်နယ်တွေကို ဥပဒေရေးရာ အကြံပေးတဲ့လုပ်ငန်းတွေ ဆောင်ရွက်နေမှုတွေကို သိပါရစေခင်ဗျာ။**

**ဖြေ။** ။ပြည်ထောင်စုရှေ့နေချုပ်ရုံး အနေနဲ့ ဥပဒေအရာရှိတွေအတွက် ဖက်စပ်စာချုပ်နဲ့ မြေငှားရမ်းခြင်းစာချုပ်စိစစ်ရာမှာ အဆင်ပြေချောမွေ့စေဖို့ ဖက်စပ်စာချုပ်နဲ့ မြေငှားရမ်းခြင်းစာချုပ်တွေ စိစစ်ခြင်းဆိုင်ရာ လမ်းညွှန်စာအုပ်ကို လက်တွေ့အသုံးချတဲ့နေရာမှာ လွယ်ကူစေဖို့အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)နဲ့ ပူးပေါင်းပြီး ဆွေးနွေးပွဲတွေနဲ့ သင်တန်းတွေကို ပြည်နယ်နဲ့ တိုင်းဒေသကြီး ၁၁ ခုမှာ ကျင်းပခဲ့ပါတယ်။

အလားတူ JICA နဲ့ ပူးပေါင်းပြီး Contract Manual Guideline ကို ပြုစုထုတ်ဝေဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ပြင် လုပ်ငန်းအပ်နှံခြင်းနဲ့ ပစ္စည်းဝယ်ယူရေးစာချုပ်တွေကို ဥပဒေအကြံဉာဏ်ပေးရာမှာ စာချုပ်ပုံစံတွေ စနစ်တကျဖြစ်စေဖို့နဲ့ တစ်ပြေးညီဖြစ်စေဖို့အတွက် ဥပဒေအကြံဉာဏ်ပေးခြင်းဆိုင်ရာ ညွှန်ကြားချက်အမှတ်(၁/၂၀၁၉)နဲ့ (၂/၂၀၁၉) တို့ကို ထုတ်ပြန်ခဲ့ပြီး တိုင်းဒေသကြီး / ပြည်နယ် ဥပဒေချုပ်ရုံးတွေနဲ့ ဝန်ကြီးဌာနတွေကို ဖြန့်ဝေခဲ့ပါတယ်။

**မေး။ ။ဖြည့်စွက် ပြောကြားလိုတာရှိရင်လည်း သိပါရစေ။**

**ဖြေ။** ။ပြည်ထောင်စုရှေ့နေချုပ်ရုံး အနေနဲ့ အစိုးရဌာနတွေ၊ အဖွဲ့အစည်းတွေနဲ့ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူတွေ၊ ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေအကြားချုပ်ဆိုတဲ့ စီးပွားရေး စာချုပ်စာတမ်းတွေအပေါ် နိုင်ငံတော်နဲ့ ရင်းနှီးမြှုပ်နှံသူနှစ်ဦးနှစ်ဖက် နစ်နာမှုမရှိစေဖို့ တည်ဆဲဥပဒေတွေနဲ့အညီ စိစစ်သုံးသပ်အကြံပြု ပြန်ကြားပေးလျက်ရှိပါတယ်။ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာနမှာရှိတဲ့ ဥပဒေအရာရှိတွေကို ဘာသာရပ်ဆိုင်ရာ သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ တက်ရောက်လေ့လာသင်ယူစေပြီး ဥပဒေကြောင်းအရ ကောင်းမွန်တဲ့အကြံပြုချက်တွေ ပေးနိုင်ဖို့ အထူးကြိုးစား ဆောင်ရွက်နေပါတယ်။

**ဒေါ်ဖြူမာဝေ(ညွှန်ကြားရေးမှူးချုပ်၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန)**

**မေး။ ။စတုတ္ထ (၁)နှစ်တာကာလအတွင်း တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနရဲ့ ဆောင်ရွက်ချက်တွေကို သိပါရစေ။**

**ဖြေ။** ။စတုတ္ထ (၁) နှစ်တာကာလအတွင်း ကျွန်မတို့ဌာနက ဝန်ကြီးဌာနတွေကို ဥပဒေအကြံဉာဏ်ပေးခြင်း၊ တရားစွဲအဖွဲ့အစည်းတွေထံ တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံဉာဏ်ပေးခြင်းကို ဆောင်ရွက်ရပါတယ်။ ဥပဒေရုံးအဆင့်ဆင့်ရဲ့ ဥပဒေအကြံပြုချက်တွေအပေါ် စိစစ်ပြင်ဆင်ခြင်း၊ တင်ပြတိုင်တန်းစာတွေအပေါ် စိစစ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။

ရာဇဝတ်မှုဆိုင်ရာ အမှုတွေကို လိုက်ပါဆောင်ရွက်ခြင်း၊ တရားရုံး အဆင့်ဆင့်ကနေ ချမှတ်တဲ့ အမိန့်တွေက ဥပဒေနဲ့ ညီညွတ်မှုမရှိကြောင်း၊ ပြစ်မှုပြစ်ဒဏ် မျှတမှုမရှိကြောင်းတွေ့ရှိရင် အယူခံမှု၊ ပြင်ဆင်မှုတွေ တင်သွင်းဆောင်ရွက်ရပါတယ်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနဲ့ အစိုးရဌာနတွေနဲ့ အဖွဲ့အစည်းတွေအတွက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှာ စာချွန်တော်လျှောက်ထားလွှာ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတို့မှာ နိုင်ငံတော်ကိုယ်စား လျှောက်လဲချက်တင်သွင်းရပါတယ်။ နိုင်ငံတော်ပါဝင်တဲ့ တရားမမှုတွေနဲ့ စပ်လျဉ်းပြီး ဝန်ကြီးဌာနတွေကို ဥပဒေအကြံဉာဏ်ပေးခြင်း၊ တရားမမူလမှု၊ အယူခံမှု၊ အထွေထွေလျှောက်ထားမှု၊ တရားမ အထူးအယူခံမှုတွေကို လိုက်ပါဆောင်ရွက်ရပါတယ်။

**မေး။ ။တရားစွဲဆိုရေးကဏ္ဍကို ပြည်သူတွေ ယုံကြည်ကိုးစားမှု ရှိလာစေဖို့ တရားမျှတမှုနဲ့ စပ်လျဉ်းပြီး ဆောင်ရွက်နေမှုတွေကို သိပါရစေ။**

**ဖြေ။** ။မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းများစာအုပ်ကို ထုတ်ဝေခဲ့ပြီး စတုတ္ထ (၁)နှစ်တာကာလအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးရှိ ဥပဒေချုပ်ရုံးတွေမှာ UNDP က တာဝန်ရှိသူတွေနဲ့ ပူးပေါင်းပြီး ဥပဒေအရာရှိတွေ၊ တရားစွဲအဖွဲ့အစည်းတွေ၊ အစိုးရဌာနတွေ၊ အစိုးရအဖွဲ့အစည်းတွေနဲ့ အစိုးရ မဟုတ်တဲ့ အဖွဲ့အစည်းတွေက တာဝန်ရှိသူတွေကို ရှင်းလင်းမိတ်ဆက်ပွဲတွေ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။

**မေး။ ။အမှုတွေ မှန်ကန်မြန်ဆန်ရေးအတွက် ဆောင်ရွက်နေမှုကို သိပါရစေခင်ဗျာ။**

**ဖြေ။** ။အမှုတွဲစီမံခန့်ခွဲခြင်း(Case Manage-ment)နဲ့ စာရွက်စာတမ်းစီမံခန့်ခွဲခြင်း (Document Management) စနစ်သစ်ကို USAID ရဲ့ ကူညီပံ့ပိုးမှုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့ပြင် ရှေ့ပြေးဥပဒေရုံး (Pilot Law Office) ၈ ရုံးကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး အမှုတွေ မှန်ကန်မြန်ဆန်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး။ ။တရားစွဲဆိုရေးလုပ်ငန်းစဉ်မှာ ထူးခြားတဲ့ ဆောင်ရွက်ချက်တွေရှိရင်လည်း သိပါရစေ။**

**ဖြေ။** ။ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ မဟာဗျူဟာစီမံကိန်းအရ နစ်နာသူနဲ့ မျက်မြင်သက်သေတွေကို ကြိုတင်တွေ့ဆုံ မေးမြန်းခြင်းအတွက် ဥပဒေအရာရှိတွေ လိုက်နာရမယ့် အခြေခံမူတွေနဲ့ လမ်းညွှန်ချက်တွေ ထုတ်ပြန်နိုင်ဖို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး။ ။ဥပဒေအရာရှိတွေ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနဲ့ တရားစွဲအဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်နေမှုကို ပြောပြပေးပါဦး။**

**ဖြေ။** ။နိုင်ငံဖြတ်ကျော်မှုခင်းတွေနဲ့စပ်လျဉ်းပြီး Special Prosecution Unit ကို တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နဲ့ ဥပဒေအရာရှိ ၂၄ ဦးပါဝင်တဲ့အဖွဲ့ကို ဖွဲ့စည်းပြီး အလုပ်ရုံဆွေးနွေးပွဲ ၇ ကြိမ်ကျင်းပကာ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ၊ တရားသူကြီးတွေ၊ ဥပဒေအရာရှိတွေနဲ့ ရဲအရာရှိတွေကို စွမ်းရည်မြှင့်တင်နိုင်ခဲ့ပါတယ်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိတွေဟာ တရားဥပဒေစိုးမိုးရေး အခြေခံမူတွေ၊ မျှတတဲ့တရားစီရင်ရေးဆိုင်ရာ စံနှုန်းတွေနဲ့အညီ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်လျက်ရှိပါတယ်။

■



ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တောင်ငူတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာစဉ်။